မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ၊ အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးမွေးမြူခြင်းသည် မြတ်သောမင်္ဂလာမည်၏ ။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၁၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများ ကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအား သည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘယ်လ်ဂျီယံနိုင်ငံမှ Support Fund Myanmar ဥက္ကဋ္ဌအားလက်ခံတွေ့ဆုံ

ရန်ကုန်   ဇန်နဝါရီ   ၂၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘယ်လ်ဂျီယံနိုင်ငံမှ Support Fund Myanmar ဥက္ကဋ္ဌ Mrs. Yve Callebaut အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဘယ်လ်ဂျီယံနိုင်ငံမှ Support Fund Myanmar ဥက္ကဋ္ဌ Mrs. Yve Callebaut နှင့်အတူ Wood Land Group of Companies ဥက္ကဋ္ဌ ဦးဝင်းအောင်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် နည်းပညာသည်အဓိကကျသောအခန်းကပါဝင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် ပြည်သူလူထုအပေါ် အကျိုးသက်ရောက်လျက်ရှိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သူများ လွယ်ကူစေရန် e-Visa ကို အင်တာနက်ပေါ်မှရယူနိုင်တော့မည်

ရန်ကုန်   ဇန်နဝါရီ   ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာနိုင်ငံ ကွန်ပျူတာနည်းပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ တတိယအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ ပြပွဲတွင် ပြသထားသော ပြခန်းများ ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာအသုံးချနိုင်ရေး ဖြည့်ဆည်းပေးမည့် မြန်မာအိုင်စီတီရက်သတ္တပတ် လှုပ်ရှားမှု ပြပွဲကြီး

ယနေ့အချိန်အခါတွင် နိုင်ငံတကာ၌ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ ဦးဆောင်ပြီး သိပ္ပံနှင့် နည်းပညာရပ်များ၏ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေမှုကြောင့် ကမ္ဘာ့နိုင်ငံ အသီးသီးသည်လည်း တစ်ဆက်တစ်စပ်တည်း ပေါင်းစည်းယှက်နွယ် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။

စက္ကန့်ပိုင်းအတွင်း၌ပင် ကမ္ဘာ့တစ်ဖက်စွန်းမှ သတင်းအချက်အလက်များသည် အခြားတစ်ဖက်စွန်းသို့ ရောက်ရှိသွားနိုင်သည်အထိ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲ ဖြစ်ထွန်းလျက်ရှိသည်။

ယင်းသို့ သတင်းနှင့်နည်းပညာရပ်များကို အခြေခံပြီး လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် ကြွင်းကျန်ရစ်မနေစေရေးအတွက် နိုင်ငံတကာ၌ တွင်ကျယ်ထွန်းကားနေသည့် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရရှိဖြစ်ထွန်းနေစေရန် နိုင်ငံတော်က စနစ်တကျ စီမံချမှတ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အတွင်း သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းမှု၊ မျိုးဆက်သစ် လူငယ်များ အပါအဝင် မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာရပ်ဆိုင်ရာ ပညာရှင်များ၊ လုပ်ငန်းရှင်များ၏ ထက်မြက်ထူးချွန်သော တီထွင်ကြံဆတိုးတက်ဖြစ်ထွန်းမှုများ ထင်ရှားပေါ်လွင်စေရန်လည်းကောင်း၊ ယနေ့ကမ္ဘာပေါ်တွင် မည်သို့ဖြစ်ပျက်နေသည်၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာကို မည်သည့်နေရာတွင် သုံးနိုင်သည်၊ တစ်နှစ်တစ်ခါ စက်မှုလုပ်ငန်းတိုးတက်အောင် မည်သို့လုပ်နေသည်၊ မည်သို့ဖြစ်ပေါ်ပြောင်းလဲနေသည်၊ ကမ္ဘာပေါ်တွင် နောက်ဆုံးမည်သို့ဖြစ်ပျက်နေသည် ဆိုသည်တို့ကို ပြည်သူလူထုသိရှိလေ့လာနိုင်စေရန်လည်းကောင်း ဇန်နဝါရီလ ၂၁ရက်နေ့က မြန်မာသတင်းနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ် လှုပ်ရှားမှုပြပွဲကို လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအဆောက်အအုံ (MICT Park) ၌ ဖွင့်လှစ်ခဲ့သည်။

အာဆီယံနိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံများအကြား ၂၀၂၀ပြည့်နှစ်တွင် သိပ္ပံနှင့်နည်းပညာအပါအဝင် ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍများအားလုံး တညီတညွတ်တည်း ပေါင်းစည်းဖြစ်ထွန်းလာစေရန် မျှော်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဟန်ချက်ညီညီ တိုးတက်ပြောင်းလဲနိုင်ရန် လိုအပ်သည်။ နိုင်ငံတော်က သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ တိုးတက်ထွန်းကားစေရေးအတွက် အခြေခံပညာကဏ္ဍမှစတင်ပြီး ကွန်ပျူတာပညာကိုအခြေခံသော ခေတ်မီသင်ကြားမှု သင်ယူမှုနည်းစနစ်များ စတင်ကျင့်သုံး ဆောင်ရွက်ခဲ့သည်။ ယခုအခါ အခြေခံပညာ အထက်တန်းကျောင်း အားလုံးနီးပါး၊ အခြေခံပညာ အလယ်တန်းကျောင်းအများစုနှင့် အခြေခံပညာ မူလတန်းကျောင်းအချို့တွင် ခေတ်မီသင်ကြားမှု သင်ယူမှု စာသင်ခန်းများ တပ်ဆင်ပေးထားပြီးဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍတွင်လည်း တက္ကသိုလ်၊ ကောလိပ်များ၌ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ အခြေပြု Learning Centre များ၊ Resource Centre များ၊ e-Library များ တပ်ဆင်ပြီး တက္ကသိုလ်၊ ကောလိပ်များအကြား ကွန်ပျူတာ ကွန်ရက်စနစ်များ ထူထောင်ပေးထားပြီးဖြစ်သည်။

သတင်းနှင့် ဆက်သွယ်ရေးနည်းပညာနယ်ပယ်သည် အလွန်ကျယ်ဝန်းသကဲ့သို့ လူထုအတွက် များစွာ အကျိုးပြုနိုင်သည်။ အင်တာနက်နှင့်ဝက်ဘ်ဆိုက်များသည် စီးပွားရေးလုပ်ငန်းကို နေရာကျဉ်းကျဉ်း၌ပင် အခြေစိုက်ပြီး ကြီးမားသည့်ကမ္ဘာ့ဈေးကွက်အထိ တက်လှမ်းနိုင်သည်။ များပြားစုံလင်လှသည့် သတင်း အချက်အလက်ပေါင်းများစွာကို သန်းနှင့်ချီသည့် ဝက်ဘ်ဆိုက်များအတွင်းက ရယူနိုင်သည်။ စီးပွားရေး လုပ်ငန်းအများစုသည် ပုံနှိပ်သည့် စာအုပ်စာတမ်းများထက် ဝက်ဘ်ဆိုက်များပေါ်တွင် သတင်းအချက် အလက်များကို ပိုထည့်ထားလေ့ရှိသည်။ ဝက်ဘ်ဆိုက်များသည် ကုန်ကျစရိတ် သက်သက်သာသာဖြင့် နောက်ဆုံးပေါ်သတင်းအချက်အလက်များကို သိမ်းဆည်းထားနိုင်သည်။

သို့ဖြစ်ရာ ခင်းကျင်းပြသလျက်ရှိသော သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ ရက်သတ္တပတ် လှုပ်ရှားမှု ပြပွဲကြီးသည် ပြည်သူအများနည်းပညာပိုင်းကျွမ်းကျင်ပြီး သတင်းနှင့် ဆက်သွယ်ရေးနည်းပညာကို များများအသုံးချလာနိုင်ရေး ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် စည်းကမ်းချက်များ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၀၄ ခုနှစ် မတ်၂၇ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ ပန်းပုပြိုင်ပွဲ ပြပွဲကျင်းပရေး ဆပ်ကော်မတီက ပန်းချီ၊ ပန်းပုပြိုင်ပွဲများကို အောက်ပါစည်းကမ်းသတ်မှတ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၀ ရက်က ထုတ်ပြန်ကြေညာသည်။

ပန်းချီပြိုင်ပွဲကို မူကြိုအဆင့်၊ မူလတန်း(အငယ်)အဆင့် (သူငယ်တန်း၊ ပထမတန်း၊ဒုတိယတန်း)၊ မူလတန်း(အကြီး) အဆင့် (တတိယတန်း၊ စတုတ္ထတန်း)၊အလယ်တန်းအဆင့် (ပဉ္စမတန်း၊ဆဋ္ဌမတန်း၊ သတ္တမတန်း)၊ အထက်တန်းအဆင့် (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးအထက်တန်းကျောင်းများ) နှင့် အလွတ်တန်း အဆင့် (တက္ကသိုလ်၊ ကောလိပ်၊သိပ္ပံကျောင်းများ၊ ရန်ကုန်/ မန္တလေးပန်းချီ၊ ပန်းပုကျောင်းများ၊ ဝါသနာရှင်၊ ပညာရှင် များ) ဟူ၍ အဆင့်(၆)ဆင့် ခွဲခြားယှဉ်ပြိုင်မည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့် တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့်ပန်းပု(ပလတ်စတာ)နှင့် ပန်းပု(သစ်သား)ဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်း ပန်းပုပြိုင်ပွဲ အမျိုးအစားနှစ်ရပ်စလုံးတွင် ဝါသနာရှင်၊ ပညာရှင်၊ ကျောင်းသား ကျောင်းသူများအားလုံး ပါဝင် ယှဉ်ပြိုင်နိုင်သည်။

ပန်းချီပြိုင်ပွဲ မူကြိုအဆင့်နှင့် အခြေခံပညာအဆင့် အားလုံးတွင် ပြိုင်ပွဲဝင်ပန်းချီကား၏ အရွယ်အစားမှာ (၁၅ လက်မ X ၂၀ လက်မ)အရွယ်ဖြစ်ပြီး နှစ်သက်ရာဆေး၊ နှစ်သက်ရာ နည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေး ဆွဲကြောင်း ဝန်ခံချက်နှင့်သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် အပြည့်အစုံပါရှိရမည်။ ပန်းချီကားရှေ့တွင် လက်မှတ် တစ်စုံတစ်ရာ ရေးမှတ်ခြင်းမပြုဘဲ ပန်းချီကား နောက်ကျောတွင် အမည်၊ အတန်း၊ ကျောင်း၊ မြို့နယ်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ဖော်ပြ၍ (ပို့စကတ်) အရွယ်ဓာတ်ပုံနှစ်ပုံ ပူးတွဲပေးပို့ရမည် ဖြစ်သည်။ ၂၃-၂-၂၀၀၄ရက် နောက်ဆုံးထားပြီး လက်တွေ့ ဖွံ့ဖြိုးမှုဌာနခွဲ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်သို့ ပေးပို့ရမည်ဖြစ်သည်။

အလွတ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ပန်းချီ ကားများကို (၂၀လက်မ X ၃၀ လက်မ)အရွယ် ရေးဆွဲရမည် ဖြစ်ပြီး နှစ်သက်ရာဆေး၊ နှစ်သက်ရာ ပန်းချီရေးနည်း စနစ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပန်းချီကားရှေ့တွင် လက်မှတ် တစ်စုံတစ်ရာ ရေးမှတ်ခြင်းမပြုဘဲ နောက်ကျောဘက်တွင် ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်အတူ အမည်၊ နိုင်ငံ သားမှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အလုပ် အကိုင်၊ နေရပ်လိပ်စာ အပြည့်အစုံဖော်ပြ၍ (ပို့စကတ်) အရွယ် ဓာတ်ပုံနှစ်ပုံ ပူးတွဲပေးပို့ရမည်ဖြစ်သည်။

တိုက်ရိုက်ပေးပို့

အလွတ်တန်းပန်းပု(သစ်သား)နှင့် အလွတ်တန်းပန်းပု (ပလတ်စတာ)ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပြိုင်ပွဲဝင်ပန်းပုလက်ရာ များသည် အမြင့်(၃၆) လက်မထက်မကျော်ရ၊ အောက်ခြေ ပတ်လည် (၂၄)လက်မထက် မကြီးစေဘဲ တစ်ပေါင်း တစ်စည်းတည်း ထုလုပ်ထားမှုဖြစ်ရမည်။ နှစ်သက်ရာ သစ်သား(သို့)ပလတ်စတာဖြင့် ထုလုပ်နိုင်သည်။ ယခင်နှစ် များက ပြိုင်ပွဲ၊ ပြပွဲသို့ တင်သွင်းဖူးသည့် ရုပ်တုမဖြစ်စေရ၊ ဦးတည်ဖော်ကျူးရာ ခေါင်းစဉ်သတ်မှတ်ပေးနိုင်ပြီး ပြိုင်ပွဲဝင် ပန်းပု၏ အောက်ခြေတွင် အမည်၊ နိုင်ငံသားမှတ်ပုံတင် အမှတ်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ နေရပ်လိပ်စာ အပြည့် အစုံဖော်ပြရမည် (ပို့စကတ်)အရွယ် ဓာတ်ပုံနှစ်ပုံ ပူးတွဲလျက် ၂၀၀၄ ခုနှစ် မတ်လ ၁ ရက်မှ ၃ ရက်အတွင်းဦးဝိစာရလမ်း တပ်မတော်ခန်းမ ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ပန်းချီ၊ ပန်းပုအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်၊ (၅၉)နှစ်မြောက် တပ်မတော် နေ့ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း (၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲ ထုလုပ်ကြရန် ဖြစ်သည်။

အလွတ်တန်းအဆင့် ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုလက်ရာ များကို ၂၀၀၄ ခုနှစ် မတ်လ ၁ ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်း အရုံး(ဗဟို) အမှတ်(၁၈၇) ဗိုလ်ချုပ်ဈေး အရှေ့ ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်သို့ လည်းကောင်း၊ ၂၀၀၄ ခုနှစ် မတ်လ ၁ ရက်မှ ၃ ရက်အတွင်း အတွင်းရေးမှူး ပန်းချီ၊ပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ ဦးဝိစာရလမ်း တပ်မတော်ခန်းမ ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက် ပေးပို့နိုင်သည်။

တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲ ဝင်လက်ရာများအပြင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပြပွဲတင် ပန်းချီနှင့် ပန်းပု ရုပ်တုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတွင်ပန်းချီနှင့်ပန်းပုရုပ်များကိုနိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း ၁၂ ရပ်တို့ကို ဦးတည်ဖော်ညွှန်း ရေးဆွဲထုလုပ်ကြရန် ဖြစ်သည်။

ဖော်ကျူးရေးဆွဲ

ရှေးခေတ်မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလ မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးရပြီးခေတ် မြန်မာ့ တပ်မတော် စသည့် တပ်မတော်၏ သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံတော်အား ထိန်းသိမ်းကာကွယ် စောင့်ရှောက်၍ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု များကို ဖော်ကျူးရေးဆွဲထုလုပ်နိုင်ကြသည်။

ယခင်နှစ်များက သတ်မှတ်လက်ခံခဲ့သော "အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေးမှု" ဟူသောခေါင်းစဉ်ပါ အကြောင်းအရာ များဖြင့်ရေးဆွဲထုလုပ်ပေးပို့သည့်လက်ရာများကိုလက်ခံမည် မဟုတ်ဟု သိရသည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီကားနှင့် ပန်းပုရုပ်တုများကို ၂၀၀၄ခုနှစ် မတ်လ ၁ ရက်မှ ၅ရက်အတွင်း ဦးဝိစာရလမ်း တပ်မတော်ခန်းမသို့သာ တိုက်ရိုက် ပေးပို့တင်သွင်းရန် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိမ်းလဲ့ရွှေပြည်ကျေးလက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ် (၂) ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)** အဆိုပါဂျာနယ်တွင် အသျှင်ပညာဇောတ၏ ကုသိုလ်၊ အကုသိုလ်နှင့် အကျိုးပေးကံ၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၏ တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲသို့ တစ်ခေါက်၊သက်သက်သင်း(ပညာရေး)၏ စားသုံးဆီဖူလုံရေး သစ်စိမ့်ပင်ကိုစိုက်ပျိုးပေး၊ ကြည်လင်း(ဆေး)၏ ကိုယ်ဝန်ဆောင်မိခင် နှင့်မွေးဖွားမှု၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၏ သဘာဝရဲ့အလှ၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၏ တိရစ္ဆာန်ရောဂါကုပညာကဏ္ဍ၊ ထိုက်ဇော်အောင် (GTC.ပြည်)၏ လယ်ယာမြေရွှေရောင်လွှမ်း စက်မှုအစွမ်း၊ ဇာတ်လမ်း လေလှိုင်း၊ သရုပ်ဖော် ကံကောင်း၏ သူ့မှတ်တမ်းရုပ်ပြဇာတ်လမ်း၊ သန်းထွန်း(စကု)၏ ဆရာဇေယျ၏ ကျေးလက်ဖွံ့ဖြိုးရေးအမြင်၊ ရာဇာ (ဘိုကလေး)၏ ဆီးကျောက်တည်တာ ကြောက်စရာမလိုပါ။ သာရဝေါ စိုးကြည်၏ မောင်းထောင်ကဗျာ ပျိုတို့ရွာ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ မြန်မာ့ရိုးရာ ကောက်စိုက်တေးကဗျာ၊ အောင်လင်းနိုင်၏ မေမေ့ရက်ကန်းစင် (ကဗျာ)၊ ဇာနည်၏ အလှစိမ်း(ကဗျာ)၊ ဆြာစန်း၏ တစ်လတွက်တာ သင့်ကံကြမ္မာဗေဒင်နှင့် ဖတ်စရာ၊ မှတ်စရာ စုံလင်စွာ ဖော်ပြပါရှိသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်သို့ စာမူများ၊ ကြော်ငြာများ ပေးပို့လိုပါက စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ် ၄၅၅/၄၅၇ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စလင်းဒေသမှ နယ်ချဲ့တော်လှန်ရေး

(၁၉၉၇ ခုနှစ်ထုတ် စလင်းမြို့နယ် ငွေရတုမဂ္ဂဇင်းမှ ကောက်နုတ်ဖော်ပြပါသည်။)

ဦးခန်းညိုအောင် (စလင်း)

စလင်းမြို့၏ မြောက်ဘက်အပိုင်းတွင် တည်ရှိသော ဇာတီလှ(စေတီလှ)သုသာန်သည် သစ်ကြီးဝါးကြီးများနှင့် အလွန်အေးချမ်းဆိတ်ငြိမ်သော နေရာကလေး တစ်ခုဖြစ်သည်။ ထိုသုသာန်သည် ထာဝရအိပ်စက်သူတို့၏ ချမ်းမြေ့စွာ ကွန်းခိုသော ဘုံဗိမာန်ကလေးဖြစ်သကဲ့သို့ ကျွန်တော်တို့ငယ်စဉ်က ငှက်ပစ်ထွက်ရာ ဒေသလည်း ဖြစ်ခဲ့ပါသည်။ သုသာန်အဝင်ဝ၌ အုတ်တံတိုင်းခတ်၍ စနစ်တကျ မြှုပ်နှံထားသော သင်္ချိုင်းဂူများရှိလေရာ ဒေသခံများနှင့် ကျွန်တော်တို့က အင်္ဂလိပ်သင်္ချိုင်းဟူသော အမည်နာမနှင့် အသိအမှတ်ပြုထားခဲ့ကြသည်။ ကျွန်တော်တို့ ကလေးသူငယ်များအတွက်မူ အမြင်ဆန်းသည့် ခံစားချက်မှ တစ်ပါး အခြားထူးခြားမှုကို မတွေ့မြင် မခံစားနိုင်ခဲ့ပါ။

အထက်တန်းကျောင်းသားဘဝ ရောက်သောအခါတွင်မူ လူကြီးသူမတို့၏ ပြောစကားများအရ ယင်းအုတ်ဂူတို့မှာ ပါတော်မူပြီးစကာလ နယ်ချဲ့ဆန့်ကျင်ရေး စစ်ပွဲအတွင်း၌ စလင်းဒေသတွင်ကျဆုံးခဲ့သည့် နယ်ချဲ့လက်ပါးစေတို့ အုတ်ဂူများဖြစ်ကြောင်း၊ ၎င်းတို့အား ယှဉ်ပြိုင်တိုက်ခိုက်အနိုင်ယူခဲ့သူများမှာ ဗိုလ်ဥတ္တမ၊ ဗိုလ်ဗျိုင်းကြီး၊ ဗိုလ်ဗျိုင်းကလေးတို့ ဖြစ်ကြောင်းကို သိခွင့်ရခဲ့သည်။ ပိုမိုလေးနက်သော အသိတရားဖြင့် ၁၉၆၇ ခုနှစ်၌ တွေ့မြင်ရသော ထိုအုတ်ဂူတို့မှ သင်္ချိုင်းစာများကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားမိပါသည်။

ဂူအမှတ်

(၁) ပျက်စီးနေ၍ ဖတ်မရတော့ပါ။ အကြီးဆုံး အုတ်ဂူဖြစ်သည်။ စကျင် ကျောက်ဖြူ ဖြင့် တည်ဆောက်ထားသည်။ Major Edward ဂူဟု ဆိုကြသည်။

(၂) In Memoriam, Major R.F Atkinson, 2nd Hampshire Regt; Killed in action at Salenmyo, 31st July 1886; age 36 years, Deeply regretted by his brother officers.

(၃) Sergt. Lever, 2nd King's Regt.

(၄) Pte Arnold, 2nd King's Own Regt.

(၅) Pte Carper, 2nd King's Own Regt.

(၆) Pte Verry, 2nd King's Own Regt.

(၇) Pte S. Gregson, 1st Batt. Rifle Brigade

(၈) C. Hall, Leicestershire Regt.

(၉) Pte. J. Manship, Leicestershire Regt.

(၁၀) Corporal G. Ghanty, Leicestershire Regt.



စလင်းဇာတီလှ သုသာန်အတွင်း ယနေ့တိုင် တည်ရှိနေဆဲဖြစ်သော နယ်ချဲ့တို့၏ သင်္ချိုင်းနေရာ အမှတ်အသားများ။

(၁၁) Pte. Robb, Royal Fusilers.

(၁၂) Pte. A. Simpkin, 1st Batt. Rifle Brigade.

(၁၃) Pte. C.Franklin; 1st Batt. Rifle Brigade.

(၁၄) Pte. G. Cook, Leicestershire Regt.

(၁၅) Pte.W. Pasnett; Leicestershire Regt.

(၁၆) ပျက်စီးနေပြီ၊ ဖတ်မရပါ။

(၁၇) Pte. J. Westbrook; Leicestershire Regt.

ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် နယ်ချဲ့ ဆန့်ကျင်ရေး စစ်ပွဲများကို အင်္ဂလိပ်နှင့် သုံးကြိမ် တိုက်ခိုက်ခဲ့ရလေသည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲကို ခရစ်သက္ကရာဇ် ၁၈၂၄ ခုနှစ်မှ ၁၈၂၆ ခုနှစ်အထိ ဘကြီးတော်ဘုရားလက်ထက်တွင် ဆင်နွှဲခဲ့ရာ ရခိုင်နှင့် တနင်္သာရီဒေသအား ဆုံးရှုံးခဲ့ရလေသည်။ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲမှာ ပုဂံမင်းလက်ထက် ခရစ်သက္ကရာဇ် ၁၈၅၂ ခုနှစ် ဧပြီလမှ ၁၈၅၂ ခုနှစ် နိုဝင်ဘာလအထိ ကြာညောင်းခဲ့သည်။ ယင်းစစ်ပွဲအပြီးတွင် မြေထဲမြို့(အောင်လံမြို့)၏ တောင်ဘက်ခြမ်းမှ အစပြုသည့် အောက်မြန်မာပြည်ကို နယ်ချဲ့သို့ ပေးအပ်ခဲ့ရပြန်သည်။ သီပေါမင်းလက်ထက်၌ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားခဲ့ပြန်ရာ စစ်ပွဲကာလ ၁၄ ရက်သာ ကြာမြင့်ခဲ့ပြီးနောက် ၂၈-၁၁-၁၈၈၅နေ့မှစတင်၍ မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဖြစ်ခဲ့ရပါတော့သည်။

သူ့ကျွန်မခံလိုသော မြန်မာအမျိုးသားများသည် နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲအား ဆက်လက်ဆင်နွှဲခဲ့ရာ စလင်းဒေသမှ တော်လှန်ခုခံခဲ့သော မျိုးချစ်တော်လှန်ရေးခေါင်းဆောင်များကို အောက်ပါအတိုင်း တွေ့ရှိရသည်။ ဗိုလ်ဥတ္တမ၊ ဗိုလ်ဗျိုင်းကြီး၊ ဗိုလ်ဗျိုင်းလေး၊ မြတောင်ဗိုလ်၊ ဗိုလ်ဥတ္တရ၊ ဗိုလ်ရွှဲ၊ ဗိုလ်ကျားကြီး၊ ဗိုလ်ထွန်းစံ၊ ဗိုလ်ရာကျော်၊ ပန်ဆေးကန်ဗိုလ်၊ ဗိုလ်ခံသီး၊ ဗိုလ်ကျားလေး၊ ဗိုလ်အဲကြီး၊ ရွှေလုံဗိုလ်၊ ဗိုလ်လက်ဝါး၊ ပုဏ္ဏားပျံဗိုလ်၊ ဗိုလ်ကျော်လှ၊ ဗိုလ်ရွှေစာ၊ ဗိုလ်ချစ်ပို၊ ဗိုလ်ပြေ၊ ဗိုလ်တေ၊ ဗိုလ်ချမ်းတုတ်၊ ဗိုလ်ဦးကျော်၊ ဗိုလ်ရွှေကွန်း၊ ဗိုလ်နေမိး၊ ဗိုလ်မဲခေါင်၊ ဗိုလ်သာဒင်၊ သုံစာဗိုလ်၊ ရှင်လိုင်ပျံဗိုလ်၊ စိန်တောင်ဗိုလ်၊ မောင်ဘောက်ကန်သား ဗိုလ်ကြာလန်း၊ ဗိုလ်ထွန်းအောင်၊ ဗိုလ်ဆေးနီ၊ ကိုရင်ကြီးဗိုလ်၊ တညောင်သူကြီး ဦးထာ၊ တောင်ဗိုလ်ကြီး၊ ပဲခူးဗိုလ်၊ ဗိုလ်ကင်၊ ဗိုလ်ကံသိန်း၊ ဦးပရမ၊ ဗိုလ်ရာဘော်၊ ဗိုလ်ရွှေပွင့်၊ ဗိုလ်တိမ်ပြောက်၊ ဗိုလ်ညိုမှဲ့၊ ဗိုလ်ဗျိုင်းတောင်၊ ဗိုလ်ပေဦး၊ ဗိုလ်ခရား စသည်တို့ ဖြစ်ကြသည်။

၎င်းဗိုလ်များအနက်မှ မြတောင်ဗိုလ်၊ စိန်တောင်ဗိုလ်တို့မှာ သီပေါဘုရင်၏ အောက်မြစ်စဉ် စစ်ကြောင်းမှူး၊ လှေသင်းဝန် ရွှေဦးမောင်၏တပ်မှဖြစ်ပြီး ပါတော်မူပြီးနောက်မှ စလင်းဒေသအား ခြေကုပ်ယူပြီး ဒေသခံတော်လှန်ရေးဗိုလ်များနှင့် ပူးပေါင်းဆန့်ကျင်ကြခြင်းဖြစ်သည်။ ထို့အတူဗိုလ်ရွှဲမှာ မင်းတပ်သူကြီးဖြစ်ပြီး စလင်း၊ မင်းဘူး၊ ပန်းတိမ်း၊ငဖဲ၊သရက်၊မင်းတပ်၊ပခုက္ကူ အစရှိသော နယ်များ၌လှည့်ပတ်၍ စည်းရုံးတော်လှန်နေခြင်းဖြစ်သည်။ ဗိုလ်ရွှဲ၏ သားနှစ်ဦးဖြစ်သော ဗိုလ်စောဥနှင့် ဗိုလ်စောပုတို့သည်ကား ရခိုင်ရိုးမတောင်ခြေရှိ တောတောင်များ၌ ခိုအောင်းပုန်ကန်ကြသည်။ ဗိုလ်ရွှဲမှာ သူ့ကျွန်မခံလိုသော ပြင်းပြသည့် မျိုးချစ်စိတ်ကြောင့်သာ တော်လှန်ပုန်ကန်နေသော်လည်း ထိုစဉ်ကာလက သူ၏အသက်မှာ ၅၀ခန့်ရှိနေပြီဖြစ်သည်။

စလင်းမြို့ဝန်ဟောင်း ဗိုလ်ရာကျော်မှာမူလက မင်းတုန်းမင်း၏ တံခါးနီအစောင့်တပ်မှ သာမန်အဆင့်ရှိ ရဲမက်တစ်ဦးမျှသာဖြစ်သည်။ ကနောင်မင်းသား လုပ်ကြံခံခဲ့ရသည့် မြင်ကွန်း မြင်းခုံတိုင်အရေးတော်ပုံတွင် မင်းတုန်းဘုရင်အား အသက်စွန့်၍ ကာကွယ်မှုပေးခဲ့သဖြင့်တံခါးနီဗိုလ်ဟူသော မြင့်မားသည့်ရာထူးကို ယုံကြည်စွာပေးအပ်ခြင်းခံခဲ့ရသည်။ တံခါးနီဗိုလ်၏တာဝန်မှာ အခွင့်အမိန့် မရရှိသူများနှင့် မလိုလားအပ်သူများ၊ ရန်သူများ တံခါးနီဂိတ်ကို ဖြတ်၍ မင်းတရားကြီးထံသို့ မရောက်ရှိစေရန်အတွက် လုံခြုံရေးတာဝန်ယူထားရခြင်းဖြစ်သည်။ ထိုစဉ်ကာလ၌ ဗိုလ်ရာကျော်၏အသက်မှာ ၂၅နှစ်ခန့်သာရှိခဲ့ပါသေးသည်။ အလွန်ရဲစွမ်းသတ္တိရှိပြီး ကျွမ်းကျင်သော ဓားသမားဖြစ်သည့်တိုင် ထင်ပေါ်ကျော်ကြားလိုစိတ်၊မောက်မာသော မာနမရှိသူ ဖြစ်ခဲ့သည်။ သို့အတွက်ကြောင့်လည်း နန်းတွင်းပုန်ကန်မှုကြီး၌ မြင်ကွန်းမြင်းခုံတိုင်တို့ကို သတ်ဖြတ်နိုင်သည့် အခွင့်အရေးရရှိခဲ့သည့်တိုင် ၎င်း၏ဓားဖြင့် မင်းသွေးကိုအစွန်းမခံချင်သည့်ဆန္ဒကြောင့် လွှတ်ပေးခဲ့လေသည်။

ရိုးသားဖြောင့်မတ်ပြီး မင်းတုန်းမင်းတရားကြီး၏ အချစ်တော်ဖြစ်နေသည့် တံခါးနီဗိုလ်ကလေးအား ဝန်ကြီးတစ်ဦး၏သမီးနှင့် လက်ဆက်ပေးခဲ့သည်။ ကြင်စဦးဇနီးမောင်နှံနှစ်ဖော်တို့မိုးမမြင်လေမမြင် ပျော်ရွှင်နေကြရာမှ ကြမ္မာဆိုးဝင်ရောက်လာသဖြင့် ဇနီးဖြစ်သူမှာ မီးဖွားစဉ်



ဤရွှေတန်ဆာ ဘုရားမြို့ရိုးမြောက်ဘက် ယခင်မန်ကျည်းတောကြီးအတွင်းမှ မြန်မာတပ်များစွဲကာ နယ်ချဲ့ အား တိုက်စစ်ဆင်ခဲ့ကြ၏။

ကွယ်လွန်ခဲ့သည်။ ပြင်းပြသောဝေဒနာအား သက်သာလိုသက်သာငြားဖြင့် ထန်းရည်သောက်ခြင်း၊ ကြက်တိုက်ခြင်းများကိုအစဉ်အလာမရှိဘဲ ပြုမူဆောင်ရွက်ခဲ့ရာ တစ်ခါသော် ထန်းရည်မူးနေစဉ် ကြက်ဝိုင်း၌ မင်းတရားကြီးမှ ချီးမြှင့်ထားသည့် တံခါးနီဗိုလ်အဆောင်အယောင် ရွှေစလွယ်ကို ပေါင်နှံမိခဲ့သည်။ မပြုသင့်သောအမှုကို ပြုမိသဖြင့် သေဒဏ်ကဲ့သို့သော ကြီးမားသည့်ပြစ်ဒဏ်ကိုခံရဖွယ်ရှိသော်လည်း ရိုးသားသည့် ပင်ကိုစရိုက်နှင့်ခံစားနေရသည့် သောကဝေဒနာကို စာနာထောက်ထားပြီး သက်ညှာစွာ ပြစ်ဒဏ်ပေးတော်မူခဲ့သည်။ ထိုအပြစ်ဒဏ်မှာ နန်းတွင်းရုပ်စုံတော်ကြီးတင်ဆက်ပြသသည့် သဘင်ပွဲတစ်ခုတွင် ဗိုလ်ရာကျော်အား ဘီလူးခေါင်း ဆောင်းခိုင်းပြီး ဘီလူးက ကစေခဲ့ခြင်းဖြစ်သည်။

မင်းတုန်းမင်း နတ်ရွာစံခါနီးသောကာလ၌ နန်းတွင်းတွင် အုပ်စုများကွဲကြပါတော့သည်။ မင်းတုန်းမင်း၏များလှစွာသော သားတော်များနှင့် မယ်တော်များသည် မိမိတို့လိုလားသူများ ထီးနန်းစည်းစိမ်ဆက်ခံနိုင်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးစားကြလေရာ နန်းတွင်းရေးမှာလည်း ပိုမို၍ရှုပ်ထွေးလာခဲ့လေသည်။ ဤသပွတ်အူဇာတ်ထုပ်ထဲ၌ မပါဝင်လိုသူ အေးဆေးစွာနေလိုသူ ဗိုလ်ရာကျော်မှာ ဘေးကျပ်နံကျပ်နှင့် အနေခက် အပြောခက်လှသောကြောင့် နန်းတွင်းနှင့် ဝေးရာဒေသတစ်ခုခုတွင် တာဝန်ထမ်းဆောင်လိုကြောင်း ဘုရင်မင်းတရားထံ အရဲစွန့်၍ လျှောက်ထားခဲ့လေသည်။ မင်းတရားကြီးမှာလည်း မိမိနှင့်ဝေးကွာလှသော အရေးပါအရာရောက်သည့် နယ်မြေ၌ စိတ်အချဆုံးသော လူယုံတော်တစ်ဦးကို ထားချင်သည့်ဆန္ဒရှိသဖြင့် စလင်းမြို့တွင် မြို့ဝန်အဖြစ် တာဝန်ထမ်းစေရန် ကြည်ဖြူလိုလားစွာဖြင့် ခန့်အပ်တော်မူခဲ့သည်။

စလင်းမြို့ဝန်မင်း ဦးရာကျော်သည် မြို့ဝန်အဖြစ်နှင့် အေးချမ်းသာယာစွာ သစ္စာရှိရှိ တရားမျှတမှုအပြည့်နှင့် အုပ်ချုပ်ခဲ့ရင်း စလင်းသူတစ်ဦးနှင့် ဒုတိယအိမ်ထောင်ကျခဲ့သည်။ မြို့ဝန်အဖြစ် ခုနစ်နှစ်ခန့် တာဝန်ထမ်းဆောင်ပြီးသောအခါတွင် တာဝန်မှအနားယူခဲ့ပြီး စလင်းမြို့၏ အနောက်ဘက် မိုင်လေးဆယ်ခန့် အကွာတွင်ရှိသော စေတုတ္တရာမြို့အနီးတွင် ကြောင့်ကြပူပင်မှုကင်းရှင်းစွာဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို ဖောက်ချလုပ်ကိုင်ရင်း လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ခဲ့ပြန်သည်။

တောင်သူကြီးဘဝနှင့် သုံးနှစ်ခန့်အကြာ ခရစ်သက္ကရာဇ် ၁၈၈၅ခုနှစ် နိုဝင်ဘာ လကုန်ခန့်တွင် သီပေါဘုရင်နှင့် စုဖုရားလတ် မိဖုရားအရှင်နှစ်ပါးအား ဗြိတိသျှနယ်ချဲ့မှ နန်းချလိုက်ကြောင်း ကြားသိရသဖြင့် နေပြည်တော်သို့ မြင်းနှင့် အပြင်းနှင်ခဲ့လေသည်။ ၂၉-၁၁-၁၈၈၅ နေ့ နေဝင်ချိန်၌ မန္တလေးသို့ ရောက်ရှိခဲ့သောအခါတွင် အရှင်နှစ်ပါး အား သူရိယမီးသင်္ဘောပေါ်သို့ သယ်ဆောင်သွားသည်ကို ရင်နင့်ဖွယ်ရာ မျက်မြင်ကိုယ်တွေ့ ကြုံဆုံခဲ့ရပြန်သည်။ အားမတန်၍ မာန်လျှော့ရင်း ဆက်လက်ဆောင်ရွက်ရဦးမည့် ရေ့လုပ်ငန်းစဉ်များအတွက် ငဲ့ကွက်ခြင်းအားဖြင့် အသက်ချင်း လဲလိုလှသည့် ခံပြင်းစိတ်ကို ကြိတ်မှိတ်ချုပ်တည်းခဲ့ရသည်။ ထိုအချိန်မှ စတင်၍ တံခါးနီဗိုလ်ဘဝက ခင်မင်ရင်းနှီးခဲ့သော လုပ်ဖော်ကိုင်ဘက် မင်းဆွေမျိုးဆက်များရှိရာ နှစ်လခန့် ရှာဖွေဆက်သွယ်၍ နယ်ချဲ့အင်္ဂလိပ်အား ပြန်လည်တော်လှန်ရန် လှုံ့ဆော်စည်းရုံးခဲ့သည်။ ထို့နောက် စလင်းသို့ ပြန်လာပြီး မင်းတပ်သူကြီး ဗိုလ်ရွှဲ၏တပ်တွင် ပါဝင်၍ ပုန်ကန်တိုက်ခိုက်ခဲ့သည်။ ဗိုလ်ရာကျော်သည် သေနတ်လက်နက်ကို ကိုင်တွယ်ပစ်ခတ်ရန် အလွန်ရွံမုန်းသူ ဖြစ်သည်။ သတ္တိမဲ့သူ၊ သူရဲဘောကြောင်သူတို့သာလျှင် သေနတ်ကိုင်၍ အကွယ်အကာယူပြီး ချောင်းမြောင်း ပစ်ခတ်လေ့ရှိသည်ဟု မှတ်ယူထားသူဖြစ်လေသည်။ ဓားချင်း လက်ချင်းယှဉ်ရလျှင် ဘာကိုမှ မကြောက်ရွံ့သော သူ ဖြစ်သည်။ ထို့ကြောင့်လည်း အနီးကပ် ရင်ဆိုင် တိုက်ပွဲများတွင် ဗိုလ်ရာကျော်၏ အစွမ်းအစကို လွန်စွာ အားကိုးရပြန်သည်။ ဗိုလ်ရာကျော်သည် သူ၏ ပင်ကိုဗီဇအတိုင်း လူသိမခံ အကျော်ကြားမခံ သာမန်တော်လှန်ရေးသမားဘဝနှင့်သာ မထင်မရှား နေခဲ့သည်။ တစ်ခါတစ်ရံတွင် မင်းကြီးဦးဥတ္တမနှင့် ပူးပေါင်းတိုက်ခိုက်ပြန်သည်။ ဗြိတိသျှတို့၏ မြေလှန်စနစ်ကြောင့် ပြည်သူတို့ထံမှ အဆက်အသွယ်နှင့် အကူအညီ ကင်းမဲ့သောအခါ၌ ဗိုလ်ဥတ္တမသည် ဇရာဝတီမြစ်ကို ဖြတ်ကူး၍ နတ်မောက် ဗိုလ်မင်းရောင်နှင့် ပူးပေါင်းရန် ကြံစည်ခဲ့ရသည်။ ဗိုလ်ရာကျော်မူကား နေရပ်ဖြစ်သော စေတုတ္တရာသို့ လူသူ လက်နက်ရိက္ခာများ စုဆောင်းရန် လျှို့ဝှက်စွာ ပြန်လာခဲ့သည်။ ထင်ရှား ကျော်ကြား၍ လူသိများလှသည့် ဦးဥတ္တမမှာ ဖမ်းမိသွားခဲ့သော်လည်း မထင်မရှား နေတတ်ပြီး လူသိအလွန်နည်းသည့် ဗိုလ်ရာကျော်မှာ အနှောင့်အယှက်မရှိဘဲ ပြန်လည်ရောက်ရှိလာခဲ့သည်။ ဗိုလ်ရွှဲနှင့် ဗိုလ်ဥတ္တမတို့ မရှိသည့်နောက်ပိုင်း တွင် ဗိုလ်ရာကျော်သည် မြန်မာပြည်တစ်နံတစ်လျား၌ တော်လှန်နေကြသော အခြားတော်လှန်ရေးရဲဘော်များနှင့် ပူးတွဲ၍ဆက်လက်တိုက်ပွဲဝင်နွှဲခဲ့သည်။ မထင်မရှားသော ဘဝနှင့် လူသိမခံဘဲ အရေးတော်ပုံကြီး ချုပ်ငြိမ်းသွားသည့်တိုင် နောက်ထပ် ဆယ်နှစ်မျှ ဆက်လက်တော်လှန်ခဲ့ပြီးနောက် အသက် ၇၅ နှစ်အရွယ်ခန့်တွင် စေတုတ္တရာမြို့အနီးမှ ၎င်း၏ လယ်တော၌ပင် ကွယ်လွန်ခဲ့သည်။

ဗိုလ်ဥတ္တရမှာလည်း ဗိုလ်ဥတ္တမကဲ့သို့ပင် ရဟန်းလူထွက် ဖြစ်သည်။ လူအမည် ဦးအင်ကြင်းဖြစ်ပြီး ငယ်စဉ် အခါက ပွဲကျောင်းတွင် နေခဲ့ဖူး၍ အတိုက်အခိုက် အသတ်အပုတ် စစ်ချီစစ်တက်တွင် ကျွမ်းကျင်လိမ္မာတော်မူသည်။ လယ်ကိုင်းကျောင်းတော်ရာအနီးမှ ပြည်လုံးကျော်ရွာ တွင် ဆရာတော်ဦးဥတ္တရနှင့် ဆရာတော် ဦးဥတ္တမတို့သည် တစ်ကျောင်းစီ သီးခြားကျောင်းထိုင်နေခဲ့ကြသော်လည်း နယ်ချဲ့တို့၏ ရက်စက်ယုတ်မာမှုကို သည်းမခံနိုင်သည့် အဆုံး၌ လူဝတ်လဲ၍ တော်လှန်ရေးရဲဘော်ဘဝသို့ ပြောင်းလဲခဲ့ကြလေသည်။ ဦးဥတ္တမကို မင်းကြီးဟု အရိုအသေပြုလျက် ခေါ်ဆိုခဲ့ကြသလို ဦးဥတ္တရအား မင်းကလေးဟု သုံးနှုန်းခဲ့ကြသည်။ ဦးဥတ္တမ၏နောက် ဒုတိယခေါင်းဆောင်အဖြစ် သတ်မှတ်၍ တလေးတစား ဆက်ဆံခြင်းခံရသည်။ ဗိုလ်ဥတ္တရသည် စလင်းအနောက်ဘက် ကံဖျားရွာအနီးမှ တိုက်ပွဲတစ်ခုတွင် မင်းဘူးခရိုင် ကော်မရှင်နာဖြစ်သော မစ္စတာ ဂျေဒီ လာတုချ်အား ခေါင်းဖြတ် သတ်နိုင်ခဲ့သလို ၎င်းကိုယ်တိုင်လည်း ထိုတိုက်ပွဲတွင် လည်ပင်း၌ ကျည်သင့်သဖြင့် ကျဆုံးခဲ့လေသည်။

ဗိုလ်ရွှေပွင့်မှာ စလင်းမြို့တောင်ဘက် ဖောင်းလင်းရွာသူကြီးဟောင်းဖြစ်ပြီး မင်းကြီးဦးဥတ္တမ၏ အားအကိုးဆုံး၊ ယုံကြည်စိတ်ချမှုအရှိဆုံးဖြစ်သည့် လက်ရင်းဗိုလ်ကြီးလေးဦးအနက်တစ်ဦး အပါအဝင်ဖြစ်သည်။ မုန်းချောင်းအနီးမှ ညောင်ပင်စောက်ရွာတိုက်ပွဲတွင် ဘင်္ဂလား ခြေလျင်တပ်ရင်းမှ ကပ္ပတိန် အော်ချပ်အား ခေါင်းဖြတ်သတ်နိုင်ခဲ့သူဖြစ်သည်။ မင်းဘူးမြို့အနီး အောက်ကျောင်းကြာကန်တိုက်ပွဲ၌ ကျဆုံးခဲ့ရရှာသည်။

ထူးခြားမှုအနေနှင့် ဗိုလ်နေမိး၊ ဗိုလ်ညိုမှဲ့၊ ဗိုလ်ဗျိုင်းတောင်တို့မှာ အမျိုးသမီးများဖြစ်သည်။ ရိက္ခာထောက်ပံ့ခြင်း၊ ဆက်သားအဖြစ် ဆောင်ရွက်ခြင်း၊ စီမံကွပ်ကဲခြင်း အစရှိသည့်နောက်တန်းတာဝန်များကိုသာ ဆောင်ရွက်၍ ဗိုလ်ဘွဲ့ခံယူခြင်းမဟုတ်ဘဲ ဓားလွတ်ကိုင်၍ မြင်းစီးလျက် သေနတ်ကိုင်နယ်ချဲ့စစ်တပ်အတွင်း အတင်းဝင်၍ ထိုးခုတ်ဝံ့သော အာဇာနည်များအဖြစ် သီးခြားမှတ်တမ်း တင်သင့်ပေသည်။ ဗိုလ်နေမိးမှာ ဖအိုင်းရွာသူ ချင်းတိုင်းရင်းသူ ဖြစ်လေသည်။ နယ်ချဲ့လက်ချက်နှင့် မိဘဆွေမျိုးသားချင်းများ ကွယ်လွန်ခဲ့ရပြီးနောက် စိတ်နာလွန်းသဖြင့် ချင်းတိုင်းရင်းသားတိုင်းရင်းသူများကို စုစည်းလျက် စေတုတ္တရာအနီးတောင်ကောက်ရွာမှ တော်လှန်ခဲ့သော အာဇာနည် တစ်ဦးဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

လုံခြုံရေးအခြေအနေကြောင့် ကန့်သတ်မှုများရှိလင့်ကစား အီရတ်ကို ကုလသမဂ္ဂ အထောက်အကူများပေးနေဆဲ

ကုလသမဂ္ဂ ဇန်နဝါရီ ၂၀

အီရတ်လုံခြုံရေးအခြေအနေကြောင့် ကန့်သတ်မှုများရှိလင့်ကစား အီရတ်ကန်ထရိုက်လုပ်ငန်းရှင်များနှင့် ဒေသအမှုထမ်းများမှတစ်ဆင့် ကုလသမဂ္ဂသည် အီရတ်ကို အထောက်အကူပေးနေဆဲဖြစ်ကြောင်း အတွင်းရေးမှူးချုပ်ကိုဖီအာနန်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အီရတ်အုပ်ချုပ်မှုကောင်စီနှင့်အမေရိကန် ဦးဆောင်သော သိမ်းပိုက်ပူးပေါင်းအဖွဲ့၏ အရာရှိများနှင့် ဆွေးနွေးပွဲတွင် ကုလသမဂ္ဂ နိုင်ငံတကာဆိုင်ရာ အမှုထမ်းများသည် အီရတ်နိုင်ငံအပြင်ဘက်မှနေ၍ လူသားချင်းစာနာမှုနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုများတွင် အီရတ်လုပ်ဖော်ကိုင်ဖက်များအား ကူညီနေကြောင်း အာနန်က ပြောဆိုသည်။

ဒေသဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် အီရတ်ရှိ ကုလသမဂ္ဂ အထောက်အကူပေး မစ်ရှင်အဖွဲ့သည် နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု၊ ပြန်လည်ထူထောင်ရေး စီမံကိန်းများနှင့် အဖွဲ့အစည်းအမျိုးမျိုးက ဆောင်ရွက်နေသော စွမ်းရည်တည်ဆောက်ရေးဆောင်ရွက်မှုများကို ညှိနှိုင်းလုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ကုလသမဂ္ဂအဖွဲ့အစည်းများသည် သောက်ရေယူလာခြင်း၊ ဆေးပစ္စည်းများဖြန့်ဝေခြင်း၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့များပေးဝေခြင်း၊ ဆိပ်ကမ်းရှင်းခြင်း၊ ကျန်းမာရေးဌာနများ ပြန်လည်ထူထောင်မှုကို ကူညီခြင်း၊ ရေသန့်စက်ရုံများ၊ ရေစုပ်စက်ရုံများနှင့် လျှပ်စစ်ဓာတ်အားစနစ်တို့ကိုလည်း ဆောင်ရွက်ပေးသည်။

အမ်အင်အေ၊ဆင်ဟွာ

ဇန်နဝါရီ ၂၀ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တို့၏ လုပ်ဆောင်ချက်များကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒကျင်ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆန္ဒကျင်ဆန္ဒပြ

ကန်တပ်ဖွဲ့ဝင်များပစ်ခတ်မှု ယီမင်နှစ်ဦးနှင့် ဆီးရီးယားတစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

ဘဂ္ဂဒက်ရှိ အိမ်တစ်အိမ်ကို အမေရိကန်တပ်ဖွဲ့ဝင်များ တနင်္လာနေ့က ဝင်စီးစဉ် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ယီမင်နှစ်ဦးနှင့် ဆီးရီးယားတစ်ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

နံနက် တစ်နာရီခွဲအချိန်၌ အိမ်တစ်အိမ် လက်နက်ဝင်ရှာစဉ် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အိမ်နံရံများ ကျည်ဆန်ပေါက်များဖြစ်ကုန်ပြီး ဂိုဒေါင်အတွင်းရှိ ကားတစ်စီးကိုလည်း ကျည်ဆန်အချို့ ထိမှန်ခဲ့သည်။

အမေရိကန်အရာရှိများက အီရတ်သိမ်းပိုက်တပ်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို အီရတ်ပြောက်ကျားတို့ တိုက်ခိုက်ရာတွင် နိုင်ငံခြားသားများက အီရတ်နိုင်ငံထဲ ဝင်ရောက်ကူညီနေသည်ဟု မိမိတို့ယုံကြည်ကြောင်း ပြောဆိုကြသည်။

အမ်အင်အေ၊ရိုက်တာ

ဇန်နဝါရီ ၁၉ ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးရန် ရောက်ရှိလာသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်းဆိုချက်ကို အမေရိကန်တို့မလိုက်လျောလျှင် ကန်တို့နှင့်ပူးပေါင်းသူများကို တားမြစ်ပိတ်ပင်မည်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

အမေရိကန်နှင့် အပေါင်းပါတို့က အီရတ်တို့ထံ အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် စီစဉ်ထားသော်လည်း အဆိုပါအုပ်ချုပ်မှုကို လွှဲပြောင်းရယူမည့်ကြားဖြတ်အစိုးရအဖွဲ့အား တိုက်ရိုက်ရွေးချယ်တင်မြှောက်ရန် ရှီးယားဘာသာရေးခေါင်းဆောင် အယာတိုလာအလီအယ်စစ္စတာနီက တောင်းဆိုခဲ့သည်။

အမေရိကန်တို့က ဒေသဆိုင်ရာ အဖွဲ့အစည်းများက ရွေးချယ်တင်မြှောက်သော ကြားဖြတ်အစိုးရအဖွဲ့ ဖွဲ့ရန် ရည်ရွယ်ထားသည်။ ထို့အပြင် စစ္စတာနီက ၎င်း၏ တောင်းဆိုချက်ကို မလိုက်လျောလျှင် အမေရိကန်အာဏာပိုင်များနှင့်ပူးပေါင်းလုပ်ဆောင်သူများအား တားမြစ်ပိတ်ပင်ရန် ၎င်းအနေဖြင့် အမိန့်ထုတ်ပြန်နိုင်ကြောင်းလည်း သတိပေး ပြောကြားထားသည်။

ငြင်းဆန်

ယခု တောင်းဆိုချက်သည် ကြားဖြတ်အစိုးရအဖွဲ့ ဖွဲ့မည့် အမေရိကန်၏အစီအစဉ်ကို ကမောက်ကမဖြစ်စေနိုင်သည်။ ထိုအတောအတွင်း စစ္စတာနီသည် အီရတ် အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း အမေရိကန်အာဏာပိုင်များနှင့် အဆိုပါကိစ္စကို ဆွေးနွေးရန် ငြင်းဆန်ခဲ့ကြောင်း သိရသည်။ **(စီစီတီဗွီ)**

ဘဂ္ဂဒက်မြို့လယ်ဗုံးပေါက်ကွဲမှု အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခြင်းဖြစ် အီရတ်ခုခံရေးသမားများ နည်းဗျူဟာသစ်ကို အသုံးပြုလာ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ယမန်နေ့က လမ်းဘေးထောင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူအမြောက်အမြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဘဂ္ဂဒက်၌ ခရစ္စမတ်ကာလမှ နှစ်သစ် ပထမနှစ်ပတ်ခန့်ထိ ဗုံးပေါက်ကွဲမှုမရှိခဲ့ဘဲ ငြိမ်သက်နေရာမှ ယမန်နေ့က ပထမဆုံးအကြိမ်အဖြစ် လူစည်ကားရာ နေရာမှာ လမ်းဘေးဗုံး ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

စိုးရိမ်

အဆိုပါကာလအတွင်း ဘဂ္ဂဒက်အပြင်ဘက် နယ်မြေများတွင် အမေရိကန်ရဟတ်ယာဉ် ပစ်ချခံရမှုများဖြစ်ပွားခဲ့သည်။ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စစ်ဆေးမှု ပြုလုပ်နေကြောင်းနှင့် နိုင်ငံခြားရေးအခြေအနေ မတည်ငြိမ်မှုကြောင့် ယခုကဲ့သို့ ဖြစ်ရပ်များ ဆက်လက်ဖြစ်ပွားလာမည်ကို စိုးရိမ်နေကြသည်။

နည်းဗျူဟာသစ်

ယခုလို အဝေးထိန်းကိရိယာဖြင့် ဗုံးပေါက်ကွဲမှုများကို ယခင်က မတွေ့ကြုံဘူးကြောင်း၊ နည်းဗျူဟာအသစ်ကို အီရတ် ခုခံတိုက်ခိုက်ရေးသမားများက စတင် သုံးစွဲလာခြင်း ဖြစ်ဟန်တူကြောင်း ပြောကြားနေကြသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အမြန်နှုန်းရထားပို့ဆောင်ရေးဝန်ဆောင်မှု တောင်ကိုရီးယားတွင် ဧပြီ ၁ ရက်မှစတင်မည်

ဆိုးလ် ဇန်နဝါရီ ၂၀

တောင်ကိုရီးယားနိုင်ငံသည် ဧပြီ ၁ ရက်၌ အမြန်နှုန်းရထားပို့ဆောင်ရေးဝန်ဆောင်မှုကို စတင်ချိန်တွင် အဓိကမြို့ကြီးများကြား ရထားဖြင့် ခရီးသွားလာသည့်အချိန်ကို လျှော့ချသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

အမြန်နှုန်းဖြင့်မောင်းသော တောင်ကိုရီးယား အမြန်ရထားသည် အများဆုံးတစ်နာရီလျှင် ၁၈၆ မိုင်နှုန်းရှိရာ ဆိုးလ်နှင့်ပူဆန်ကြားကို ရိုးရိုးရထားဖြင့် လေးနာရီနှင့် ဆယ်မိနစ်ကြာရာမှ နှစ်နာရီသာ ကြာတော့မည် ဖြစ်သည်။

တောင်ကိုရီးယား အမြန်နှုန်းမောင်းရထားကို ပြင်သစ်နိုင်ငံ၏ ကျည်ဆန်ရထား နည်းပညာရပ်အတိုင်း အသုံးချထားပြီး ပြင်သစ် အင်ဂျင်နီယာအုပ်စု အယ်လ်စတွမ်က တည်ဆောက်ပေးသည်။ **အမ်အင်အေ၊ရိုက်တာ**

ဗုံးပါကြောင်း ခြိမ်းခြောက်စာတွေ့ရှိ ဒယ်လ်တာလေယာဉ် လမ်းကြောင်းပြောင်းခဲ့ရ

ဘာလင် ဇန်နဝါရီ ၂၀

ဂျာမနီနိုင်ငံမှ အမေရိကန်နိုင်ငံသို့ပျံသန်းခဲ့သည့် ဒယ်လ်တာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် အိုင်ယာလန်သို့ လမ်းကြောင်းပြောင်းခဲ့ရသည်။

ဖရင့်ဖတ်မှ အတ္တလန်တာသို့ ပျံသန်းသော လေယာဉ်၌ ဗုံးပါရှိကြောင်း ခြိမ်းခြောက်သည့် စာတစ်စောင်ကို လေယာဉ်ပေါ်တွင် ရှာဖွေတွေ့ရှိပြီးနောက် အိုင်ယာလန်လေဆိပ်သို့ ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း အိုင်းရစ်လေဆိပ်အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရ အမျိုးသမီးက ပြောကြားခဲ့သည်။

လေယာဉ်ပေါ်ပါ ခရီးသည်အားလုံးကို လုံခြုံရာနေရာသို့ရွှေ့ပြောင်းပြီး အဆိုပါစာနှင့်ပတ်သက်သည့်ကိစ္စကို ဆုံးဖြတ်နိုင်ရန် ခရီးသည်များကို စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရတ်အမျိုးသမီး လုံခြုံရေး ရဲတပ်ဖွဲ့ဝင်တစ်ဦး အီရတ်တောင်ပိုင်း၌ သေနတ်ပစ်ခံရပြီး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံတောင်ပိုင်း ဒီဝမ်နီယာမြို့တွင် အီရတ်အမျိုးသမီး ရဲတပ်ဖွဲ့ဝင်တစ်ဦး ပစ်သတ်ခံရကြောင်း အယ်လ်တာခီသတင်းစာက တနင်္လာနေ့၌ ရေးသားဖော်ပြလိုက်သည်။

အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သိမ်းပိုက်ခဲ့ချိန်မှစပြီး ယခုသေဆုံးသော အီရတ်အမျိုးသမီး ရဲတပ်ဖွဲ့ဝင်သည် ပထမဆုံးဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

အပစ်ခံရ

ဒီဝမ်နီယာ အမျိုးသမီး ရဲတပ်ဖွဲ့ဝင်သုံးဦးသည် အလုပ်သို့ အသွားတွင် တိုက်ခိုက်ရေးသမားများက အပစ်ခံရခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်ဆလမ်ဂျူ မာဟာရင်က ပြောကြားသည်။

ဒဏ်ရာပြင်းထန်

ထိုသို့ပစ်ခတ်ခံရသဖြင့် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာပြင်းထန်စွာရကြောင်း ၎င်းက ပြောဆိုသည်။ ယင်းအမျိုးသမီးရဲတပ်ဖွဲ့ဝင်သုံးဦးမှာ အီရတ် ရဲတပ်ဖွဲ့တွင် အမှုထမ်းနေသော ညီအစ်မများ ဖြစ်ကြသည်ဟု ဆိုသည်။

စုံစမ်းစစ်ဆေး

တိုက်ခိုက်ရေးသမားတစ်ဦးကို မိထားပြီး စုံစမ်းစစ်ဆေးနေကြောင်း ဟာရင်ကပြောသော်လည်း သေဆုံးသည့် အမျိုးသမီးရဲတပ်ဖွဲ့ဝင်၏ အမည်နှင့် ဖြစ်ပွားသည့်နေ့ရက်ကိုမူ မပြောဘဲထားသည်။ အီရတ်ကြားဖြတ်အုပ်ချုပ်ရေးအဖွဲ့သည် ဘဏ်များနှင့် အခြားဌာနများတွင် အမျိုးသမီးများကို ရှာဖွေရန်အတွက် အီရတ်အမျိုးသမီး လုံခြုံရေးတပ်ဖွဲ့ဖွဲ့ရန် ဆုံးဖြတ်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ

အာဖဂန်တောင်ပိုင်းရှိ အမေရိကန်စခန်း တိုက်ခိုက်ခံရသဖြင့် တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၀

အာဖဂန်နစ္စတန်တောင်ပိုင်းအူ ရုဇ်ဂန်ပြည်နယ်ရှိ အမေရိကန် စစ်အခြေစိုက်စခန်းတစ်ခုကို မသင်္ကာဖွယ် တိုက်ခိုက်ရေးသမားများက တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ပြောခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ထိုသို့တိုက်ခိုက်ရာတွင် ပူးပေါင်းတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်သဖြင့် တိုက်ခိုက်သူတစ်ဦး သေဆုံးကြောင်း ၎င်း၏ပြောဆိုချက်အရ သိရသည်။

အခြားအမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ ကဘူးလ်အရှေ့ဘက် ဆင်ခြေဖုံးအရပ်တစ်ခုတွင် ယာဉ်မတော်တဆ တိုက်ခိုက်မိသဖြင့် ရရှိခဲ့သောဒဏ်ရာဖြင့် ယခုအစောပိုင်း၌ သေဆုံးသွားခဲ့ရာ ၂၀၀၁ ခုနှစ် အောက်တိုဘာလ၌ အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်များ ထိုးစစ်ဆင်ခဲ့ချိန်မှစပြီး အယောက် ၁၀၀ မြောက် သေဆုံးသော တပ်ဖွဲ့ဝင်ဖြစ်သွားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ဇန်နဝါရီ ၁၉ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့ရှိ အမေရိကန်စစ်စခန်းတစ်ခုရှေ့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအနီးမှ အီရတ်တို့ ဖြတ်သန်းသွားစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ရှာဖွေစစ်ဆေး

ဇန်နဝါရီ ၂၀ ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တို့အား ရှာဖွေစစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မှု တိုကျိုတွင် ဆန္ဒပြ

တိုကျို ဇန်နဝါရီ ၂၀

ဂျပန်နိုင်ငံ၏ အကြိုမြေပြင် တပ်စုအဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ ရောက်ရှိချိန်တွင် ရာပေါင်းများစွာသော ဂျပန်ဥပဒေအမတ်များ၊ လှုပ်ရှားသူများနှင့် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များသည် တိုကျိုမြို့၌ ဆန္ဒပြခဲ့ကြသည်ဟု သိရသည်။

ရေးသား

တပ်ဖွဲ့ဝင် ၃၀ပါ ဂျပန်မြေပြင်တပ်စုသည် အီရတ်တောင်ပိုင်းသို့ ဆိုက်ရောက်ချိန်တွင် အတိုက်အခံဥပဒေပြု အမတ်များနှင့် လှုပ်ရှားသူ ၂၀၀ ခန့်သည် တိုကျိုမြို့လယ်၌ ဆန္ဒပြခဲ့ကြသည်ဟု ကျိုဒိုသတင်းစာက ရေးသားလိုက်သည်။

ဖြန့်ချ

အီရတ်နိုင်ငံတောင်ပိုင်း၌ ဂျပန်တပ်ဖွဲ့ဝင်များ ယခုကဲ့သို့ ဖြန့်ချခြင်းသည် ဒုတိယကမ္ဘာစစ်မှစပြီး ပထမဆုံးအကြိမ် တိုက်ပွဲဖြစ်ရာဒေသ၌ တပ်ဖွဲ့ဝင်များ ဖြန့်ချခြင်းဖြစ်သည်။ နံနက်ပိုင်းကလည်း ဆန္ဒပြသူ ၆၀၀ ခန့်သည် ပါလီမန်အဆောက်အအုံနှင့် ကိုအိဇုမိ၏ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ရုံးချုပ်ဝန်းကျင်၌ ချီတက်ဆန္ဒပြခဲ့ကြသည်။ ဂျပန်ပါလီမန်သည် ဒီဇင်ဘာ ၉ ရက်က ကြေညာခဲ့သော အီရတ်သို့ ဂျပန်တပ်ဖွဲ့ဝင် ၁၀၀၀စေလွှတ်မှုကို အတည်ပြုထားဆဲဖြစ်သည်။

(အင်တာနက်)

အီရတ်စစ်ပွဲကို သမ္မတဘုရှ် ဆင်နွှဲခဲ့မှုကြောင့် နိုင်ငံတကာ၌ အမေရိကန်တို့ ဂုဏ်သိက္ခာကျဆင်းခဲ့ရ

ဝါရှင်တန် ဇန်နဝါရီ ၂၁

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ ပြည်သူလူထုထောက်ခံအတည်ပြုနှုန်းမှာ မှန်မှန်ရှိနေသော်လည်း ပြည်တွင်းရေးကိစ္စများတွင် ဒီမိုကရက်တို့က ပိုမိုကောင်းမွန်သောလုပ်ငန်းတစ်ရပ်ကို လုပ်ဆောင်လိမ့်မည်ဟု ယုံကြည်ထားသော အမေရိကန်ပြည်သူလူထု အရေအတွက်က ပိုများသည်ဟု အေဘီစီဝါရှင်တန်ပို့စ်၏ အင်္ဂါနေ့က ထုတ်ပြန်သော လူထုသဘောထားစစ်တမ်းအရ သိရသည်။

အင်္ဂါနေ့ညပိုင်း၌ နိုင်ငံသို့နှစ်ပတ်လည် မိန့်ခွန်းပြောကြားသော ဘုရှ်က ရရှိသောထောက်ခံအတည်ပြုနှုန်းမှာ ၅၈ ရာခိုင်နှုန်းဖြစ်ရာ ဇူလိုင်လမှစပြီးရခဲ့သော နှုန်းအတိုင်းဖြစ်သည်။

< အနည်းအကျဉ်းသာ >

ဒီမိုကရက်သမ္မတလောင်းတစ်ဦးနှင့်ယှဉ်ရာတွင် ဘုရှ်အပေါ် ထောက်ခံအတည်ပြုမှု ၄၈ရာခိုင်နှုန်းရှိပြီး ဒီမိုကရက်သမ္မတလောင်းတစ်ဦးအပေါ် ထောက်ခံအတည်ပြုမှုသည် ၄၆ ရာခိုင်နှုန်းရှိသဖြင့် အနည်းအကျဉ်းမျှသာ အသာရသည်ကို တွေ့ရသည်။

သို့ရာတွင် ဇန်နဝါရီ ၁၅ရက်မှ ၁၈ရက်ထိပြုလုပ်သော လူထုသဘောထား စူးစမ်းချက်၌ ဘုရှ်၏သမ္မတရာထူးကို အတည်မပြု မထောက်ခံသည့် ရာခိုင်နှုန်းသည် ၃၀ ရာခိုင်နှုန်းရှိခဲ့ရာ ၂၀၀၁ခုနှစ် ဇန်နဝါရီလ၌ ဘုရှ်သမ္မတရာထူးစတင်လက်ခံခဲ့ချိန်မှစပြီး အမြင့်ဆုံးထောက်ခံ အတည်မပြုခြင်းဖြစ်သည်။

< ကျဆင်း >

အီရတ်ကိစ္စကို ဘုရှ်ကိုင်တွယ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ထောက်ခံအတည်ပြုချက် ၅၅ ရာခိုင်နှုန်းရှိရာ လွန်ခဲ့သည့် တစ်လကရှိခဲ့သော ထောက်ခံအတည်ပြုရာခိုင်နှုန်း ၆၀ မှ ကျဆင်းသွားခဲ့သည်။ အီရတ်အပေါ် စစ်ပွဲဆင်နွှဲချိန်မှစ၍ နိုင်ငံတကာ၌လည်း အမေရိကန်တို့ ဂုဏ်သိက္ခာ ကျဆင်းခဲ့ရသည်။

အမ်အင်အေ၊ ရိုက်တာ

ကြည့်ရှု

ဇန်နဝါရီ၁၉ ရက်က မိုဆူးလ်မြို့တွင် လုံခြုံရေးကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို အီရတ်လူငယ်များ မကျေမနပ် ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့ကိုအလိုမရှိကြောင်း ကြွေးကြော် ဘာဆာရာ၌ အီရတ်ပြည်သူထောင်ပေါင်းများစွာဆန္ဒကျင်ဆန္ဒပြ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

အင်အား ၃၀၀၀၀ထိရှိသော ဘာဆာရာ၌ ဆန္ဒပြသူများသည် လမ်းများပေါ်၌ အမေရိကန်ကို အလိုမရှိ၊ အယ်လ်စစ္စတာနီကို ထောက်ခံသည်ဟူ၍ အော်ဟစ် ဆန္ဒပြကြကြောင်း သိရသည်။

ဘာဆာရာ၌ ဆန္ဒပြသူများသည် အမေရိကန်တို့ အဆိုပြုသလို မဟုတ်ဘဲ အီရတ်နိုင်ငံ၏ အာဏာပိုင်အဖွဲ့သစ်ကို တိုက်ရိုက် ရွေးချယ်ရန် တိုက်တွန်းခဲ့ကြသည်။

အီရတ်ရှီးယား ဘာသာရေးခေါင်းဆောင် ဟိုဂျက်အယ်လ်အစ္စလမ်အဗ္ဗဒူဟာတင်အလာဖီသည် ဂျော့ဘုရှ်နှင့် တိုနီဘလဲတို့ထံ စာရေး၍ အီရတ်တို့အား အုပ်ချုပ်ရေး လွှဲပြောင်းပေးမည့် ၎င်းတို့၏ တာဝန်ခံချက်ကို မေးမြန်းလိုက် သည်ဟု သိရသည်။

ဂျော့ဘုရှ်နှင့် တိုနီဘလဲတို့ထံ ၎င်းစာရေးသားသည်ဆိုသော သတင်းသည် အီရတ်တောင်ပိုင်း ဘာဆာရာမြို့၌ အီရတ်လူမျိုးထောင်ပေါင်းများစွာ ဆန္ဒပြနေကြချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဘာဆာရာ၌ ဖြစ်ပေါ်နေသော အရေးကိစ္စကို အီရတ်ရှိ အမေရိကန် ထိပ်တန်းအရာရှိသည် ဝါရှင်တန်၌ သမ္မတဘုရှ်နှင့် ယနေ့တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အစိုးရသစ်ကို မည်သို့ရွေးချယ်မည်ဆိုခြင်းနှင့် ပတ်သက်၍ သဘောတူချက်မရလျှင် အမေရိကန်ဦးဆောင်သော သိမ်းပိုက်မှုသည် နောက်ထပ်နှစ်နှစ်ကြာသွားနိုင်ကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီ ခေါင်းဆောင် အက်ဒ်နန်ပါချာချီက သတိပေးထားသည်။

(အင်တာနက်)

အုပ်ချုပ်မှုပြန်လည်လွှဲပြောင်းရေး အစီအစဉ် အလျှော့ပေးမှု ညှိနှိုင်းမှုများရှိလာ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

အီရတ်ဆိုင်ရာ အမေရိကန်အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာသည် အမေရိကန်သမ္မတနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အီရတ်တို့ လက်ဝယ်သို့ အချုပ်အခြာအာဏာ ပြန်လည်လွှဲပြောင်းရေးလုပ်ငန်းစဉ်မှာ အလျှော့ပေးညှိနှိုင်းမှုများရှိကြောင်း ပြောကြားခဲ့သည်။

ခြိမ်းခြောက်

အီရတ်နိုင်ငံတွင်း အရေးပါသော ရှီးယားခေါင်းဆောင်တစ်ဦးဖြစ်သည့် အယာတိုလာအယ် စစ္စတာနီက အမေရိကန်တို့အနေနှင့် တိုက်ရိုက်ရွေးကောက်ပွဲကျင်းပမပေးလျှင် သပိတ်မှောက်မှုများနှင့် ဆန္ဒပြမှုများဆောင်ရွက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်မှုထွက်ပေါ်လာပြီးနောက် ယခုလို ဘရီမာကပြောကြားခဲ့ခြင်းဖြစ်သည်။

လိုလား

အီရတ်ပြည်သူများက အမေရိကန်တို့၏ အစီအစဉ်ကို ပယ်ချခဲ့ပြီး လူဦးရေအလိုက် မဲဆန္ဒနယ်များ သတ်မှတ်ရွေးချယ်မည့်နည်းလမ်းကို လိုလားကြောင်း စစ္စတာနီနှင့် ၎င်းကိုထောက်ခံသူများက ဖော်ပြခဲ့ကြသည်။

(စီအက်ဖ်အိုင်)

စစ်ပွဲဖြစ်ပွားမှုကြောင့် အီရတ်ရေနံလုပ်ငန်းများပျက်စီးခဲ့ရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

ယခုနှစ်ကုန်၌ အီရတ်နိုင်ငံ၏ ရေနံထုတ်လုပ်မှုကို တစ်နေ့လျှင် စည်သုံးသန်းထိတိုးထုတ်ရန် စီစဉ်ထားကြောင်း အီရတ်ရေနံဝန်ကြီး အီဗရာဟင်ဘာဟာ အယ်လ်အူလွမ်းကပြောကြားသည်။

လက်ရှိထုတ်လုပ်မှုမှာ တစ်နေ့လျှင် စည်၂ ဒသမ ၃၅သန်းဖြစ်ပြီး ယခုနှစ်၏ ဒုတိယသုံးလပတ်၌ တစ်နေ့လျှင် စည် ၂ ဒသမ ၈ သန်းထိထုတ်ရန် စီစဉ်ထားကြောင်း အယ်လ်အူလွမ်းက ပြောဆိုသည်ဟု အယ်လ်နာသာသတင်းစာက ရေးသားဖော်ပြသည်။

အီရတ်နိုင်ငံသည် ပြီးခဲ့သည့်လ၌ လောင်စာဆီပြတ်လပ်ခြင်းနှင့် ကြုံခဲ့ရသဖြင့် အီရတ်ရေနံဝန်ကြီးဌာနသည် အိမ်နီးချင်းနိုင်ငံများမှ ရေနံထုတ်ကုန်ပစ္စည်းများကို အများအပြားတင်သွင်းခဲ့ရသည်။

စစ်ပွဲများဖြစ်ပွားမှုနှင့် စီးပွားရေးပိတ်ပင်အရေးယူခြင်းခံရမှုတို့ကြောင့် အပိုပစ္စည်းများမရှိသဖြင့် အီရတ်ရေနံလုပ်ငန်း ကြီးကြီးမားမားပျက်စီးခဲ့ရသည်။

ရေနံအခြေခံ အဆောက်အအုံများပြန်လည်ပြင်ဆင်ရန်အတွက် ဒေါ်လာ ၃၀ဘီလီယံကျော်လိုမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ အီရတ်နိုင်ငံသည် စစ်မဖြစ်မီ၌ ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)က သတ်မှတ်ထားသည့် ခွဲတမ်းနှင့်အညီ ၁၉၉၀ပြည့်နှစ်မတိုင်ခင်က တစ်နေ့လျှင် ရေနံစည် ၃ ဒသမ ၅ သန်း ထုတ်လုပ်ခဲ့သည်။

ပြီးခဲ့သည့်နှစ်က အဆုံးသတ်ခဲ့သော အစားအစာအတွက် ရေနံအစီအစဉ်အရ အီရတ်ပြည်သူများအား အစားအစာနှင့် ဆေးဝါးများပေးရန် တစ်နေ့လျှင် ရေနံစည်သုံးသန်း ရောင်းချခွင့်ရခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ရေနံကို ရွှေနှင့်သာရောင်းချရန် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာပြောကြား

ဂျီဒါ(ဆော်ဒီအာရေဗျ) ဇန်နဝါရီ ၁၈

အမေရိကန်ဒေါ်လာ၏ ငွေကြေးတန်ဖိုးသည် ကျဆင်းလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် တန်ဖိုးနစ်နာဆုံးရှုံးမှုမရှိစေရန် ဒေါ်လာနှင့်မရောင်းဘဲ ရေနံကိုရွှေဖြင့်သာရောင်းချသင့်သည်ဟု မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က ပြောကြားသွားသည်။

ရေနံဈေးနှုန်းမှာ တစ်စည်လျှင် ၃၃ ဒေါ်လာနှုန်းဈေးပေါက်ပြီး ယူရိုငွေကြေးနှင့်ယှဉ်လျှင် အမေရိကန်ငွေသည် ၄၀ရာခိုင်နှုန်း တန်ဖိုးကျဆင်းနေသည်။ သို့ဖြစ်၍ ရေနံကို ဒေါ်လာငွေဖြင့် ရောင်းချနေခြင်းသည် အမှန်တန်ဖိုးအားဖြင့် ရေနံတစ်စည်လျှင် ဒေါ်လာ ၂၀မျှသာရှိနေသည့် သဘောသက်ရောက်နေသည်ဟု မဟာသီယာက စီးပွားရေးကွန်ဖရင့်တွင် မိန့်ကြားသွားသည်။ ထိုစီးပွားရေး ကွန်ဖရင့်သည် ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီဆိပ်ကမ်းမြို့ ဂျီဒါတွင် ကျင်းပလျက်ရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံအများဆုံး တင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ အယူအဆမှာ ကမ္ဘာပေါ်၌ ရေနံဈေးနှုန်းမြင့်တက်နေပြီး ဒေါ်လာဈေးနှုန်းလည်း ကျလျက်ရှိရာ ဒေါ်လာကို ကျားကန်ပေးရန်လိုအပ်သည်ဟု ယူဆကြောင်း မဟာသီယာက ပြောဆိုသည်။

မဟာသီယာသည် လွန်ခဲ့သောနှစ် အောက်တိုဘာလကမှ မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ်မှ အနားယူခဲ့ခြင်းဖြစ်သည်။ ၎င်းဝန်ကြီးချုပ် တာဝန်ထမ်းဆောင်နေစဉ် တစ်လျှောက်လုံးလိုလို အနောက်နိုင်ငံများ၏ စီးပွားရေးအယူအဆများကို ဆန့်ကျင်အန်တုခဲ့သောကြောင့် ၎င်းကို အနောက်နိုင်ငံများက မလိုလားခဲ့ကြဟုဆိုသည်။ သို့သော် မဟာသီယာမှာ မွတ်စလင်နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ အလယ်တွင် အသိအမှတ်ပြုခံရသူဖြစ်သည်။ ဂျီဒါအစည်းအဝေး၌လည်း မဟာသီယာကို အရေးထားလေးစားကြကြောင်းသိရသည်။ **(အင်တာနက်)**

နော့တင်ဟမ်မှ တပ်ဖွဲ့ဝင်ကိုးဦး သေနတ်ကျည်ဆန်များပါမလာ

နော့တင်ဟမ် ဇန်နဝါရီ ၁၈

အီရတ်စစ်မြေပြင်သို့ ပို့လိုက်သော နော့တင်ဟမ်မှ တပ်ဖွဲ့ဝင်ကိုးဦးတွင် ၎င်းတို့၏ ရိုင်ဖယ်သေနတ်များ၌ ထည့်ပစ်ရန် ကျည်ဆန်များမပါကြောင်း နော့တင်ဟမ်စစ်ရဲတစ်ဦးက ပြောကြားသည်။

နော့တင်ဟမ်မှ တပ်ဖွဲ့ဝင်များသည် ၎င်းတို့ကိုယ်စီ၌ ကျည်ဆန်လုံလောက် မှုမရှိခြင်းကြောင့် ဘာဆာရာရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များထံမှ ကျည်ဆန်တောင်းခံခဲ့ရကြောင်း အဆိုပါ နော့တင်ဟမ်တပ်ဖွဲ့ဝင်များက ပြောဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဇန်နဝါရီ ၁၉ ရက်က အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ နယူးကာဆယ်နှင့် ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (ယင်းပွဲတွင် နယူးကာဆယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

လက်ခံတွေ့ဆုံ

ဇန်နဝါရီ ၂၁ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘယ်လ်ဂျီယံနိုင်ငံ Support Fund Myanmar ဥက္ကဋ္ဌ Mrs.Yve Callebaut အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၀

▼ အိုင်တီနည်းပညာမှ

မြန်မာနိုင်ငံတွင်အိုင်တီနည်းပညာများ ပြည်သူလူထုအတွင်းကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် အိုင်စီတီပြပွဲများကို ကျင်းပပြုလုပ်လျက်ရှိရာ ယခုအခါ တတိယအကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။

ထို့ကြောင့် တတိယအကြိမ် မြန်မာ့အိုင်စီတီရက်သတ္တပတ်ပြပွဲ-၂၀၀၄ ခင်းကျင်းပြသရာသို့ မြန်မာ့အလင်းအဖွဲ့က သွားရောက်ပြီး ပြပွဲခင်းကျင်းပြသမှုများအပေါ် မေးမြန်းခဲ့သည်။

တတိယအကြိမ်မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ-၂၀၀၄မှပြပွဲတာဝန်ရှိသူ တစ်ဦးဖြစ်သည့် အထွေထွေမန်နေဂျာဦးသောင်းညွန့်က ပြောကြားရာတွင် "ယခုကဲ့သို့ ပြပွဲကျင်းပရခြင်းမှာ ပြည်သူများအိုင်တီနည်းပညာ ပိုမိုနားလည်ကျွမ်းဝင်မှုရှိစေရန်၊ အိုင်တီနည်းပညာဖြင့် တိုင်းပြည်စီးပွားရေး တိုးတက်အောင်

"အိုင်တီနည်းပညာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင်နှင့် အိုင်တီနည်းပညာဖြင့် နိုင်ငံတော်ကိုပံ့ပိုးနိုင်ရန်အတွက် ရည်ရွယ်ပြသခြင်းဖြစ်"

ဦးဝင်းမြင့်(ကွန်ပျူတာကမ္ဘာပြခန်းတာဝန်ခံ)

ပံ့ပိုးနိုင်မည့် အနေအထားရောက်ရှိရန်၊ ကမ္ဘာ့နိုင်ငံများ၏ အိုင်တီအသုံးချမှုကို သိရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ယခုပြပွဲတွင် အိုင်တီနည်းပညာဆိုင်ရာ ကုမ္ပဏီပေါင်း ၇၀ မှ ပြခန်း ၄၀ ကျော် ပြသထားသည်။ ပြခန်းများတွင် အိုင်တီနည်းပညာနှင့် ပတ်သက်သော ခေတ်မီပစ္စည်းများဖြင့် ထည့်သွင်းပြသထားသဖြင့် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

ပထမဦးစွာ Forever Group. MM Box ပြခန်းတွင် ပြခန်းတာဝန်ရှိသူတစ်ဦးဖြစ်သူ မခိုင်စပယ်ဝင်းက ပြောကြားရာတွင်"မိမိတို့ ပြခန်းတွင် မြန်မာ့မီဒီယာဘောက်စ် (MM Box)၏ ဝန်ဆောင်မှုလုပ်ငန်းကို ပြသထားကြောင်း၊ MM Boxသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံး မိတ်ဆက်ပေးသည့် အိုင်တီနည်းပညာသုံး ပစ္စည်းဖြစ်ပါကြောင်း၊ အဆိုပါ အိုင်တီနည်းပညာသုံးပစ္စည်းသည် ပြည်သူများအတွက်အလွန်အသုံးဝင်ပြီး ကောင်းမွန်သော ဝန်ဆောင်မှုကိုပေးပါကြောင်း၊ အိမ်တွင် တီဗွီတစ်လုံးရှိရုံမျှနှင့် အသုံးတည့်ပါကြောင်း၊ အခြားအဆင့်မြင့် အိုင်တီနည်းပညာဆိုင်ရာ ပစ္စည်းများလည်း ပြသထားပါကြောင်း၊ ပြည်သူများ အိုင်တီနည်းပညာဆိုင်ရာ ပစ္စည်းများ သုံးစွဲနိုင်ရေးအတွက် မိမိတို့တတ်နိုင်သမျှ အားဖြည့်ဆောင်ရွက်ပေးထားပါကြောင်း" ပြောကြားသွားသည်။

ထို့နောက် တတိယအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ -၂၀၀၄တွင် ပါဝင်ပြသလျက်ရှိသော ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးလုပ်ငန်းမှ ပြသလျက်ရှိသော ပြခန်းတွင် ပြခန်းတာဝန်ခံဒေါ်ဘိုဘိုထွန်းက ရှင်းပြရာတွင်"မိမိတို့ပြခန်းတွင် ခေတ်မီနည်းပညာနှင့် အသုံးပြုနိုင်သည့် ဆက်သွယ်ရေးစနစ်သစ်ကို ပြည်သူများသိရှိစေရန် မြန်ဆန် လုံခြုံရွေးထွေးဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိသော ဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်သည့် ခေတ်မီနည်းပညာသုံးစွဲမှုများကို ပြည်သူများသိရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့်ပြသခြင်းဖြစ်ကြောင်း၊ ပြခန်းတွင် အခမဲ့ဖုန်း၊ ဖက်စ်၊အီးမေးလ်၊ အင်တာနက်များအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ပြပွဲလာပြည်သူများကို ဆက်သွယ်ရေးဆိုင်ရာတွင် အိုင်တီနည်းပညာဖြင့် ပြည်သူများအတွက် ဝန်ဆောင်မှုပေးရာတွင် ပိုမိုလျင်မြန်စွာ ဆောင်ရွက်နေသည်ကို သိရှိစေရန်ဖြစ်ကြောင်း ပြောကြားပြီး အများပြည်သူသုံးဖုန်းကတ်များ၊ မြန်မာပြည်တွင်ထုတ်လုပ်သည့် တယ်လီဖုန်းအိတ်ချိန်းပြကွက်၊ အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်း ဆက်သွယ်ရေးစနစ်ပြကွက်များပါဝင် ပြသထားကြောင်း"ပြောကြားသည်။

တစ်ဖန် MMG(Myanmar Millenniun Group)ပြခန်းမှ ပြခန်းတာဝန်ခံ ဦးကျော်လှိုင်ဦးကို မေးမြန်းရာ"မိမိတို့ပြခန်းတွင် ကွန်ပျူတာကွန်ရက်နှင့်ပတ်သက်သော ပစ္စည်းများနှင့် အင်တာနက်ချိတ်ဆက်ရာတွင် လုံခြုံမှုရှိစေရန်သုံးသောပစ္စည်းများကို ပြသထားပါကြောင်း၊ ယင်းပစ္စည်းများသုံးစွဲမှုကြောင့် အိုင်တီနည်းပညာ အသုံးဝင်ပုံနှင့် အိုင်တီနည်းပညာဆိုင်ရာ ပစ္စည်းများကို ပြည်သူများ ပိုမိုနားလည်အသုံးပြုလာနိုင်စေရန်ဖြစ်ကြောင်း၊ ထို့ပြင် ကွန်ပျူတာကွန်ရက်တွင်လည်း ကြိုးနှင့်ရော ကြိုးမဲ့ပါသုံးသည့် နက်ဝပ်ပစ္စည်းများ ပြသထားပါကြောင်း"ပြောကြားသည်။

ထို့နောက် ACE Data Systemပြခန်းတွင် ပြခန်းတာဝန်ခံ မမီမီအေးက ရှင်းလင်းပြောပြရာတွင် "ACE မှ တီထွင်ထားသော ဆော့ဖ်ဝဲလ်များကို ပြသထားပါကြောင်း၊ အဆိုပါ ဆော့ဖ်ဝဲလ် ပစ္စည်းများကို အသုံးပြုခြင်းဖြင့် ပြည်သူများ၏ဝန်ဆောင်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ပြခန်းတွင် ကွန်ပျူတာများနှင့် အိုင်တီနည်းပညာဆိုင်ရာ ပစ္စည်းများပြသထားပါကြောင်း" ပြောကြားသည်။

ကွန်ပျူတာကမ္ဘာပြခန်းမှ ဦးဝင်းမြင့်ကလည်း "ပြခန်းတွင် ကွန်ပျူတာနှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများအားလုံးကို ပြသထားပါကြောင်း၊ စီးပွားရေးသုံး၊ အိမ်သုံး၊ ကျောင်းသုံးကွန်ပျူတာများကို ပြသထားပါကြောင်း၊ လာရောက် ကြည့်ရှုသူများအတွက် အိုင်တီနည်းပညာဆိုင်ရာ ဆက်စပ်ပစ္စည်းများကိုလည်း ပြသထားပါကြောင်း" ပြောကြားသည်။

ကွင်းစတား(Queen Star)ပြခန်းတွင် အိုင်တီနည်းပညာနှင့် နောက်ဆုံးပေါ် ပီစီကွန်ပျူတာများကို ခင်းကျင်းပြသထားသည့်အပြင် Networkပစ္စည်းများကိုလည်းပြသထားသည်။ ကွန်ပျူတာနှင့်အင်တာနက် ချိတ်ဆက်နိုင်သော ပစ္စည်းများကိုလည်း ပြသထားရာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ထို့ကြောင့် တတိယအကြိမ်မြောက် မြန်မာ့အိုင်စီတီ ရက်သတ္တပတ်ပြပွဲ-၂၀၀၄သည် လာရောက်ကြည့်ရှုသူများအနေဖြင့် အိုင်တီနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆန်းသစ်သောပစ္စည်းများ၊ ပြကွက်များသည် ခေတ်မီဆန်းသစ်သော အိုင်တီနည်းပညာသုံး ကမ္ဘာတစ်ခုသို့ ရောက်ရှိနေသလို ခံစားရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ယနေ့မြန်မာထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြုစုပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ယနေ့မြန်မာ အတွဲ(၆)၊ အမှတ်(၃) စာအုပ်ကို ယနေ့မှစ၍ စာအုပ်ဆိုင်များတွင် စတင်ရောင်းချနေပြီဖြစ်သည်။**(အောက်ပုံ)**

ယင်းစာအုပ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ ပုဂ်လူထုအစည်းအဝေး၊ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ရှမ်းပြည်နယ်ခရီးစဉ်၊ နဝမအကြိမ် အာဆီယံ ထိပ်သီးညီလာခံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းလေးနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေး၊ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့၏ မြန်မာပြည်ချစ်ကြည်ရေး ခရီးစဉ်များ၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ စာပေဆုနှင်းသဘင်၊ ဂုဏ်ရည်မြင့်မား မြန်မာအင်ဂျင်နီယာများ၊ ပန်းချီပန်းပု အရောင်းပြခန်းများနှင့် ကမ္ဘာလှည့်ခရီးသွားများအတွက် မြန်မာ့သဘာဝ အခြေခံကောင်းများ စသည့်အကြောင်းအရာများကို ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

ယင်းစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အရောင်းဆိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)နှင့်ခရိုင်ရုံး၊ မြို့နယ်ရုံးများတွင် ယနေ့မှစ၍ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၄၄)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ ဗီစီဒီ၊ စီဒီ ခိုးကူးခွေများကို တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ထိထိရောက်ရောက် အရေးယူသွားမည်၊ စက်မှုဇုန်များက ဘတ်စကားနှင့် ထရပ်ကားကြီးများ ထုတ်လုပ်ရန်ပြင်ဆင်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန လိုအပ်သည်များ ကူညီပံ့ပိုးပေး၊ ဝန်ကြီးဌာန ရှစ်ခု၊ ဌာန ၄၇ ခုနှင့် စီးပွားရေး လုပ်ငန်းရှင်များ အွန်လိုင်းစနစ်ဖြင့် လုပ်ငန်း ချိတ်ဆက်ကူးလူး ဆောင်ရွက်နိုင်မည်၊ သုံးဘီးဆိုင်ကယ်များ ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်ရောင်းချမည်စသည့် ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့် 7 Day News အတွဲ(၂)၊အမှတ် (၄၄) ထွက်ရှိနေသည်။ **(အောက်ပုံ)**

အီရတ်ပြောက်ကျား၏ ပွိုင့်သမားကိုလက်ရဖမ်းမိ၊ အီရတ်ရောက်အမေရိကန်စစ်သည်များ သေကြောင်းကြံမှု တိုးလာနေ၊ သွေးကင်ဆာ ကာကွယ်ဆေး မျှော်လင့်ချက်ရှိ စသည့် နိုင်ငံတကာသတင်း၊ ဆောင်းပါးများနှင့် စီးပွားရေး၊ ကျန်းမာရေး၊ အားကစား ကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၀၃ က ဖြန့်ချိထားသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၂၂-၁-၂၀၀၄
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဝါဏိဇ္ဇဗေဒ) (ခ)ပထမနှစ် (အရှေ့တိုင်းပညာ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနှင့်ယမင်းရွှေစင်"** (အပိုင်း-၄၀)(ဇာတ်သိမ်းပိုင်း)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း-၄)

တိမ်ဖြစ်ထွန်းမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဖွင့်လှစ်

မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကBio Matric စနစ် သုံး၍ တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဝင်များ၊ MICT Week 2004 ကျင်းပရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ MICTDC ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ Mandalay ICT Park မှ တာဝန်ရှိသူများ၊ သတင်းနှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာပညာရှင်များ၊ မြန်မာနိုင်ငံရှိ IT ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ Multimedia Development Corporation, Malaysia, Software Park of Thailand Shin Satellite, iP tel Malaysia, Sin tel Inmarsat Company တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာ ပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က Bio Matric စနစ်သုံး၍ တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တတိယအကြိမ် Myanmar ICT ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် Myanmar ICT ရက်သတ္တပတ် လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ကြမည့် ပြည်ပနိုင်ငံများမှ တက်ရောက်လာကြသည့် မိတ်ဆွေများအားလုံးကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုကြောင်း။

အရည်အသွေးမြင့်မား

လွန်ခဲ့သည့် နှစ်နှစ် ၂၀၀၂ ခုနှစ်တွင် မိမိအနေဖြင့် MICT Park နှင့် ပထမအကြိမ် Myanmar ICT ရက်သတ္တပတ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကို ကြည်နူးစွာပြန်ပြောင်း သတိရမိကြောင်း၊ ဤနှစ်နှစ်တာကာလအတွင်းတွင် MICT Park သည်ထူးခြားစွာတိုးတက်အောင်မြင်လာသည်ကို တွေ့ရှိရသည့်အတွက် အထူးပင်အားရကျေနပ်မိကြောင်း၊ MICT Park သည် မြန်မာနိုင်ငံ ICT Master Plan ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ICT လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့အဆင့်အတန်းမီ အခြေခံအဆောက်အအုံ၊ နည်းပညာတို့၏ ကူညီပံ့ပိုးမှုနှင့် ပြည်တွင်းပြည်ပရှိ လုပ်ငန်းရှင်များအား စုစည်းပေးရန်ဖြစ်ကြောင်း၊ မိမိတို့၏ရည်ရွယ်ချက်မှာ MICT Park သည် ICTအခြေခံအဆောက်အအုံ ပိုမိုဖြစ်ထွန်းလာစေရန်၊ ပြည်တွင်းနှင့်တစ်ကမ္ဘာလုံးတွင် ICT လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်၊ နိုင်ငံတော်တွင် ICT ပိုမိုဖြစ်ထွန်းစေရန်၊ ပြည်တွင်း ICTကျွမ်းကျင်သူများ၏ အရည်အသွေးမြင့်မားလာစေရန်နှင့် ICT လုပ်ငန်းရှင်အသစ်များအား ကူညီပံ့ပိုးသွားရန်တို့ဖြစ်ကြောင်း။

ရန်ကုန်မြို့ရှိ MICT Park ကို တိုးချဲ့နိုင်ရုံသာမက အဆင့်အတန်းပိုမိုမြင့်မားစေရန်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ယမန်နှစ်က မန္တလေးမြို့၌ MICT Park အသစ်တစ်ခုဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏ဆောင်ရွက်ချက်အောင်မြင်မှုကို ပေါ်လွင်စေကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းနှင့် ဤလုပ်ငန်းတွင် စိတ်အားတက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း။

အပြည့်အဝယုံကြည်

လက်ရှိ Myanmar ICT ရက်သတ္တပတ်၏ ရည်မှန်းချက်များဖြစ်သည့် နည်းပညာလွှဲပြောင်းတပ်ဆင်ရေး၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာနှင့်ပတ်သက်ပြီး ပြည်သူများအကြား အသိပညာပိုမိုတိုးတက်လာစေရေးနှင့် မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအောင်မြင်မှုများပြသရေးဆိုသည့် ရည်ရွယ်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်သွားနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပြီးဖြစ်ကြောင်း။

ယနေ့အခါသည် မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံရေးကဏ္ဍတွင် အေးချမ်းတည်ငြိမ်ပြီး ချမ်းသာကြွယ်ဝသော ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးအတွက် နိုင်ငံတော်ရှေ့လျှောက်လှမ်းမည့် လုပ်ငန်းစဉ်ခုနစ်ရပ်အကောင်အထည်ပေါ်ရေးကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍတွင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်၏စီးပွားရေးသည် ရေရှည်တည်တံ့ခိုင်မြဲသည့် တိုးတက်ရေးလမ်းကြောင်းပေါ်၌ ရောက်ရှိနေပြီဖြစ်ကြောင်း၊ လူမှုရေးကဏ္ဍတွင်လည်း ထူးခြားသောအောင်မြင်မှုများရရှိခဲ့ကြောင်း၊ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် လူသားအရင်းအမြစ်ပြုစုပျိုးထောင်ရေးတို့တွင် ထူးခြားစွာ အောင်မြင်မှုများရရှိခဲ့ကြောင်း။

နိုင်ငံတော်ကအားပေး

ထိုသို့ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်ရာတွင် နည်းပညာသည် အဓိကကျသော အခန်းကပါဝင်သည်ဆိုသည်ကို ခံယူကြောင်း၊ အထူးသဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၏အခန်းကဏ္ဍမည်မျှအရေးပါသည်ကို သိရှိပြီးဖြစ်ကြောင်း၊ ယနေ့အခါတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် ပြည်သူလူထုအားလုံးအပေါ် အကျိုးသက်ရောက်လျက်ရှိပြီး လူသားများအတွက် ပြောင်းမြောက်သည့် အနာဂတ်ဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ ကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် နိုင်ငံခြားမိတ်ဆွေများ၏ ပံ့ပိုးကူညီမှုများကြောင့် လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာသည် လျင်မြန်စွာတိုးတက်ခဲ့သည်ကို တွေ့ရှိနိုင်မှာဖြစ်ကြောင်း၊ ဤကဏ္ဍဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ခံအားပေးမှုများ ပြုလုပ်သွားမှာဖြစ်ကြောင်း။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍတွင် ထင်ရှားသော သမိုင်းမှတ်တိုင်များလည်း ဖြစ်ထွန်းလျက်ရှိကြောင်း၊ Cyber Law ရေးဆွဲရေးလုပ်ငန်းကို စနစ်တကျဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင် ဥပဒေမူကြမ်းပေါ်ထွက်လာမည်ဟု ယုံကြည်ကြောင်း။

ပိုမိုကျယ်ပြန့်လာ

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် e-ASEAN သတင်းအချက်အလက် အခြေခံအဆောက်အအုံ အကောင်အထည်ဖော်ရေး၊ e-Commerce တိုးတက်မှုကို အားပေးရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်း ပိုမိုလွယ်ကူစေရေးအတွက် ဖြေလျှော့မှုများပြုလုပ်ရေး၊ လူသားစွမ်းရည်တိုးမြှင့်က e-Society ပေါ်ပေါက်ရေးနှင့် e- Government ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အလေးထားဆောင်ရွက်ရမည့်ကဏ္ဍ ငါးခုကို အာရုံစိုက်ပြီး ဆောင်ရွက်နေရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ဥပမာသာဓကပြရမည်ဆိုလျှင် မြန်မာနိုင်ငံတွင် ယမန်နှစ်ကစပြီး e-Passport များ စတင်အသုံးပြုနေပြီဖြစ်ပြီး မြန်မာနိုင်ငံသည် ၎င်းကဏ္ဍတွင် ကမ္ဘာ့ရှေ့တန်းမှာ ရောက်ရှိနေသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံကို လာရောက်လည်ပတ်သူများ လွယ်ကူစေရန်အတွက် ယနေ့မှစပြီး e-Visa ကို အင်တာနက်ပေါ်မှ ရယူနိုင်တော့မှာဖြစ်ကြောင်း၊ ထိုနည်းတူစွာ Smart Card များအသုံးပြုမှုသည် ပိုမိုကျယ်ပြန့်လာပြီး မိမိတို့၏ Smart School များသည်လည်း နိုင်ငံတကာမှ လာရောက်သူများ၏ ချီးကျူးမှုများ ရရှိလျက်ရှိကြောင်း။

ကွန်ရက်စနစ်ထူထောင်

MICT Park တွင် လူငယ်များအတွက် သင်တန်းအမျိုးမျိုးဖွင့်လှစ်ပို့ချပေးနေသည့်အပြင် ပြည်ပနိုင်ငံများသို့လည်း သွားရောက်ပညာသင်ကြားနေကြသည့်အတွက် ကွန်ပျူတာနည်းပညာနှင့်ပတ်သက်ပြီး မိမိတို့ကို ပညာရှင်များ၏ အရည်အသွေးများ တစ်နေ့တခြား တိုးတက်လာလျက်ရှိကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် တက်ကြွစွာဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံကွန်ပျူတာအဖွဲ့ချုပ်နှင့် ကွန်ပျူတာအသင်းအသီးသီးတို့ကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ထို့အပြင် နိုင်ငံတစ်ဝန်း ကွန်ပျူတာတက္ကသိုလ်များ၊

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သိန်းဆွေက တတိယအကြိမ် မြောက် မြန်မာ့ သတင်းအချက် အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ဖွင့်ပွဲအခမ်းအနားတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကောလိပ်များ ဖွင့်လှစ်ထားရှိသည့်အတွက်လည်း ကျွမ်းကျင်သည့် ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အခြေခံပညာကဏ္ဍမှ စတင်ပြီး ကွန်ပျူတာပညာကို အခြေခံသည့် ခေတ်မီသင်ကြားမှု သင်ယူမှုစနစ်များ စတင်ကျင့်သုံးဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် အခြေခံပညာအထက်တန်းကျောင်း အားလုံးနီးပါး၊ အခြေခံပညာအလယ်တန်းကျောင်းအများစုနှင့် အခြေခံပညာမူလတန်းကျောင်းအချို့တွင် ခေတ်မီသင်ကြားမှု သင်ယူမှု စာသင်ခန်းများ တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း၊ အလားတူစွာ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း တက္ကသိုလ်နှင့် ကောလိပ်များ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အခြေခံထားသော Learning Centre များ၊ Resource Centre များ၊ e-Library များကို ဖွင့်လှစ်ထားနိုင်ပြီး ယခုဆိုလျှင် တက္ကသိုလ်နှင့် ကောလိပ်အသီးသီး အကြားတွင် ကွန်ပျူတာ ကွန်ရက်စနစ်တစ်ရပ်ကိုလည်း ထူထောင်ပေးနိုင်ခဲ့ကြောင်း။

လက်ရှိ ICT ရက်သတ္တပတ် လှုပ်ရှားမှုအတွင်းတွင် ဆော့ဖ်ဝဲလုပ်ငန်းတိုးတက်ရေးခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်မည်ဟု သိရှိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း၊ ၎င်းဆွေးနွေးပွဲများသည် များစွာအကျိုး ဖြစ်ထွန်းစေမှာဖြစ်ပြီး နိုင်ငံတွင်းတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း။

ယမန်နှစ် ၂၀၀၃ ခုနှစ်အတွင်းက ပြည်သူများအကြား သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာ ပိုမိုပြန့်ပွားစေရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာနယ်လှည့်မော်တော်ယာဉ်ကို မြို့အသီးသီးကို စေလွှတ်ပြီး ရှင်းလင်းပြသရာ များစွာအောင်မြင်မှုရရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ဤအစီအစဉ်ကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်သွားမှာဖြစ်ကြောင်း။

MICT Park နှင့်ပတ်သက်ပြီး ပြောရမည်ဆိုလျှင်လည်း ဒုတိယအဆင့်တည်ဆောက်ရေးလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် MICT Park ကို အသုံးပြုသူများအား ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ

22-1 (8).p65 1 3/24/05, 9:52 PM

ပေးနိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် Cyber Tower နှင့် Cyber Mall တည်ဆောက်မှုများသည်လည်း အဆင်ပြေချောမွေ့စွာ တိုးတက်နေသည်ကို ဝမ်းမြောက်စွာ တွေ့မြင်နေရကြောင်း။

ပူးပေါင်းဆောင်ရွက်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အသိအမှတ် ပြုသည့်အနေဖြင့် ASOCIO အာရှ–ပစိဖိတ်ဒေသဆိုင်ရာ ကွန်ပျူတာလုပ်ငန်းအသင်းသည် မြန်မာနိုင်ငံကို ASOCIO ICT AWARD 2003 ဆုကို ချီးမြှင့်ခဲ့ကြောင်း၊ မိမိတို့သည် ရရှိနေသည့် အောင်မြင်မှုများဖြင့် ကျေနပ်မနေဘဲ လုပ်ဆောင်စရာရှိသည်များကို ဆက်လက်ပြီး အားကြိုးမာန်တက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် ကွန်ပျူတာပညာရှင်များ၊ ဝါသနာရှင်များနှင့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် ပတ်သက်ပြီး အင်အားကောင်းမွန်သော နိုင်ငံတစ်နိုင်ငံဖြစ်လာရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

ဤနေရာတွင် နိုင်ငံတကာမိတ်ဆွေများ၏ တန်ဖိုးရှိလှသော ပူးပေါင်းကူညီပံ့ပိုးမှုများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ယနေ့အခါတွင် မြန်မာနိုင်ငံသည် ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ကိုရီးယား၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဤပူးပေါင်းဆောင်ရွက်မှုသည် ရှေ့တွင် ပိုမိုတိုးတက် ဖြစ်ထွန်းလာလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ များမကြာမီကကျင်းပပြုလုပ်ခဲ့သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းလေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ပုဂံထိပ်သီးအစည်းအဝေးနှင့် အာဆီယံ–ဂျပန် ထိပ်သီးအစည်းအဝေးတို့တွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၌ စွမ်းအားတိုးမြှင့်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားသည်ကိုလည်း ဝမ်းမြောက်စွာ တွေ့မြင်ရကြောင်း။

နည်းပညာတိုးတက်ရေး

နိဂုံးချုပ်အနေဖြင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကော်မီရေးရှင်း၊ မြန်မာနိုင်ငံကွန်ပျူတာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း၊ Bangan Cybertech၊ MICT Park နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုကြောင်း၊ ယခုတတိယအကြိမ် Myanmar ICT ရက်သတ္တပတ်တွင် အဘက်ဘက်မှာ အောင်မြင်မှုရရှိပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကော်မီရေးရှင်းဥက္ကဋ္ဌဗိုလ်မှူးချုပ်သိန်းဆွေက ဆောင်ရွက်ပြီးဖြစ်သည့် IT Project များ၏ အခြေအနေများကိုလည်းကောင်း၊ တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်တွင် စတင်အသုံးပြုမည့် Project များဖြစ်သည့် Certification၊ Authority (CA)၊ e-Visa၊ Budget PC၊ e-Procurementများနှင့်ပတ်သက်၍ လည်းကောင်း၊ မကြာမီဆက်လက်ဆောင်ရွက်မည့် Seafarer's Smart ID, Trade EDI တို့နှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ Inmarsat D Plus Satellite Terminal Service Provision for Vessel Trackingနှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို Bagan Cybertech Co.,Ltd. Chief Executive Officer ဒေါက်တာရဲနိုင်ဝင်းနှင့် Prognotic Services Pte.,Ltd. မှ Chief Executive Officer Mr.Ronstan Liang တို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် Cooperation in International Roaming Services နှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် Shin Satellite Public Co.,Ltd, Thailand မှ President Dr.Nong Luck Phinainitisart တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် International Roaming Services နှင့်ပတ်သက်သည့် နားလည်မှု စာချွန်လွှာကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် iPTEL Sdn Bhd, Malaysia မှ Chairman Dr. Mohd Yusof bin Ismail တို့က လက်မှတ်ရေးထိုးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်ပြပွဲ၌ ပြသထားသော မြန်မာ့ IT ကုမ္ပဏီများ၊ နိုင်ငံတကာ IT Co. များ၏ ပြခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ပထမဦးစွာ မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက် (MCC)မှတီထွင်ထုတ်လုပ်ထားသော e-Government GMIS Software ရှင်းလင်းပြသမှုကို ကြည့်ရှုကြသည်။

မြန်မာနိုင်ငံ e-Government လုပ်ငန်းများ အကောင်အထည်ဖော်သည့် လုပ်ငန်းအစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတော်အစိုးရ ဝန်ကြီးချုပ်ရုံးနှင့် ဝန်ကြီးဌာနများအကြား သတင်းပေးပို့မှု၊ အစီရင်ခံမှုအတွက် မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်(MCC)မှ တီထွင်ထုတ်လုပ်ထားသော e-Government Partalကို ဝန်ကြီးချုပ်ရုံး၌ ယနေ့ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် စတင်အသုံးပြုတော့မည်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြခန်းနှင့် ပြည်တွင်းပြည်ပကုမ္ပဏီများ၌ ခင်းကျင်းပြသထားသော Computerများ၊ Softwareနှင့် Hardwareများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ အင်တာနက်ဝန်ဆောင်မှုများ၊ အင်တာနက်တွင် ကုန်ပစ္စည်းများ ကြော်ငြာခြင်းဝန်ဆောင်မှုများ၊ သင်ကြားရေးအထောက်အကူပြု စီဒီရွှမ်များ၊ ရုံးလုပ်ငန်းသုံး၊ စီးပွားရေးလုပ်ငန်းသုံး Softwareများ ဒီဂျစ်တယ်နှင့် ဆက်စပ်အသုံးပြုနိုင်သော ကင်မရာများ၊ ပရင်တာများ၊ ကော်ပီယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုကြသည်။

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်ပြပွဲကို ယနေ့မှစ၍ ဇန်နဝါရီ၂၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ၅နာရီအတွင်း စိတ်ပါဝင်စားသူ အများပြည်သူတို့အား အခမဲ့ ဖွင့်လှစ်ပြသမည်ဟု သိရှိရသည်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

MICT Park ပွဲတော်ရက်အတွင်း လွန်းပျံယာဉ်များ အခမဲ့ပြေးဆွဲပေးမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်း အတွင်းရှိ MICT Park တွင် ယနေ့မှ ဇန်နဝါရီ၂၇ ရက်အထိ Third Myanmar ICT Week အဖြစ် ကျင်းပသည့် ပွဲတော်ရက်အတွင်း အများပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် အင်းစိန်လမ်းနှင့် ပါရမီလမ်းဆုံတွင်လည်းကောင်း၊ ပြည်လမ်းနှင့် ပါရမီလမ်းဆုံတွင်လည်းကောင်း လွန်းပျံယာဉ်များဖြင့် အခမဲ့ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမှတ် ၁၃၁၊ ၂၈ လမ်း(အလယ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသည့် ဈေးကွက်ဂျာနယ် မျက်နှာဖုံး။ (က–ပ)

နားလည်မှုစာချွန်လွှာ

International Roaming Services နှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် TEL Sdm Bhd, Malaysia မှ Chairman Dr. Mohd Yusot bin Ismail တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

စာချွန်လွှာ

Cooperation in International Roaming Services နှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် Shin Satellite Public Co, Ltd., Thailand President Dr. Xlong Luck Phinaimlisar တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

Inmarsat D Plus Satellite Terminal Service Provision for Vessel Tracking နှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို Bagan Cybertech Co., Ltd. Chief Executive Officer ဒေါက်တာရဲနိုင်ဝင်းနှင့် Prognotic Services Pte., Ltd. မှ Chief Executive Officer Mr. Ronstan Liang တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာရက်သတ္တပတ်– ၂၀၀၄ ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာရက်သတ္တပတ်– ၂၀၀၄ ပထမနေ့တွင် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားများကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ကျင်းပရာ Capability Maturity Model Integration (CMMI) နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ၁နာရီတွင် အခန်းအမှတ်(၂၀၅)၌ကျင်းပရာ Mr.Sutee Satanasathaporm (Software Park, Thailand) ကရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲသို့ ကွန်ပျူတာကုမ္ပဏီများမှ Software အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ထို့အတူ Professional အဆင့် အောင်လက်မှတ်များ၊ သင်တန်းဆင်း လက်မှတ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် Conference Hall ၌ကျင်းပသည်။

အခမ်းအနားတွင်အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးက JITEC Exam နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် JITEC Exam အောင်မြင်သူများ၊ တာဝန်ရှိသူများက အောင်လက်မှတ်များချီးမြှင့်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူများက MCSA Certification Exam နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် MCSA စာမေးပွဲကိစ္စ များတွင် စေတနာအလျောက် တက်ကြွစွာ ပါဝင်ကူညီပေးကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်သည်။

ထို့နောက် MCSA Certification Exam အောင်လက်မှတ်များနှင့် Multimedia System Development Course (On-Site Training)သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မိုးကုတ်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဖြစ်သော ဘဒ္ဒန္တတေဇိန္ဒ (B.Sc Phy)သည် ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်(တပို့တွဲလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၂ ရက်)အထိ ပုပ္ပားမြို့၌လည်းကောင်း၊ ၈ ရက်မှ ၁၂ ရက်(တပို့တွဲလပြည့်ကျော် ၃ ရက်မှ ၇ ရက်)အထိ ပုဂံမြို့၌လည်းကောင်း၊ ၁၄ ရက်မှ ၂၀ ရက်(တပို့တွဲလပြည့်ကျော် ၉ ရက်မှ တပေါင်းလဆန်း ၁ရက်)အထိ ညောင်ဦးမြို့၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သားငါးဖွံ့ဖြိုး ပြည်သူအကျိုး

သတင်းအချက်အလက် နည်းပညာသမိုင်းကြောင်း လေ့လာသုံးသပ်ချက်

(ယမန်နေ့ကအဆက်)

Myanmar ICT Development Corporation

မြန်မာနိုင်ငံတွင် ICTကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရန်အတွက် ပြည်တွင်း ICTကုမ္ပဏီ၁၁ခုမှ တစ်ဦးလျှင် ကျပ်သိန်း၁၀၀စီ မတည်ထည့်ဝင်ခဲ့ကြပြီး Myanmar ICT Development Corporation အမည်ဖြင့် Consortium အဖွဲ့အစည်းတစ်ခုကို တည်ထောင်ဖွဲ့စည်းခဲ့ကြပါသည်။

၎င်းနောက် စီမံကိန်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကနဦးမတည် တည်ထောင်ခဲ့သူ Founder ၁၁ဦးပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းကာ Myanmar ICT Development Co.,Ltd. အမည်ဖြင့် Privateကုမ္ပဏီကြီးတစ်ခုအသွင်သို့ ကူးပြောင်းခဲ့ပြီး အစုရှယ်ယာရှင်များ ၅၀ပြည့်သည်အထိ ထပ်မံခေါ်ယူခဲ့ပါသည်။

Myanmar ICT Development Co.,Ltd (MICTDC) အနေဖြင့် Myanmar ICT Park အတွင်းရှိ ITကုမ္ပဏီများအား လိုအပ်မည့် Facilitiesများ ပံ့ပိုးပေးခြင်း၊ ပြည်ပIT ကုမ္ပဏီများမှ လာရောက်အလုပ်အပ်နှံနိုင်ရန် (သို့) ပူးပေါင်းဆောင်ရွက်ရန်အတွက် Promotion ဆက်သွယ်ပြုလုပ်ပေးခြင်း၊ Software ရေးဆွဲရန် Idea ရှိပြီး ကွန်ပျူတာနှင့် ICT Infrastructure မတတ်နိုင်သူ Individual Userများ၊အဖွဲ့ငယ်များအတွက် နည်းပညာမှအစ ပံ့ပိုးကူညီပေးမည့် Incubation Centerတစ်ခုဖွင့်လှစ်ထားရှိခြင်း၊ ကုမ္ပဏီတစ်ခုချင်းမှ မလုပ်နိုင်သော Projectများကို ကုမ္ပဏီအချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်အောင် စီစဉ်ပေးခြင်း၊ Single Window Service (ခေါ်) One Stop Serviceများ (ဥပမာ-ဘဏ်ချေးငွေကိစ္စ၊Custom Clearance ကိစ္စ၊ ပတ်စပို့လျှောက်ထားကိစ္စမှအစ) MICTDC ၏ ထောက်ခံချက်ဖြင့် ပိုမိုလျင်မြန်အောင် ဆောင်ရွက်ပေးခြင်း စသည့်ဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ Information Gatewayစနစ်ကဲ့သို့ ICTကဏ္ဍနှင့် ဆက်စပ်နေသော မည်သည့်ကိစ္စမျိုးကိုမဆို ဆောင်ရွက်ပေးနိုင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအစိုးရအကြီးအကဲက Myanmar ICT Development Coအား ရှယ်ယာဝင်များဖြင့်သာ ဖွဲ့စည်းထားသည့် Private ကုမ္ပဏီအသွင်မျိုးမဟုတ်ဘဲ ICTကိုစိတ်ဝင်စားသည့် ပြည်သူများပါ ပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်လာနိုင်စေရန် Public ကုမ္ပဏီကြီးတစ်ခုအသွင် ကူးပြောင်းစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း Public ကုမ္ပဏီသို့ ကူးပြောင်းနိုင်ရန် စီမံဆောင်ရွက်ခဲ့ပါသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် MICT Park Conference Hallတွင် MICTDC၏ အလားအလာညွှန်းတမ်းထုတ်ပြန်ခြင်း၊ အစုရှယ်ယာဝင်များ ခွဲဝေချထားခြင်းနှင့် အစုရှယ်ယာများ ရောင်းချခြင်း အခမ်းအနားတို့ ကျင်းပလျက် အများပိုင်ကုမ္ပဏီသို့ ကူးပြောင်းခဲ့ပါသည်။

ယင်းအခမ်းအနားတွင်MICTDC ၏ အလားအလာညွှန်းတမ်းများဖြစ်သည့် e-Government Project များဖြစ်သော e-Passport, e-Visa, Certification Authority, Smart School, Smart Card, e-Procurement, Trade Electronic Data Interchangeတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ ရှေ့လုပ်ငန်းစဉ် စီမံကိန်းများဖြစ်သော Application Service Provide (ASP), Data Processing Service, International Outsourcing, Budget PC Production & Distribution, Call Center and Information Service provider Project များနှင့် MICT Park တတိယအဆင့် တည်ဆောက်ရေးလုပ်ငန်းဖြစ်သော ငါးထပ်အဆောက်အအုံ Cyber Mall နှင့် ၁၈ထပ်အမြင့်ရှိ Cyber Towerများ တည်ဆောက်မည့် အစီအစဉ်များကို ဒါရိုက်တာအဖွဲ့မှ ပရိသတ်သို့ ဆက်လက်ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ပြည်သူလူထုအနေဖြင့်လည်း သတင်းဆက်သွယ်ရေး နည်းပညာများကို ပညာရပ်ပိုင်းအဖြစ်သာမက စီးပွားရေးလုပ်ငန်းပိုင်း တစ်ခုအနေဖြင့်ပါ စိတ်ဝင်စားမှုရှိနေခြင်းကြောင့် ယုံကြည်စွာ ဝယ်ယူရင်းနှီးမြှုပ်နှံကြသည့်အတွက် ကနဦးက MICTDC အနေဖြင့် အစုရှယ်ယာပေါင်း နှစ်သိန်းခွဲသာ ဦးစွာရောင်းချထားရန် ဆုံးဖြတ်ထားသော်လည်း ရှယ်ယာဝယ်သူ ရင်းနှီးမြှုပ်နှံလိုသူများပြားခဲ့သဖြင့် အခမ်းအနားပွဲအပြီးတွင် ကျန်အစုနှစ်သိန်းခွဲကိုပါ ထုတ်ရောင်းပေးခဲ့ရသဖြင့် သတ်မှတ်ထားသောအစုပေါင်း ငါးသိန်းကို အကုန်အစင်ရောင်းချပေးနိုင်ခဲ့ပါသည်။

Myanmar ICT Park

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ICTသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်အမြင့်မားဆုံးနှင့် အကြီးမားဆုံး စီးပွားရေးလုပ်ငန်း နယ်ပယ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ယနေ့ ကမ္ဘာ့နိုင်ငံများ၏ GDPများတွင် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍများနည်းတူ ICTဖွံ့ဖြိုးတိုးတက်မှုသည်လည်း ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လာသည်ကို တွေ့ရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ICTကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် များစွာ အထောက်အကူပြုနိုင်မည့်အပြင် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကကျသော စွမ်းအားစုတစ်ခုလည်း ဖြစ်လာနိုင်ပေသည်။

ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၏ ICT Industry တွင် Software ကဏ္ဍ၌ ယှဉ်ပြိုင်ရန်အတွက် အခွင့်အလမ်းနှင့် အလားအလာကောင်းများ များစွာ ရှိနေပါသည်။

ကွန်ပျူတာအသုံးချ Softwareများ ရေးသားထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန် ပြည်ပနိုင်ငံများမှ Software Developmentလုပ်ငန်းများ လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ Software များ လာရောက် အပ်နှံနိုင်ရန်နှင့် Software Developer လူငယ်ပညာရှင်များ မွေးထုတ်သွားနိုင်ရန် ရည်ရွယ်လျက် Software နှင့် Computer ကုမ္ပဏီများစုစည်းပြီး Consortium ကုမ္ပဏီတစ်ခု ဖွဲ့စည်းခဲ့ပါသည်။

ယင်းနောက် မြန်မာနိုင်ငံတွင် ပထမဦးဆုံးနှင့် အကြီးဆုံး Software Park ဖြစ်လာမည့် Myanmar ICT Parkကို ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေအတွင်းရှိ ဇွဲကပင်ဆောင်နှင့် ထီးကိုးလက်ကြားငါးကေခန့် ကျယ်ဝန်းသော မြေနေရာတွင် ၂၀၀၁ခုနှစ် ဧပြီလအတွင်းက စတင်တည်ဆောက်ခဲ့ရာ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် စီမံကိန်းပထမအဆင့် Phase (1) အဆောက်အအုံများအားလုံး တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၀၂ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ဖွင့်လှစ်ခဲ့ပါသည်။

အောင်
(မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း)

Myanmar ICT Park အတွင်း စီမံကိန်း ပထမအဆင့်အနေဖြင့် အထပ်သုံးထပ်ပါရှိသည့် ပင်မအဆောက်အအုံတစ်ခု၊ နှစ်ထပ် Canteen အဆောင်တစ်ဆောင်၊ Software Developer ကုမ္ပဏီရုံးခန်းများ လုပ်ငန်းဆောင်ရွက်ရန်အတွက် Production Block နှစ်ထပ်ဆောင်လေးဆောင်နှင့် ကားရပ်နားရန် နေရာများပါဝင်သည်။

Production Block အဆောက်အအုံ တစ်ခုစီတွင် တစ်ထပ်လျှင် ၂၇ပေ x ၄၈ပေရှိ အခန်းလေးခန်း၊ စုစုပေါင်းရှစ်ခန်းပါရှိပြီး အခန်းတိုင်းတွင် လျှပ်စစ်မီးနှင့် တယ်လီဖုန်းလိုင်းများ၊ Internet Connectionများ အဆင့်ဆင့် (Plug In) အသုံးပြုနိုင်ရန် စီမံထားရှိပါသည်။

Phase (2)အနေဖြင့် MICT Park အနောက်ဘက်ရှိ မြေကွက်ပေါ်တွင် Production Block သုံးထပ်အဆောက်အအုံ သုံးလုံးကို ၂၀၀၂ခုနှစ် မေလအတွင်း စတင်တည်ဆောက်ခဲ့ရာ ၂၀၀၃ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးခဲ့ပြီး ယခုအခါ Software Companyများအတွက် အခန်းပေါင်း ၃၆ခု ထပ်မံရရှိနိုင်မည်ဖြစ်ပါသည်။

ယခုအခါ အဆိုပါ Production Block များ၌ ပြည်တွင်းပြည်ပ ITကုမ္ပဏီများနှင့် ITနှင့် နီးနွယ်ဆက်စပ်နေသော စီးပွားရေးအဖွဲ့အစည်းအခု ၅၀မှ အခန်းများ ငှားရမ်းရယူထားကြပြီး အများစုမှ Software Development လုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

Phase (3) တည်ဆောက်ရေးတွင် ပြည်ပနိုင်ငံများ၌ ရှိသည့်အတိုင်း ICTဆိုင်ရာ Softwareများသာမက Hardwareများကိုပါ တစ်စုတစ်စည်းတည်း ခင်းကျင်းပြသရောင်းချနိုင်မည့် Cyber Mall အဆောက်အအုံတစ်ခု ပါဝင်မည်ဖြစ်သည့် အပြင် ICTနှင့် နီးနွယ်နေကြသည့် စီးပွားရေးလုပ်ငန်းများပါ လာရောက်အလုပ်လုပ်နိုင်အောင် Business Center ကဲ့သို့ အဆောက်အအုံတစ်ခုကိုပါ ထပ်မံ တည်ဆောက်သွားမည် ဖြစ်ပါသည်။

Myanmar ICT Park အဆောက်အအုံများ တည်ဆောက်ရန်အတွက် မြေနေရာကို ပညာရေးဝန်ကြီးဌာနမှလည်းကောင်း၊ လျှပ်စစ်ဓာတ်အားကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လည်းကောင်း၊ Telecommunication ဆိုင်ရာ Infrastructure များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Bagan Cybertech တို့က လည်းကောင်း ကူညီခဲ့ပါသည်။

e-National Task Force

အီးအာဆီယံ သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ICT ကဏ္ဍအား စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး e-National Task Forceကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့သည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီးက ဦးဆောင်လျက် လုပ်ငန်းကော်မတီ ခုနစ်ခုဖြင့် ဖွဲ့စည်းထားရာ ယင်းတို့မှာ ICT Application Committee, Legal Committee, Infrastructure Committee, Standardization Committee, Liberalization Committee, e-Measurement Committee နှင့် Education Committee တို့ဖြစ်ကြသည်။

National Level Project များ ဖြစ်ထွန်းလာစေရန်၊ Cyber Law ပေါ်ထွက်လာစေရန် အစရှိသည့် ICTဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည်သာမက ICT ဆိုင်ရာ အာဆီယံသဘောတူညီမှုများကို အချိန်ကိုက်ပြီးစီးအောင်လည်း ဆောင်ရွက်လျက်ရှိပါသည်။

Cyber Law

နိုင်ငံတော်၏ ICTနည်းပညာနှင့်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရန်အတွက် ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာရှိစေရန်မှာ အရေးပါသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ယင်းအတွက် ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၂၀ရက်တွင် ဥပဒေအမှတ် ၁၀/၉၆အဖြစ် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကို ထုတ်ပြန်ခဲ့သည်။

ယင်းဥပဒေတွင် အခန်း ၁၁ ခန်း၊ ပုဒ်မခွဲ ၄၂ ခုပါဝင်ပြီး ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ကြီးကြပ်လမ်းညွှန်ရန်အတွက် ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းရေး၊ စွမ်းအားစုများကို စုစည်းဆောင်ရွက်နိုင်ရန် ကွန်ပျူတာအသင်းများ အဆင့်ဆင့်ဖွဲ့စည်းရေး၊ ICT Industry ကျယ်ပြန့်စွာ ဖြစ်ထွန်းရေးအတွက် အခြေခံအကျဆုံးဖြစ်သော ကွန်ပျူတာများတင်သွင်းရေး၊ ကွန်ရက်များ ထူထောင်ခြင်း၊ ကွန်ရက်အတွင်း ဝင်ရောက်ချိတ်ဆက်ခြင်းတို့ကို စနစ်တကျဖြစ်စေရေး စသည့်အချက်များ အဓိကပါဝင်ပါသည်။

ယင်းနောက် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေနှင့်ကွန်ပျူတာကွန်ရက်များ ချိတ်ဆက်ရေးနှင့်ပတ်သက်၍ အမိန့်ကြော်ငြာစာတို့ကို ဆက်လက် ထုတ်ပြန်ခဲ့သည်။

ယခုအခါတွင် e-Government နှင့် e-Commerce ဆိုင်ရာလုပ်ငန်းများ ချောမွေ့အောင်ဆောင်ရွက်နိုင်ရေးအတွက် အီလက်ထရွန်နစ် ဆက်သွယ်ရေးဥပဒေ (Electronic Transactional Law)ကို ၂၀၀၄ခုနှစ် ဇန်နဝါရီလအမီထုတ်ပြန်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသည်။ ယင်းဥပဒေ နှစ်ခုအပြင် လက်ရှိဆက်သွယ်ရေးဥပဒေ နှစ်ခု အပါအဝင် အသစ်ထုတ်ပြန်မည့် ဆက်သွယ်ရေး ဥပဒေနှင့်ပါဆိုလျှင် မြန်မာနိုင်ငံတွင် Comprehensive Cyber Law တစ်ခုဖြစ်ထွန်းလာပြီဟု ဆိုနိုင်ပါသည်။

National Level Project များ

မြန်မာနိုင်ငံတွင် ICT ဆိုင်ရာ National Level Project များကို e-National Task Force ၏ Application ကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယင်းတို့အနက် e-Government နှင့် e-Commerce တို့အတွက် မရှိမဖြစ်လိုအပ်သော Certification Authority (CA) Projectအား ဆောင်ရွက်ရန် မလေးရှားနိုင်ငံမှ MSC Trust Gate Sdn. Bhd, Coနှင့် ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် MoU ထပ်မံတိုးချဲ့ပြီး Myanmar Electronic Trust မှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ရာခိုင်နှုန်းခန့်ပြီးစီးလျက်ရှိပြီး ၂၀၀၄ ခုနှစ် နှစ်ဦးပိုင်းတွင် လုပ်ငန်းများစတင်နိုင်မည်ဖြစ်ပါသည်။

TEDI ခေါ် Trade Electronic Data Interchange Project အား ဆောင်ရွက်ရန် ASEAN Trade EDI Co. နှင့် MoU ချုပ်ဆိုခဲ့ပါသည်။ MICTDCမှ လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် System Studyလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နေပြီဖြစ်ပါသည်။ ယင်းProject ပြီးစီးသွားပါက ကုန်သွယ်မှုလုပ်ငန်းများအတွက် ဝန်ကြီးဌာနပေါင်းစုံအနေဖြင့် ပူးပေါင်းဆောင်ရွက်ရာတွင် များစွာလွယ်ကူလျင်မြန်သွားမည်ဖြစ်ပြီး ASEAN TEDI နှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

e-Procurement Projectအတွက် MICTDC နှင့် ပြည်တွင်း ICT ကုမ္ပဏီများဖြင့်သာ စုပေါင်းဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။ System Study လုပ်ငန်းများ ဆောင်ရွက်ပြီးစီးလျက် System Development လုပ်ငန်းများ စတင်နေပြီဖြစ်ပါသည်။ Project တစ်ခုလုံး ပြီးစီးသွားပါက အစိုးရဌာနများ အားလုံး၏ ဝယ်ယူရေးများကို Online မှ တစ်ဆင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

Smart School Project အတွက် မလေးရှားနိုင်ငံမှ MDC က Pilot Projectအနေနှင့် အခြေခံပညာကျောင်း သုံးကျောင်းအား စနစ်အပြည့်အစုံတပ်ဆင်ပေးထားပြီး လေ့ကျင့်သင်ကြားပေးခြင်း၊ သင်ခန်းစာများအား ဘာသာပြန်ခြင်းစသည့်တို့ကို ဆောင်ရွက်ပြီးဖြစ်သည်။ ယခုအခါနိုင်ငံအနှံ့ ကျောင်းပေါင်း ၁၀၀အား တိုးချဲ့နိုင်ရန် Bagan Cybertech ၏အကူအညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

e-Taxation Project အား MICTDC နှင့် ပြည်တွင်း ICT ကုမ္ပဏီများမှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ယခုအခါ ပထမအဆင့်အဖြစ် Sales Tax များကို ကောက်ခံနိုင်သည့်စနစ် ထူထောင်နိုင်ရန် System Study လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

Account Trade Project အား MICTDC နှင့် ပြည်တွင်း ICT ကုမ္ပဏီများပူးပေါင်း၍ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

Smart Card Project ကို ကာကွယ်ရေးဝန်ကြီးဌာနအတွက် Pilot Project အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

e-Passport Project တွင် ပထမအဆင့်အနေဖြင့် Passport ၅၀၀၀ အား ထုတ်ပေးရန်လျာထားပြီး ယခုအချိန်တွင် အုပ်ရေ ၄၀၀၀ကျော်အား ထုတ်ပေးထားပြီးဖြစ်ရာ စတင်အသုံးပြုလျက်ရှိနေပြီဖြစ်ပါသည်။

e-Visa Project မှာ နိုင်ငံတကာမှ မြန်မာနိုင်ငံသို့လာရောက်လိုသူ ပြည်ပဧည့်သည်များအတွက် သက်ဆိုင်ရာနိုင်ငံ၏ သံရုံးများသို့ သွားရောက်၍ Visa ယူရန်မလိုဘဲ Online မှ Visa လျှောက်ထားရယူနိုင်သည့်စနစ်ဖြစ်၍ ၂၀၀၄ခုနှစ်တွင် စတင်အသုံးပြုနိုင်မည် ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးဆိုင်ရာရက်သတ္တပတ်-၂၀၀၄ စိတ်ပါဝင်စားကြသူများဖြင့်စည်ကား၊ ဖွင့်ပွဲအထိမ်းအမှတ်ညစာစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ အစီအစဉ်ကို ယနေ့ ပထမနေ့အဖြစ် လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park၌ ကျင်းပရာ IT ပညာရပ်ကို စိတ်ပါဝင်စားကြသော စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြခန်းတွင် ထပ်ဆောင်းဝန်ဆောင်မှုလုပ်ငန်းများ (Value Added Services) ဖြစ်သည့် CLI၊ Call Forwarding၊ Call Waiting နှင့် 3-Way Calling များကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပြီး ပြပွဲလာပြည်သူများအား E-Mail၊ Fax၊ Internetပြကွက် (ISDN Internet Access)နှင့် တယ်လီဖုန်းတို့ကို အခမဲ့စမ်းသပ်ခွင့်ပြုထားသည်။

ထို့ပြင် ပြည်တွင်းတွင် ထုတ်လုပ်သည့် အော်တိုအိတ်ချိန်း၊ ကတ်ဖုန်း၊ ဗီဒီယိုဖုန်း၊မိုဘိုင်းဖုန်း၊ Single၊ 3 G Phone စနစ်၊ ကျေးလက်သုံးကြိုးမဲ့ဖုန်း၊ ကွန်ပျူတာဖြင့် PCO ဖုန်းအတွက် ငွေတောင်းခံလွှာချက်ချင်းထုတ်ယူနိုင်သည့်စနစ်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် အသံနှင့် ရုပ်ကြည်လင် ပြတ်သားသော နိုင်ငံတကာ ရုပ်ရှင်ကားများကို တိုက်ရိုက်နှစ်သက်သည့်နေရာနှင့် တိုက်ရိုက်နှစ်သက်သည့် အချိန်တွင် တိုက်ရိုက်နှစ်သက်ရာ ရုပ်ရှင်ကားများကို ကြည့်ရှုနိုင်သည့် iPStar (i-Theater)ကို ပြသထားသည်။

Bagan Cybertech ပြခန်းတွင် တယ်လီဖုန်းအိတ်ချိန်း ရှိသော ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင် တယ်လီဖုန်းကို အသုံးပြုပြီး အင်တာနက်၊ အီးမေးလ်နှင့် တယ်လီဖုန်းတို့ကို လျင်မြန်သောနှုန်းဖြင့် ချိတ်ဆက် အသုံးပြုနိုင်သည့် ADSL ဆက်သွယ်ရေးစနစ်၊ မည်သည့်နေရာတွင်မဆို တပ်ဆင်၍ရသော iP Star ဝန်ဆောင်မှု၊ ယင်း iP Starမှတစ်ဆင့် iLearnခေါ် International Learning နှင့် Broad band မြန်နှုန်းမြင့်ဝန်ဆောင်မှုမှတစ်ဆင့် °i-Theater ခေါ် Internet ပေါ်မှရုပ်ရှင်ကားကို ကြည့်ရှုနိုင်မှုတို့ကို ပြသထားသည်။

Bagan Cybertech မှ တတိယအကြိမ် မြန်မာICT ရက်သတ္တပတ်တွင် Dial-up Internet Connection A/C ဝယ်ယူသူများကို နှစ်စဉ်ကြေးငွေကျပ် ၆၀၀၀၀ ကောက်ခံသည့်အစားငွေ ကျပ် ၄၉၀၀၀ ဖြင့် ရောင်းချပေးပြီး Bagan Cybertech ၏ Presentationအမေး အဖြေကဏ္ဍတွင် ဝင်ရောက်ဖြေဆိုသူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးလျက်ရှိသည်။

Advanced Technologies & Solutions Co.,Ltd. ပြခန်းတွင် အခြေခံမှစ၍ လေ့လာလိုသူများအတွက် Internet Primerသင်တန်း၊ ယနေ့ကမ္ဘာတွင် ခေတ်အစားဆုံးဖြစ်သည့် Certified Web Master သင်တန်း၊ အင်တာနက်နှင့် ဆက်နွယ်ထားသည့် အဆင့်သုံးဆင့်ခွဲခြားထားသော Certified Java Master သင်တန်းတို့ကို သင်တန်းတက်လိုသူများ လွယ်လင့်တကူ ဆက်သွယ်တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

သင်တန်းများဖွင့်လှစ်ပေးလျက်ရှိ

SSi Computer Centre တွင် အင်တာနက်နှင့် တိုက်ရိုက်ချိတ်ဆက်လိုသူများနှင့် Network Engineer° ဖြင့် အသက် မွေးဝမ်းကျောင်းပြုလိုသူများအတွက် Network Administrator သင်တန်း၊ အင်တာနက်ကို အခြေခံသည့် ကွန်ပျူတာပရိုဂရမ်ရေးဆွဲနည်းများနှင့် ကိုယ်ပိုင် Website° ဖန်တီးလိုသူများအတွက် Java @ SSI/E°2 Comသင်တန်း၊ Microsoft ၏ Net Framework တွင် Application တည်ဆောက်လိုသူများအတွက် dotnextနှင့် C# သင်တန်းများ၊လုပ်ငန်းခွင်သုံးသင်တန်းများ ဖြစ်သော MS Office 2000°၊ ကွန်ပျူတာနယ်ပယ်သို့ အသစ်ဝင်ရောက်လာသူများအတွက် Smart Star°၊ Database Application ဖန်တီးလိုသူများအတွက် Oracle & VB သင်တန်းများဖွင့်လှစ်ပေးလျက်ရှိသည်။

KMD Sales and Service Goons၊ Cyber City၊ Ice-Knight၊ X-gamer Z၊ Lan Wizord၊Sky Star၊ Plant Internet Cafe တို့နှင့် Black Rock Clan တို့မှ ပါဝင်ကူညီကျင်းပမည်ဖြစ်သည်။

Professionalအဆင့်အနေဖြင့် ပထမဆုငွေကျပ် ၁၀သိန်း၊ ဒုတိယဆုငွေကျပ် ငါးသိန်း၊ တတိယဆုငွေကျပ် သုံးသိန်းချီးမြှင့်မည်ဖြစ်ပြီး Amatureအဆင့်အနေဖြင့် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်းချီးမြှင့်မည်ဖြစ်သည်။

ထို့အပြင် Bangan Cybertechမှ ဆုရရှိသောအသင်းများအားကျပ် ၂၅၂၀၀၀၀ တန်ဖိုးရှိ Internet Indivdual Dail-up Accountများကို အပိုဆုအနေဖြင့် ထပ်လောင်းချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲကစားပုံ

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲတွင် ပြသထားသော ပြခန်းများ၌ ပြည်သူများ စည်ကားစွာလေ့လာကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

Centreတွင် ကွန်ပျူတာကို လူအများအသုံးပြုနိုင်ရန် ချိုသာသောဈေးနှုန်း၊ တစ်နှစ်လက်ခံမဲ့ပြုပြင်ပေးခြင်းစသော ဝန်ဆောင်မှုများဖြင့်ရောင်းချပေးမည်ဖြစ်ပြီး မိမိအလိုရှိသော Software အမျိုးအစားအလိုက် အထူးဈေးနှုန်းဖြင့် စက်နှင့်အတူ တွဲဖက်ရောင်းချပေးမည်ဟုသိရှိရသည်။

DCD Company Limited မှလည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

Maintenace and Rental Service(MRS)မှလည်း ကွန်ပျူတာပြုပြင်ခြင်း၊ ငှားရမ်းပေးခြင်း၊ Network ချိတ်ဆက်ပေးခြင်း အစရှိသည့် ဝန်ဆောင်မှု လုပ်ငန်းများအပြင် ကွန်ပျူတာများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း (MICT DC)က MICT Parkတွင်ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက် အထိကျင်းပမည့် မြန်မာ ICT ရက်သတ္တပတ်ကာလအတွင်း ဇန်နဝါရီ ၂၂ရက်မှစ၍ စတင်ယှဉ်ပြိုင်မည့် Myanmar National Counter- Strike Championship 2004 သည် ရန်ကုန်မြို့မှ Network Game Centreများဖြစ်သော net zone၊ i-net၊ Red Apple၊ MSM၊ The ကြည့်ရှုနိုင်ရန် HLTVဖြင့်ထုတ်လွှင့်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို WWW. CS Myanmar.Com တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ပြိုင်ပွဲတွင် အသင်းပေါင်း ၁၀၀ ကျော်ခန့်ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နောက်ဆုံးပြိုင်ပွဲကို Conference Hall တွင် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁နာရီမှစ၍ စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ရက်သတ္တပတ်– ၂၀၀၄ ဖွင့်ပွဲအထိမ်းအမှတ်ညစာစားပွဲကို ယနေ့ ည ၇နာရီတွင် MICT Parkဝင်းအတွင်းရှိမြက်ခင်းပြင်၌ ကျင်းပရာ MICT Week 2004 ကျင်းပရေးဦးစီးကော်မတီဝင်များ၊အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဝင်များ၊ MICTDC ဥက္ကဋ္ဌ နှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းတို့မှ တာဝန် ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ★ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ★ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

❒ မြန်မာ့ကျန်းမာရေးမှ

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်ဆရာဝန်များ၊ ပြည်ပမှ တက်ရောက်လာကြသည့် မြန်မာဆရာဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အကျယ်တဝင့်

ထို့နောက် အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မြန်မာ့ဆေးသိပ္ပံပညာတိုးတက်မြင့်မားအောင် ကြိုးပမ်းရေးနှင့် ဆေးပညာရပ်များဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးနှင့် ပတ်သက်၍ အကျယ်တဝင့်ပြောကြားသွားသည်။

ကျန်းမာကြံ့ခိုင်ရေး

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရန်နှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးဦးတည်ချက်ဖြင့် ကျန်းမာရေးစီမံကိန်းများကို စနစ်တကျ ချမှတ်ဆောင်ရွက်နေသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းများအဖြစ် ၂၀၃၀ပြည့်နှစ်အတွက် မြန်မာနိုင်ငံကျန်းမာရေးမျှော်မှန်းချက်၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း (ကျန်းမာရေးကဏ္ဍ)၊ ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း၊ ဆေးရုံများ အဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် အမျိုးသားကျန်းမာရေး စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ စနစ်တကျဦးဆောင်စီမံဆောင်ရွက်မှု၊ ဆရာဝန်ကြီးများအပါအဝင် ဆေးဘက်ဆိုင်ရာပညာရှင်ကြီးများ၏ အားထုတ်ကြိုးပမ်းမှု၊ပုဂ္ဂလိကကဏ္ဍနှင့်လူမှုရေးအသင်း အဖွဲ့များအပါအဝင် တစ်မျိုးသားလုံး၏ အားထုတ်ကြိုးပမ်းမှုများကြောင့် မြန်မာ့ဆေးပညာလောက မြန်မာ့ကျန်းမာရေးကဏ္ဍ၏ တိုးတက်အောင်မြင် ဖြစ်ထွန်းမှုများသည် အားရဂုဏ်ယူ ဖွယ်ဖြစ်သည်။

ဆရာဝန်

ဆရာဝန်အင်အားအနေဖြင့် ၁၉၈၇ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ဆရာဝန်စုစုပေါင်း၁၁၃၀၀ဦးနှင့် နိုင်ငံဝန်ထမ်းဆရာဝန်ပေါင်း၃၂၀၀ကျော်ရှိခဲ့ရာမှ ၂၀၀၃ခုနှစ်မတ်လတွင် ဆရာဝန်စုစုပေါင်း၁၈၀၀၀ကျော်နှင့် နိုင်ငံဝန်ထမ်းဆရာဝန်ပေါင်း၅၀၀၀အထိ တိုးတက်ခဲ့သည်။

ဆေးရုံ

ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် သင်ကြားရေး ဆေးရုံကြီးများ၊ အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီးများ၊ခုတင် (၃၅၀)ဆံ့၊ ခုတင်(၃၀၀)ဆံ့၊ ခုတင် (၂၅၀)ဆံ့ စသည့် ဆေးရုံကြီးများကို နိုင်ငံနှင့်အဝန်းတွင် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ပြည်နယ်၊ တိုင်းဒေသများအားလုံးနှင့် ဖွံ့ဖြိုးရေး အထူးဒေသကြီးများတွင် ခုတင်(၂၀၀) ဆံ့ အထူးကု ဆေးရုံတစ်ရုံစီ ရှိစေရန် တိုးမြှင့် ဖွင့်လှစ်ပေးလျက် ရှိသည့်အတွက် ၁၉၈၈ ခုနှစ် ကာလက နိုင်ငံအတွင်းတွင် ဆေးရုံပေါင်း ၆၁၇ ရုံသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံပေါင်း ၇၆၃ ရုံအထိ ရှိလာခဲ့ပြီဖြစ်သည်။

တိုးချဲ့ထူထောင်

ဆရာဝန်ကြီးများအပါအဝင် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များတိုးတက်မွေးထုတ်ပေးနိုင်ရန်နှင့် အရည်အသွေးမြင့်မားသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရန်အတွက် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များကို တိုးချဲ့ထူထောင်ပေးလျက်ရှိသည်။ ၁၉၈၈ခုနှစ်တွင် ဆေးတက္ကသိုလ်သုံးခု၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်နှစ်ခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု၊ သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဘက်ပညာသည် တက္ကသိုလ်နှစ်ခုနှင့် တိုင်းရင်းဆေးတက္ကသိုလ်အပါအဝင် စုစုပေါင်း ဆေးဘက် ဆိုင်ရာတက္ကသိုလ် ၁၄ခု အထိ တိုးတက်ဖြစ်ထွန်းလာပြီ ဖြစ်သည်။

တိုးချဲ့ဖွင့်လှစ်

ထို့ပြင် အရည်အသွေးကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနေသည့်အတွက် ယခင်က ဘွဲ့လွန်ဒီပလိုမာ သင်တန်းတစ်ခုနှင့် မဟာဘွဲ့သင်တန်း၁၂ ခုသာ သင်ကြားပေးနိုင်ခဲ့ရာမှ ယခုဆိုလျှင် ဘွဲ့လွန်ဒီပလိုမာသင်တန်း ခြောက်မျိုးနှင့် မဟာဘွဲ့သင်တန်း ၂၉ မျိုးအထိ လေ့ကျင့်သင်ကြားပေးနိုင်ပြီဖြစ်သည်။

ဖွင့်လှစ်ပေး

ယခင်ခေတ်ကာလ မရှိခဲ့သည့် ပါရဂူဘွဲ့သင်တန်းများဆိုလျှင် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ Ph. D သင်တန်းခုနစ်မျိုးနှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ Dr. Med. Sc သင်တန်း ၃၀ တို့ကို ဖွင့်လှစ်ပေးနိုင်ပြီးဖြစ်သည့်အတွက် ယခုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် Ph. D ပါရဂူဘွဲ့ရ ၁၇ ဦးနှင့် Dr. Med. Sc ပါရဂူဘွဲ့ရ ၅၅ ဦး စုစုပေါင်း ပါရဂူဘွဲ့ရ ပညာရှင် ၇၂ ဦးပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

ယင်းကဲ့သို့ ဆေးသိပ္ပံပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သည့် ဆရာဝန်ကြီးများ၊သမားတော်ကြီးများ ပေါ်ထွန်းလာသည့် အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတကာအဆင့်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့် ခေတ်မီဆေးရုံသုံးပစ္စည်းကိရိယာများ အချိန်နှင့်တစ်ပြေးညီရရှိသုံးစွဲနိုင်ရန် စီမံဖြည့်တင်းပေးလျက်ရှိသည်။

ဘက်စုံကဏ္ဍစုံ

ထိုကဲ့သို့ ဘက်စုံကဏ္ဍစုံကနေပြီး ကျန်းမာရေးကဏ္ဍကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရန်အတွက် နိုင်ငံတော်အစိုးရက စနစ်တကျနှင့် စီမံဖြည့်ဆည်းဆောင်ရွက်ပေးနေသည်နှင့်အမျှ အရည်အသွေးမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် တိုးပွားပေါ်ထွန်းလာမှု၊ ဆေးသိပ္ပံပညာရပ်များပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်လာမှု၊ ဆေးရုံကြီးများတွင် ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအရည်အသွေးများ တိုးတက်မြင့်မားလာမှုအကျိုးရလဒ်ကောင်းများ ဖြန့်ကြက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လောကနီတိကဗျာများ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၁

လောကနီတိဟူသည် လောကလူသားတို့ သိမှတ်လိုက်နာကျင့်သုံးအပ်သည့် လူမှုကျင့်ဝတ်နှင့် လူမှုစည်းကမ်းများဆိုင်ရာ ထုတ်ဖော်လမ်းညွှန်ထားချက်များဖြစ်သည်နှင့်အညီ ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အရွယ်မရွေး လွယ်ကူစွာဖတ်ရှုနိုင်ရန်အတွက် လောကနီတိကဗျာ ၁၂၈ ပုဒ်ကို အမျိုးသားစာပေဆု လေးဆုရ ကဗျာဆရာ မြင်းမူမောင်နိုင်မိုးက ရေးဖွဲ့သီကုံးထားပြီး ဆရာအမေ့သားက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်။ မူကြို၊မူလတန်းကလေးငယ်များနားလည်လွယ်အောင် ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံပေါက်၊ လင်္ကာ အစရှိသည့် မြန်မာကဗျာစပ်နည်းများဖြင့် စာမျက်နှာ ၂၀၀ ကျော် ရောင်းဈေးငွေကျပ်၇၀၀ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း–၃၇၄၅၃၂၊ ၇၂၅၅၃၀ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲဆုများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တက်ရောက်၍ ဆုများချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသော ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် လှရွှေ၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်း နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဝင်များ၊ လုပ်ငန်း ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ်စိစစ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ချီတက်နေရာယူ

ရှေးဦးစွာ စစ်တီးဝိုင်းပြိုင်ပွဲဝင် အသင်းများသည် စုရပ်မှ ပြည်သူ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား အလေးပြုကြပြီး နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုခြင်းနှင့်သစ္စာလေးချက်ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆုများချီးမြှင့်

ယင်းနောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် (ဂ)အဆင့်စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှုဆုရရှိကြသည့် တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁) ခေါင်းဆောင်၊ ဒုတိယဆုရ အမှတ်(၂) စစ်အခြေခံ လေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁) ခေါင်းဆောင်တို့အားလည်းကောင်း၊ (ခ)အဆင့် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှုဆုရရှိကြသည့် တတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်၊ ဒုတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း ခေါင်းဆောင်တို့အားလည်းကောင်း၊ (က)အဆင့် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု အကောင်းဆုံးဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်အားလည်းကောင်း ဆုများအသီးသီးပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက စစ်တီးဝိုင်း ပြိုင်ပွဲအသင်းလိုက် ဆုများကို ချီးမြှင့်ရာ (ဂ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အသင်းလိုက် တတိယဆုရ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ ဒုတိယဆုရ အမှတ်(၄)စစ်အခြေခံ လေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းနှင့် ပထမဆုရ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ (ခ)အဆင့် စစ်တီးဝိုင်း ပြိုင်ပွဲတွင် အသင်းလိုက် တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ ဒုတိယဆုရ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းနှင့် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ (က)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အသင်းလိုက် အကောင်းဆုံးဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းတို့မှ စစ်တီးဝိုင်းခေါင်းဆောင်များအား ဆုများပေးအပ် ချီးမြှင့်သည်။

ထို့နောက် (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် လှရွှေက(ဂ)အဆင့်စစ်တီးဝိုင်းပြိုင်ပွဲတွင် အထူးဆုများ ရရှိကြသည့် အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တပ်မတော် နည်းပညာတက္ကသိုလ်၊ အမှတ်(၂)စစ်အခြေခံလေ့ကျင့်ရေးတပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တပ်ခွဲ (၁)နှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့အား လည်းကောင်း၊ (ခ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အထူးဆုများ ရရှိကြသည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ၊အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့အား လည်းကောင်း၊ (က)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အထူးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်းအား လည်းကောင်း ဆုများချီးမြှင့်သည်။

သရုပ်ပြတီးမှုတ်ဖျော်ဖြေ

ယင်းနောက် စစ်တီးဝိုင်းများက အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြတီးမှုတ်ဖျော်ဖြေကြရာ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့နှင့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့၊ (ဂ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် ပထမဆုရ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ (ခ) အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ (က)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းနှင့် တပ်မတော် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ စစ်တီးဝိုင်းအဖွဲ့တို့က အလှသရုပ်ပြတီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီဝင် ဒုတိယ စစ်ရေးချုပ် ဗိုလ်မှူးကြီး ခင်စိုးက အလှသရုပ်ပြ ဖျော်ဖြေကြသည့် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များနှင့် စစ်တီးဝိုင်းကျွမ်းကျင်ပညာရှင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင် ဆုရစစ်တီးဝိုင်းအသင်းများကို ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀	၆။	အရေးပြိုင်ပွဲ
၈:၁၀	၇။	အကပဒေသာ
၈:၂၀	၈။	ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
၁၇:၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၄၅	၈။	**“အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ”** (စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းချာန်သစ်၊ ယင်းမာ) (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇:၅၅	၉။	နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၁၀	၁၀။	(၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ပန်းပု ပြိုင်ပွဲ ပြပွဲအကြောင်း သိကောင်းစရာများ
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	Milo Success in Soccer
၁၉:၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“မိုးမြေဆုံးစေတော့ကွယ်”** (အပိုင်း-၇)
၁၉:၄၅	၁၅။	နိုင်ငံဖွံ့ဖြိုး ပြည့်အကျိုး (ကရင်ပြည်နယ်)(အပိုင်း-၂)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	(၅၅)နှစ်မြောက် ပြည်ထောင်စုနေ့တိုင်းရင်းသားရိုးရာပဒေသာကပွဲ (အပိုင်း-၁)

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအတွက် နှစ်စဉ်လှူဒါန်းမြဲဖြစ်သော ဆေးပဒေသာပင်အလှူငွေ ကျပ်၇၀၀၀၀ ကို ဇန်နဝါရီ ၂၁ ရက်က ဆေးရုံအုပ်ကြီးရုံးခန်းတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဌေးဌေးရှိန်နှင့် အမှုဆောင်များက ဆေးရုံအုပ်ကြီးဒေါက်တာ ဒေါ်နုနုသာသို့ ပေးအပ်လှူဒါန်းစဉ်။ (၂၅၉)

ပုသိမ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက်အသင်းဝင်များ ပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း ဓမ္မာရုံ (၂၁/၄၃)စီ ကြားတောရလမ်း ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံမည့် အသင်းဝင်များနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်များ၏ သားသမီးစာရင်းကို ဇန်နဝါရီ၃၁ ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌဦးသန်းထွန်း ဖုန်း-၀၉-၅၀-၀၂၉၂၅၊ အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃နှင့် ပုသိမ်အသင်း အမှတ် (၂၀၂-၂၁၄) ဗိုလ်ဆွန်ပက်လမ်း ဖုန်း-၃၇၉၂၅၈ တို့သို့ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၂၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

မဟာသတင်းဂျာနယ် အတွဲ(၂) အမှတ်(၂၁)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယခုအပတ် သတင်းဂျာနယ်တွင် စွန်ရဲ၏တွေ့ကြုံခဲ့ရလူ့ဘဝ (၅၄)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ဆူဒိုနင်၊ မြတ်ခိုင်တို့၏ ဆောင်းပါးများနှင့် အတူ ကျောက်ဘီလူးတင်မောင်ဆွေ၊ ကျော့မောင်(မင်္ဂလာတောင်ညွန့်)တို့၏ ပြည်ပ အားကစားသတင်းများ၊ စိုးသိဏ်၏ ထွေလီကေလာအနုပညာကမ္ဘာ၊ ခင်လိမ္မာ၊ ဇေယျာမြတ်ခိုင်၊ မောင်မျိုး(ကြောင်နှစ်ကောင်)တို့၏ ပြည်တွင်းအနုပညာသတင်းများပါဝင်သည်။ ထို့ပြင် အပတ်စဉ်ပါနေကျ မြတ်ခိုင်၏ မေးခွန်း ၁၀၀၀၊ အင်္ဂါစကားဝိုင်း(၂၀) တို့အပြင် ပရိသတ်အကြိုက် (3D)လက်ဆောင်လည်း ပါဝင်ကြောင်းသိရသည်။ **(အပေါ်ပုံ)**

(က-ပ)

နယ်လှည့်စာဖတ်ခန်းနှင့် သိကောင်းစရာများဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၁

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မိုးမိုးဝင်းနှင့် ဝန်ထမ်းများသည် ၂၀၀၃ခုနှစ် ဒီဇင်ဘာလအတွင်းက ရှမ်းတဲကြီးရွာ အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာနှင့် (၇၁)ရပ်ကွက် လမ်းပြကြယ်စင် စာကြည့်တိုက်တို့တွင် နယ်လှည့်စာဖတ်ခန်း ဖွင့်လှစ်ခြင်း၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြပွဲများ ပြသခြင်း၊နယ်လှည့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများအား ဟောပြောခဲ့သည်။

ဇန်နဝါရီလအတွင်း လေးထောင့်ကန် ရွာသာကြီးနှင့် သုံးခွကျေးရွာများတွင် ပြန်ကြားရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(က-ပ)**

22-1 (12).p65 1 3/24/05, 9:52 PM

ပြည်မြို့ သီရိခေတ္တရာ ဘိုးဘွားရိပ်သာ (၁၈)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ပြည် ဇန်နဝါရီ ၄

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ သီရိခေတ္တရာ ဘိုးဘွားရိပ်သာ၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၈နာရီက ပြည်မြို့ သီရိခေတ္တရာဘိုးဘွားရိပ်သာတွင် ကျင်းပသည်။

ရှေးဦးစွာ သီရိခေတ္တရာဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘဝင်းက အမှာစကားပြောကြားပြီး ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးတင်စောက ဘိုးဘွားရိပ်သာ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သီရိခေတ္တရာ ဘိုးဘွားရိပ်သာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ် မိသားတစ်စုက ကျပ်တစ်သိန်း၊ °Peace Myanmar Group ဆေးပဒေသာပင်အတွက် ကျပ်တစ်သိန်းနှင့် စကြံလမ်းအတွက် ကျပ်တစ်သိန်းနှစ်သောင်း၊ IBTC လီမိတက် (တောင်ဥက္ကလာပ)က ကျပ်တစ်သိန်းနှစ်သောင်း၊ (ဦးအေးသောင်း)-ဒေါ်စောရှင် ထောက်ကြံ့လမ်းဆုံက ဒုတိယအကြိမ် ဆေးပဒေသာပင်အတွက် ကျပ်တစ်သိန်း၊ ဦးစွန်မ-ဒေါ်လှရီ (အောင်ငွေစိန်၊ ရောင်းဝယ်ရေး)က ဒုတိယအကြိမ် ဆေးပဒေသာပင်အတွက် ကျပ်တစ်သိန်း၊ ဦးသန်းလှ-ဒေါ်စန်းနွဲ့(အောင်မြင့်မိုရ်ပွဲရုံ) ပြည်မိသားစုက ကျပ်တစ်သိန်း၊ ဒေါ်ခင်အိ၊ ဒေါ်ခင်ညို လမ်းရှည်လမ်း ပြည်မြို့က ကျပ်တစ်သိန်း၊နယ်မြေခံတပ်ရင်းတပ်ဖွဲ့များက ဆန်အိတ် ၆၀အပါအဝင် အလှူရှင် ၃၂ဦးတို့က စုစုပေါင်း အလှူငွေကျပ်သုံးဆယ့်ရှစ်သိန်းကို ပေးအပ် လှူဒါန်းကြရာ သီရိခေတ္တရာဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပြည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဘဝင်းနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးဦးဘဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (၄၀၃)

ကြည့်ရှုစစ်ဆေး

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့်ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်တို့ ဒီဇင်ဘာ ၂၂ ရက်က မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် အတူ မြို့တွင်းစိမ်းလန်း စိုပြည်ရေးဆောင်ရွက်မှုများအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လက်တွေ့မီးငြိမ်းသတ်

ဒီဇင်ဘာ ၂၀ရက်က တောင်ငူမြို့နယ် မီးဘေးလုံခြုံရေး စီမံချက်အရ မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသန်း၊ ဒုတိယဦးစီးမှူး ဦးမြင့်ဦးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ (၂)ရပ်ကွက် ဥက္ကဋ္ဌ ဦးဟန်ရွှေနှင့် အဖွဲ့ဝင်များ၊ (၂) ရပ်ကွက် အရန်မီးသတ် တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ရေး လေ့ကျင့်ကြစဉ်။ (က-ပ)

ဒီဇင်ဘာ ၁၈ ရက်က ဖားကန့်မြို့နယ် ကာမိုင်းအထကမှ နိုင်ငံသား အရည်အချင်းပြည့်မီသူ ကျောင်းသားကျောင်းသူ ၁၂၂ဦးတို့ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဖားကန့်မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းမြင့်အောင်နှင့် ကာမိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမောင်ကျော်တို့က ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဝင်းထံ ပေးအပ်စဉ်။ (၄၁၆)

တာချီလိတ်အခြေခံပညာ အထက်တန်းကျောင်း နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုပေး

တာချီလိတ် ဇန်နဝါရီ ၅

တာချီလိတ်အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် နံနက် ၉နာရီက အဆိုပါကျောင်း သိင်္ဂီရွှေစင်ခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးဝင်းထွဋ်ဦးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ သဘာပတိကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမောင်မောင်မော်က ပညာရေး ရည်မှန်းချက်များအား ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးမောင်တင့်က လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ ဆုရရှိသော ကျောင်းသားကျောင်းသူများ၊ ထူးချွန်ဆရာ ဆရာမများအား ခရိုင်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ကျောင်းသားကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းနှင့် ဇာတိမာန် သီချင်းများအား သီဆိုဖျော်ဖြေကြသည်။ (၄၂၀)

ကျန်းမာရေးအတွက် အသိပညာပေး

မြိတ် ဇန်နဝါရီ ၁၄

မြိတ်ခရိုင် တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်တွင် အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေး ဦးတည်ရာအုပ်စုများတွင် ရာနှုန်းပြည့် ကျန်းမာရေး အကာအကွယ်အသုံးပြုရေး အသိပညာပေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက်၉ နာရီခွဲက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်က အဖွင့်အမှာစကား ပြောကြား၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်သီဟက လုပ်ငန်းဆိုင်ရာများ အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၂ ရက်က ဖြူး မြို့နယ် ကညွတ်ကွင်းမြို့ ငါးထပ်ကြီးဘုရားလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကိုလမ်းထိပ်မုခ်ဦးတွင် ကျင်းပရာ ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမြသောင်း၊စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် ကညွတ်ကွင်းဒေသခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

လွတ်လပ်ရေးနေ့အထိမ်းအမှတ် နယ်လှည့်စာကြည့်တိုက်ဖွင့်

ပလောက် ဇန်နဝါရီ ၃

မြိတ်ခရိုင်ပလောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်က အမှတ်(၁)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းက နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

လေ့လာ

အခမ်းအနားအပြီးတွင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်တို့ကို အခမ်းအနား တက်ရောက်လာသူများက စိတ်ဝင်စားစွာ လေ့လာ ကြည့်ရှုကြသည်။ **(မြို့နယ်ပြန်/ဆက်)**

နမ့်ဖတ်ကာတွင်ကျေးရွာရေပေးရေးအခမ်းအနားဖြင့်ဖွင့်

ကွတ်ခိုင် ဇန်နဝါရီ ၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် နမ့်ဖတ်ကာ ကျေးရွာပြည်သူ လူထုတို့ ပူးပေါင်း ဆောင်ရွက်ခဲ့သော နမ့်ဖတ်ကာကျေးရွာ ရေပေးရေးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြီးမြင့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်ဦးသောင်းတို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးသန်းဝင်းက ကျေးလက်ဒေသရေရရှိရေး လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ရေပေးရေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးလရှီးလခမ်းက ကျေးဇူးတင်စကား ပြောကြားသည်။ နမ့်ဖတ်ကာကျေးရွာရေရရှိရေးလုပ်ငန်းသည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလျာထားငွေကျပ် ၁၅၀၀၀၀၀နှင့် ပြည်သူ ထည့်ဝင်ငွေကျပ် ၁၅၀၀၀၀၀ တို့ဖြင့် အကုန်အကျခံ၍ လေးလက်မ ပီဗွီစီပိုက်ဖြင့် ပေ ၄၀၀၀ အရှည် စိမ့်စမ်းရေသွယ်စနစ်ဖြင့် သွယ်တန်းပေးထားသည်။ **(က-ပ)**

နိုင်ငံတော်မှ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခြင်း ခံရသော ဆရာကြီးဦးဉာဏ်လွင်အား တပည့်များက ဂုဏ်ပြုပူဇော်ပွဲကို ဇန်နဝါရီ ၆ ရက်က အမှတ် ၃၅(ဃ) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်တွင် ကျင်းပရာ ဆရာဦးခင်ဇော်–ဒေါ်ဝတ်ရည်ဆွေ၊ ဆရာဦးသက်လွင်– ဒေါ်မာမာလွင်တို့ ဦးဆောင်သော တပည့်များက ဂါရဝပြုပူဇော်ကြစဉ်။ (က–ပ)

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးအသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲ ဖြစ်သွားသည်။

အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရပ်တည်နေသော ကာကွယ်ရေးအသင်းက စတုတ္ထနေရာမှ စီးပွား/ကူးသန်းအသင်းကို ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲပြီးခါနီး၌ ချေပဂိုး ပြန်လည်ပေးလိုက်ရသဖြင့် တစ်မှတ်စီခွဲယူလိုက်ရသည်။

ကာကွယ်ရေး အသင်းအတွက် ဦးဆောင်ဂိုးကို ၅၅ မိနစ်တွင် ထွန်းမင်းနိုင်က သွင်းယူပေးသည်။ စီးပွား/ကူးသန်းအသင်းအတွက် ချေပဂိုးကို ၈၇ မိနစ်တွင် မျိုးကျော်သူက သွင်းယူသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ကာကွယ်ရေးအသင်းမှ ဌေးအောင်က ရရှိသည်။

ယနေ့ပွဲ

ဇန်နဝါရီ ၂၂ရက် (ယနေ့) ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဖေဖော်ဝါရီလထုတ် အိုင်ဒီယာမဂ္ဂဇင်း

ရန်ကုန် ဇန်နဝါရီ ၂၁

ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်ပွဲ အခမ်းအနားမှ ရုပ်ရှင်အနုပညာရှင်များ၏ အလှပုံရိပ်များနှင့် အကြည်တော်၏ ငါးကိုယ်ခွဲပေးတဲ့ ဇာဂနာ၊ ဖေမြင့်၏သူလိုငါလို မဟုတ်သည့် သူလိုငါလို ရှေ့နေတစ်ယောက်၊ကျော်ဟိန်း ဖြောင့်ချက်၊ နေဝင်းမြင့်၏ ငါ့ဇာတ်သဘင် ဘယ်သူရွှေ့သလဲ အပါအဝင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ပြည်တွင်း ပြည်ပ ဖက်ရှင်အလှ၊ ကျန်းမာရေး၊ စိတ်ပညာ၊ နိုင်ငံတကာအနုပညာ၊ စာပဒေသာ၊ ဗေဒင်နှင့်ယတြာတို့ဖြင့် နှစ်ဆယ့်တစ်ရာစုခေတ်လူငယ်တို့၏ ဘဝအလှ ဒဿနများကို ဖော်ကျူးထားသည့် ဖေဖော်ဝါရီလထုတ် Idea မဂ္ဂဇင်းကို အမှတ် ၁၂၇ မြေညီထပ် ၄၃ လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(အပေါ်ပုံ) (က–ပ)

အင်္ဂလိပ်စကားပြောသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

Y.E.S Language Centre မှ တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရများ၊ အင်္ဂလိပ်စာကို လေ့လာလိုသူများအတွက် အင်္ဂလိပ်စကားပြောနှင့်အင်္ဂလိပ်စာကိုစနစ်တကျကျွမ်းကျင်တတ်မြောက်စွာ ပြောဆိုရေးသားနိုင်ရန် ရည်ရွယ်၍ လစဉ်ဖွင့်လှစ်လျက်ရှိသော Basic Spoken English (B.S.E)သင်တန်းများကို ဇန်နဝါရီ ၂၄ ရက်နှင့် ၂၆ ရက်များတွင်လည်းကောင်း၊ Pre-Intermediate English (P.I.E) သင်တန်းများကို ဇန်နဝါရီ ၂၆ရက်တွင်လည်းကောင်း၊ Grammar Foundation Course (G.F.C) နှင့် Vocabulary Enrichment Course (V.E.C) သင်တန်းများကို ဇန်နဝါရီ ၂၄ ရက်နှင့် ဆရာဦးမြင့်အောင် ကိုယ်တိုင်သင်ကြားသော Intermediate English (IE), Academic Writing Course (AWC), SAT (I), AE/SAT (II), TOEFLနှင့် IELTSသင်တန်းများကို ဇန်နဝါရီ ၂၄၊ ၂၆ ရက်နှင့် ၃၀ ရက်များတွင် ဖွင့်လှစ်မည် ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် Y.E.S Language Centre အမှတ် ၁၁၉ Y.W.C.A° အဆောက်အအုံ (ပထမထပ်) ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၄၅၈၂ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကရာတေးဒိုနည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကရာတေးဒိုနည်းပြသင်တန်း (၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင်ဟောင်း ဒေါက်တာရဲနိုင်ဝင်းက မြန်မာ့ကရာတေးဒိုအားကစား တိုးတက်ပြန့်ပွားရေးနှင့် အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများ၌ အောင်မြင်မှုများရရှိရေးအတွက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်အနေဖြင့် ၂၀၀၄ ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များ၊ မြန်မာ့လက်ရွေးစင်အဆင့်အထိ ရောက်ရှိနိုင်သည့် သွေးသစ် အားကစားသမားများအား မွေးထုတ်ပေးနိုင်မည့် မည်သည့်နည်းပြ၊ ကလပ်အသင်းကိုမဆို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ဆုကြေးထိုက်ထိုက်တန်တန် ချီးမြှင့်မည် ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

တက်ရောက်

ယင်းသင်တန်းသို့ အမျိုးသား ၄၆ ဦးနှင့် အမျိုးသမီးကိုးဦး စုစုပေါင်း ၅၅ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ကြော်ငြာစာအမှတ်(၁/၂၀၀၄)
[၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်]
လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာနိုင်ငံအစိုးရပုံနှိပ်တိုက် မန္တလေးတွင်ခန့်အပ်ရန် အောက်ပါရာထူးများအတွက် ဝန်ထမ်းများအလိုရှိပါသည်။

	ရာထူး/လစာနှုန်း		ပညာအရည်အချင်း	ဦးရေ
(က)	စက်ပြင်/လျှပ်စစ်ကျွမ်းကျင်–၃ (၄၈၀၀–၁၀၀–၅၃၀၀)	–	G.T.I°(စက်/လျှပ်စစ်) အောင်မြင်သူဖြစ်ရမည်။	၄
(ခ)	အငယ်တန်းစာရေး/စာရင်းကိုင်–၄ စီစဉ်ရေး (၄၂၀၀–၁၀၀–၄၇၀၀)	–	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ရမည်။	၁၀
(ဂ)	လက်နှိပ်စက်ရိုက် (၄၂၀၀–၁၀၀–၄၇၀၀)	–	အခြေခံအလယ်တန်းအောင်မြင်၍ လက်နှိပ်စက် အောင်လက်မှတ်ရှိရမည်။	၁
(ဃ)	ပုံနှိပ်ကျွမ်းကျင်–၄(ကွန်ပျူတာ) (၄၂၀၀–၁၀၀–၄၇၀၀)	–	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ပြီး ကွန်ပျူတာတတ်ကျွမ်းရမည်။	၄
(င)	ပုံနှိပ်ကျွမ်းကျင်–၄(စက်) (၄၂၀၀–၁၀၀–၄၇၀၀)	–	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ရမည်။ T.H.Sအောင်မြင်ရမည်။	၁၀
(စ)	စက်မှုကျွမ်းကျင်–၅ (၃၆၀၀–၁၀၀–၄၁၀၀)	–	T.H.Sအောင်မြင်ရမည်။ (စက်မှုလက်မှု)	၈
*(ဆ)	လုပ်သား(ပုံနှိပ်) (ကျား) (၃၀၀၀–၁၀၀–၃၅၀၀)	–	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	၄၀
(ဇ)	လုပ်သား(စာအုပ်ချုပ်) (ကျား–၁၅/မ–၁၅) (၃၀၀၀–၁၀၀–၃၅၀၀)	–	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	၃၀
(ဈ)	လုပ်သား(ခုတ်ပုံ) (ကျား) (၃၀၀၀–၁၀၀–၃၅၀၀)	–	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	၁၀
(ည)	လုံခြုံရေး (၃၀၀၀–၁၀၀–၃၅၀၀)	–	မြန်မာစာ ရေးတတ်/ဖတ်တတ်ရမည်။	၂
(ဋ)	သန့်ရှင်းရေး (၃၀၀၀–၁၀၀–၃၅၀၀)	–	မြန်မာစာ ရေးတတ်/ဖတ်တတ်ရမည်။	၂

မှတ်ချက်

* (၁) ပုံနှိပ်လုပ်သားများအတွက် အရည်အချင်းပြည့်ဝမှုပေါ်မူတည်၍ ချက်ချင်း ပုံနှိပ်ကျွမ်းကျင်–၅ရာထူးသို့ တင်ပေးမည်။

(၂) အခြားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့် ရှိရမည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၁–၁–၂၀၀၄ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ရာထူးအားလုံးအတွက် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အလုပ်သမား(လေဘာ)မှတ်ပုံတင်လက်မှတ် ရှိရမည်။

(ဃ) မန္တလေးတွင်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ရန်ကုန်/မန္တလေးတွင် သင်တန်းလာရောက်တတ်နိုင်သူများ ဖြစ်ရမည်။

၃။ အထက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသားမှတ်ပုံတင်၊ လေဘာ၊ ကျောင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထောက်ခံချက်များနှင့်အတူ ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အမှတ်–၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်နှင့် စာတည်းမှူး ကိုယ်ပွားသတင်းစာတိုက်၊ လမ်း၂၀နှင့် ၂၁လမ်း၊ ၈၂နှင့် ၈၃လမ်းကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မန္တလေးမြို့သို့ ၅–၂–၂၀၀၄နေ့အရောက် ပေးပို့လျှောက်ထားနိုင်ပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားဖြစ်သူ မောင်နေလင်းမျိုး ၁၂/ဗဟန (နိုင်) ០၈၃၅၉၂ သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး နေအိမ်မှ မိမိ၏သဘောအလျောက် ဆင်းသွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးကျော်စိန် ၁၂/ဗဟန(နိုင်)០၂၂၇၉၂

၁၅၁(D)၊ ရေတာရှည်လမ်းဟောင်း၊

ဗဟန်း၊ ရန်ကုန်မြို့။



မြန်မာ့တူရိယာအသံများပါဝင်သည့် One Shot CD ဖြန့်ချိ



ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ့တူရိယာသံများအား ဂီတကိုစိတ်ဝင်စားသော မြန်မာလူငယ်များနှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ Post Production လုပ်ငန်းနယ်ပယ်အသီးသီးတွင် မြန်မာ့တူရိယာသံများကို အခက်အခဲမရှိအသုံးပြုနိုင်ရန်၊ နိုင်ငံတကာဂီတပညာရှင်များ မြန်မာ့တူရိယာသံများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်လျက် ကွန်ပျူတာဖြင့် မြန်မာ့ဂီတသံစဉ်များဖန်တီးခြင်းကဏ္ဍ၌ အသုံးပြုနိုင်သည့် အသင့်စီစဉ်တည်းဖြတ်ပြီး One Shotအဖြစ်ပြုလုပ်ထားသော မြန်မာ့တူရိယာအသံများပါဝင်သည့် CD ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသော တတိယအကြိမ်မြောက် ICT Week ကိုဂုဏ်ပြုသောအားဖြင့် Youth Computer Co.,Ltd. အမှတ် ၃၀၇ (ဒုတိယထပ်) ကျိုက္ကဆံလမ်း တာမွေ ဖုန်း–၇၁၀၄၅၃၊ အမှတ် ၁၁၈(မြေညီ) ၃၉လမ်း(အောက်) ကျောက်တံတား ဖုန်း–၃၇၆၄၁၈ က ထုတ်ဝေဖြန့်ချိထားသည်။ ၎င်း CD°တွင် ဗုံ၊ မောင်း၊ လင်းကွင်း၊ ခြူ၊ စည်းနှင့်ဝါး၊ ဝါးလက်ခုပ်၊ ကြေးစည်နှင့် Tone Machineမှပြုလုပ်ထားသော စက်တီးဗုံသံများနှင့် နမူနာတီးလုံးများ၊ ၎င်းအသံများနှင့် တွဲအသုံးပြုမည့် Fruity Loops Softwareတို့ပါဝင်သည်။ ယင်း CD ဖြင့် ရုပ်ရှင်၊ ဗီဒီယို၊ တီဗွီကြော်ငြာ၊ အင်တာနက်ကြော်ငြာ၊ ကွန်ပျူတာဂိမ်းများ၊ သင်ကြားရေး အထောက်အကူ ဗီစီဒီများ၊ သမိုင်းဝင်သရုပ်ပြဗီစီဒီများတွင် နောက်ခံတီးလုံးများအဖြစ် အခက်အခဲမရှိ သုံးနိုင်ခြင်း၊ ထုတ်ကုန်များအတွက် ကုန်ကျစရိတ်သက်သာခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သည်။ MICT Parkတွင် ကျင်းပလျက်ရှိသည့် ICT Weekတွင် Building 7(ပထမထပ်) Room 6 Youth ပြခန်းတွင် သရုပ်ပြရှင်းလင်းမည်ဟု သိရသည်။ **(က–ပ)**

ခရိုမီယမ်အမာတင်ခြင်း သရုပ်ပြရှင်းလင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၁

လှိုင်သာယာစက်မှုဇုန်(၂) ဧရာလမ်းမရှိ KME Engineering group မှကြီးမှူးကျင်းပသော Hard Chromiun Plating ခရိုမီယမ်အမာတင်ခြင်း သရုပ်ပြရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါစက်ရုံ၌ ကျင်းပသည်။

သရုပ်ပြရှင်းလင်းပွဲတွင် KME Engineering Groupမှ ဦးဝေဖြိုးဆန်းက နိုင်ငံပိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပိုင်စက်ရုံများမှ နိုင်ငံခြားငွေဖြင့် တန်ဖိုးကြီးမားစွာ ပေးဝယ်ရသော စက်ပစ္စည်းအစိတ်အပိုင်းများကို ပြည်တွင်းမှာပင် ခရိုင်မီယမ်အမာတင်ခြင်းဖြင့် နိုင်ငံခြားငွေသက်သာစေပြီး သက်တမ်းပိုမိုရှည်ကြာစွာ အသုံးပြုနိုင်ခြင်း၊ သံချေးတက်ခြင်း၊ ပွန်းစားခြင်းမှ ကာကွယ်နိုင်ခြင်း၊ မျက်နှာပြင်ချောမွတ်စေခြင်း စသည့် အကျိုးများရရှိစေမည့်အပြင် လုပ်ငန်းစွမ်းဆောင်ရည်မူလအတိုင်း ပြန်လည်ရရှိစေခြင်းများကို စက်ပစ္စည်းများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ခရိုမီယမ်အမာတင်နိုင်သော ပစ္စည်းများမှာ ဟိုက်ဒရောလစ် စလင်ဒါဝန်ရိုးများ၊ စလင်ဒါလိုင်နာများ၊ ကရိုင်းရှပ်များ၊ ဂီယာများ၊ ဆပ်ပြာစက်သုံးလွန်သွားများ၊ ရေသန့်ဘူး Mouldများ၊ ဒိုင်များဖြစ်ပြီး ခရိုမီယမ်အမာတင်လိုပါက လှိုင်သာယာ စက်မှုဇုန်(၂)ဧရာလမ်းမအမှတ် ၅၅၀ ဖုန်း–၀၉၅၀–၁၄၈၂၇ နှင့် ၅၂၇၀၁၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန် ကျောင်းသားကျောင်းသူများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ ဆောင်၌ကျင်းပရာ မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့ တတ်ကျွမ်းမှု ပြိုင်ပွဲတွင်ပထမဆုရ ဆဋ္ဌမတန်းမှ မောင်နေဝမ်းဖေခင် အား မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းက ဆုချီးမြှင့်စဉ်။ (၁၀၆)

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၆

မော်လမြိုင်ကျွန်းမြို့နယ် နတ်မှူး ကျေးရွာအုပ်စု ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့် တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ၂၀ရက် နံနက် ၁၀နာရီက နတ်မှူးကျေးရွာ မူလတန်း ကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်စန်းရီက အမျိုးသမီးကဏ္ဍ မြင့်မားရေးကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတာဝန်ခံ ဒေါ်နော်မာဂရက်က စာကြည့်တိုက် ပျိုးထောင်ရေးကိုလည်း ကောင်း၊ မြို့နယ်တိုင်းရင်းဆေး ဒု-ဆေးခန်းမှူး ဒေါ်ခင်သိန်းဆင့်က မီးဖိုချောင်မှ ဆေးစွမ်းကောင်းများကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံ ကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်း မြင့်အောင်)က ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးကိုလည်းကောင်း၊ ကျေးလက်စာကြည့်တိုက် ဥက္ကဋ္ဌ ဦးသန်းဝင်းက စာကြည့်တိုက် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကိုလည်း ကောင်း ရှင်းလင်းဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးအားကစားကော်မတီနာယကဒိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ပင်းတယမြို့နယ်ဗိုလ်စွဲ

တောင်ကြီး ဇန်နဝါရီ ၁၂

၂၀၀၃-၂၀၀၄ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးအားကစား ကော်မတီနာယကဒိုင်း အမျိုးသမီးဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက်နံနက်က တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်းတွင် ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပင်းတယမြို့နယ် အမျိုးသမီးဘောလုံးအသင်းနှင့် ကလောမြို့နယ် အမျိုးသမီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပင်းတယမြို့နယ် အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အနိုင်ရရှိသွားသော ပင်းတယမြို့နယ်အသင်းအား ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးအားကစား ကော်မတီ နာယက ဒေါ်ဝင်းဝင်းနုက ပထမဒိုင်းဆု၊ ဆင့်ပွားဒိုင်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)(က-ပ)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် အလယ်တန်းကျောင်းခွဲဖွင့်လှစ်

မြင်းမူ ဇန်နဝါရီ ၆

မြင်းမူမြို့နယ် ပဒတ္တိုင်းရွာ စာပေ ဝတ်ရည် ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်နှင့် အလယ်တန်းကျောင်းခွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက်ပိုင်း က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ခင်ပြည့်၊ ဦးအောင်သင်း (တောင်တွင်း)တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ည ပိုင်းတွင် အရှင်ဆန္ဒာဓိကဆရာတော်၊ စာရေးဆရာ ဦးတင်မြင့် (မြင်းမူ)၊ ဦးမောင်မောင် (မုံရွာ)၊ ဦးအောင်သင်း (တောင်တွင်း)၊ ကံထွန်းသစ်၊ မောင်ခိုင် တည် (ခနှဖြူ)တို့က စာပေအကြောင်း သိကောင်းစရာများကို ဟောပြောကြ သည်။

(က-ပ)

စည်ပင်ဒုတိယညွှန်ချုပ် ဦးအုန်းညွန့် လပွတ္တာမြို့နယ် စည်ပင်လုပ်ငန်းများစစ်ဆေး

လပွတ္တာ ဇန်နဝါရီ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင် သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးအုန်းညွန့်သည် ဧရာဝတီ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးအုန်းသွင်နှင့်အတူ ဇန်နဝါရီ ၁၅ ရက်က လပွတ္တာမြို့သို့ ရောက်ရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှု ဆောင် အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်း တင်ပြကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ချုပ်သည် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီး ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင် ရွက်ရေး၊ မြို့သန့်ရှင်းသပ်ရပ် သာယာ လှပရေးလုပ်ငန်းအား စဉ်ဆက်မပြတ် ဆောင်ရွက်ရေး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

(က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နောင်ချို မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော တောင် ရပ်ကွက်ရှိ ချယ်ရီလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်က အဆိုပါလမ်း၌ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ကျေးလက်လမ်း ကျောက်ချောခင်းမှု ကွင်းဆင်းဆောင်ရွက်

မိုးကောင်း ဇန်နဝါရီ ၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအေး မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဝင်းကျော်ကျော်တို့သည် ဒီဇင်ဘာ ၂၂ရက်က ရေရှင်-ကုလားကုန်းကျေး လက်လမ်းကို ကျောက်ချောခင်းလျက် ရှိသည့် လုပ်ငန်းခွင်သို့ ကွင်းဆင်း ကြပ်မတ် ဆောင်ရွက်ပေးကြသည်။

အဆိုပါလမ်းသည် အရှည် ၂၅၇၅ ပေ၊ အကျယ် ၁၂ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ငွေကျပ်၃၆သိန်း အကုန်အကျခံ၍ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက် ခြင်းဖြစ်သည်။ **(၄၁၆)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု မိုင်းရယ်မြို့ဝင်မုခ်ဦးဖွင့်

မိုင်းရယ် ဇန်နဝါရီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ်တွင် (၅၆)နှစ် မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့အဝင်မုခ်ဦး ဖွင့်ပွဲအခမ်း အနားကို ဇန်နဝါရီ ၄ ရက်က အဆိုပါမုခ်ဦးရှေ့တွင်ကျင်းပရာ ဗိုလ်မှူးကြီးနေဝင်း နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်သိန်းမောင် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** အဆိုပါမုခ်ဦးဆိုင်းဘုတ်ကို ငွေကျပ် ခြောက်သိန်းအကုန်ကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သည်။

(က-ပ)

ဒိုက်ဦးမြို့နယ်၌ (၅၆)နှစ် မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်က (၁) ရပ်ကွက် ကျောင်းကြီးလမ်း မြို့နယ် မိခင်နှင့်ကလေးအသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်က ဆုရ ကလေး တစ်ဦးအားဆုချီးမြှင့်စဉ်။(က-ပ)

ကံမမြို့နယ်တွင် စက်ရေတွင်းဖွင့်ပွဲကျင်းပ

ကံမ ဇန်နဝါရီ ၉

ကံမမြို့နယ် ထန်းကောက်ကျေးရွာ အုပ်စု ငွေလေးကျေးရွာတွင် (၅၆)နှစ် မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု သောအားဖြင့် နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် က ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနား တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင် မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

အဆိုပါ စက်ရေတွင်းကို ရန်ကုန်မြို့ အင်းလျားလမ်းနေ ဦးတင်ဦး၊ ဒေါ်နုနု လင်း မိသားစုက လှူဒါန်းငွေကျပ် ၂၅၀၀၀၀နှင့် ဒေါ်တင်တင်လှမိသားစုက လှူဒါန်းငွေကျပ်၂၅၀၀၀၀တို့ဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက် ပေးခဲ့သည်။ အဆိုပါစက်ရေတွင်းသည် အနက်ပေ ၁၅၀ ဖြစ်ပြီး တစ်နာရီလျှင် ရေထွက်နှုန်း ဂါလန် ၁၂၀၀ ထွက်ပြီး ကျေးရွာလူဦးရေ၃၀၀ခန့်အား သောက်သုံး ရေလုံလောက်စွာ ရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် MRI နှင့် Cobalt စက်များဖွင့်ပွဲ ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသစ်တပ်ဆင်ပြီးဖြစ်သော MRI နှင့် Cobalt စက်များဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် လမ်းမတော်လမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီးအား Europ Continent, Myanmar မှ မန်နေဂျင်းဒါရိုက်တာ Mr. Jean Marie Pascal က အလှူငွေ အမေရိကန်ဒေါ်လာ ၁၂၈၇၁၇ ကိုလည်းကောင်း၊ စမ်းချောင်းမြို့နယ် မကြီးကြီးလမ်း အမှတ် ၁၉ရှိ Foremost Co., Ltd. မှ ဦးစိုးလင်း၊ ဦးတင့်ရှိန်တို့က အလှူငွေကျပ်သိန်း ၁၀၀၊ ကမာရွတ်မြို့နယ် ပြည်လမ်းခုနစ်မိုင်ခွဲ အမှတ် ၁၉နေ အလှူရှင် ဒေါ်သီသီသန်းက အလှူငွေကျပ်သိန်း ၅၀၊ ရန်ကုန်မြို့ ၄၄လမ်း အမှတ်၇၅ ဦးကျော်ဝင်း၊ ဒေါ်ဖြူဖြူသင်းတို့က အလှူငွေကျပ် ၁၀သိန်းနှင့် အလှူရှင်တစ်ဦးက ငွေကျပ်ငါးသိန်း၊ အလှူရှင်ငါးဦးက ငွေကျပ်သုံးသိန်းစီ၊ အလှူရှင်နှစ်ဦးက ငွေကျပ်နှစ်သိန်းစီ၊ အလှူရှင်ငါးဦးက ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနရှိ MRI စက်သစ်ကြီးကို ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝမ်းမောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဓာတ်ရောင်ခြည်ကုဌာန C 60 III စက်ခန်းတွင်တပ်ဆင်ထားသော Cobalt စက်သစ်ကြီးကို ဆေးရုံအုပ်ကြီး ဒေါက်တာတိတ်ဝမ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

MRI စက်သစ်ကြီး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၆၁၅၄ရှိပြီး ရောဂါရှာဖွေရေးတွင် အထောက်အကူပြုမည်ဖြစ်သည်။ Cobalt ဓာတ်ရောင်ခြည်စက်၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉၇၀၀၀ရှိပြီး ကင်ဆာရောဂါလူနာများ ကုသရာတွင် အကျိုးရှိမည့်စက်ကြီး ဖြစ်သည်။ နိုင်ငံတော်မှ ငွေကျပ် ၂၆၅သိန်းနှင့် အလှူရှင်များ လှူဒါန်းငွေကျပ် ၁၃၃သိန်းဖြင့် ကျခံဝယ်ယူခဲ့ခြင်း ဖြစ်သည်။

MRI စက်ကို ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် တစ်လုံးစီ စုစုပေါင်းသုံးလုံးတပ်ဆင်ထားလျက်ရှိပြီး မကြာမီ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တပ်ဆင်ပြီးစီးတော့မည့် စက်တစ်လုံးအပါအဝင် MRI လေးလုံးဖြစ်လာမည်ဖြစ်ကြောင်းနှင့် Cobalt ဓာတ်ရောင်ခြည်စက်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ ရှမ်းပြည်နယ်တောင်ကြီး စဝ်စံထွန်းဆေးရုံကြီးများတွင် ရှိသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဓာတ်ရောင်ခြည်ကုဌာနတွင် နေ့စဉ်ကင်ဆာလူနာ ၃၀၀ခန့်ကို ဓာတ်ရောင်ခြည်ကုသပေးနေရပြီး ဆေးပညာရှင်များနှင့် ကျွမ်းကျင်သူပညာရှင်များအတွက်သာမက လူနာများအတွက် ဝမ်းသာစရာသတင်းကောင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၉ ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ရေးစီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

ဝေဒသုတေသနအဖွဲ့ Website Portal တစ်ခု အင်တာနက်ပေါ် လွှင့်တင်ရန်စီစဉ်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံဝေဒ သုတေသနအဖွဲ့သည် WWW Media Co.,Ltd. ၏စီစဉ်မှုဖြင့် Website Portal တစ်ခု အင်တာနက်ပေါ်သို့ လွှင့်တင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

အဆိုပါ Website (WWW. myanma-rastro. com)ကို မြန်မာဝေဒပညာတစ်နည်းအားဖြင့် မြန်မာဗေဒင် လက္ခဏာ ပညာအကြောင်းနှင့် အင်တာနက်ပေါ်မှတစ်ဆင့် အလွယ်တကူ လျင်မြန်စွာဖြင့် မြန်မာ ပညာရှင်များ၏ ဟော ပြော ချက်များနှင့်အတူ ဆက်သွယ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လွှင့်တင်မည် ဖြစ်သည်။ ၎င်း Website တွင် ပညာရှင်များ၏ ရာသီအလိုက် ဟောစာတမ်းများ၊ ရာသီဖွားများနှင့် ပတ်သက်သော ကိုယ်ရေးအကြောင်း၊ အချစ်ရေး၊ စီးပွားရေး၊ အလုပ် အကိုင်၊ ဆွေမျိုး၊ ကျန်းမာရေးနှင့် လာဘ်ကောင်း မကောင်း စသည့် အချက်များ အင်တာနက်ပေါ်တွင် ဖော်ပြပေးထားမည် ဖြစ်သည်။ ဗေဒင်မေးမြန်းလိုသူများက ပညာရှင်များထံ အီးမေးလ်မှ တစ်ဆင့် မိမိ၏ မွေးသက္ကရာဇ်၊ အမည်နှင့်တကွ မေးမြန်းလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်သည်။ အဆိုပါ Website ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် လွှင့်တင်ရန် စီစဉ်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံဝေဒသုတေသန အဖွဲ့၏ လှုပ်ရှားမှုများ၊ သတင်း အချက်အလက် များနှင့် အဖွဲ့ဝင်များ၏ အချက် အလက်များကိုလည်း အင်တာနက် ပေါ်တွင်ဖော်ပြထားမည် ဖြစ်သည်။

မေးမြန်းနိုင်

၎င်း Website (myanmarastro. com)ကို မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ e-mail:mastrab @ myanmar. com.mm မှ တာဝန်ယူဆောင်ရွက်လျက် ရှိပြီး Website ကို အင်တာ နက်ပေါ် လွှင့်တင်နိုင်ရန် လိုအပ်သော နည်းပညာ ထောက်ပံ့မှုပိုင်းကို WWW Media Co., Ltd. မှတာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ Website နှင့် ပတ်သက်၍ ဖုန်း-၂၀၄၀၂၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရ သည်။ **(က-ပ)**

ဂျပန်ဘာသာစကားပြောသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

GP နိုင်ငံခြားဘာသာ စကားပြောနှင့် ကွန်ပျူတာသင်တန်းက ကြီးမှူး၍ ဂျပန် ဘာသာစကားပြော၊ အရေး၊ အဖတ်၊ နားထောင်စွမ်းရည် လေ့လာလိုသူများ၊ ဂျပန်ဘာသာ ကျွမ်းကျင်မှုအရည်အချင်းစစ် (Level Test) စာမေးပွဲ ဖြေဆိုလိုသူများ Inter Level, Advanced Level, Kajji သီးသန့် သင်ကြားလိုသူများအတွက် ဂျပန် ဘာသာနည်းပြ ဆရာအောင်ဆွေဦး ဦးစီး၍ လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

အခြားနိုင်ငံခြားဘာသာစကားပြောများဖြစ်သော အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ မလေး၊ ရုရှားဘာသာ စကားပြောများနှင့် လက်တွေ့အသုံးချကွန်ပျူတာလေ့လာမှုသင်တန်းများကိုလည်း ကျွမ်းကျင်သော အတွေ့အကြုံဝါရင့်ဆရာ ဆရာမများစုစည်းမှုဖြင့် လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

စိတ်ဝင်စားသူများသည် Centre-I အမှတ် ၅ ဧယျာသီရိလမ်း (အာရှနေဘဏ်ဘေးလမ်း)လှည်းတန်း၊ကမာရွတ် ဖုန်း-၅၃၇၂၃၁ နှင့် Centre-II အမှတ် ၁၁၇(တ-ထပ်) ဆိပ်ကမ်းသာလမ်း ကျောက်တံတား ရန်ကုန် ဖုန်း-၂၅၆၇၉၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၁၂ရက်က မြိတ်မြို့နယ် ထိန်ချောင်း-တီးပု-ကဘင်းချောင်းလမ်းပေါ်ရှိ တံတားအသစ် တည်ဆောက်နေမှုကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဂျပန်စကားပြောနှင့် စာရင်းကိုင်ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

Aung Language Centre မှ ဂျပန်စကားပြော အခြေခံအရေး၊ အဖတ်၊ အပြောကို နေ့တိုင်းတက်တစ်ဦးချင်းပိုင်နိုင်စွာ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈ နာရီမှ ၉ နာရီခွဲ၊ ၉ နာရီခွဲမှ ၁၁ နာရီအထိ လစဉ်အမြဲဖွင့်လှစ်သည်။

အထူးလစဉ် ဂျပန်စကားပြောကို ရုံးသုံး၊ ဟိုတယ်သုံး၊ စားသောက်ဆိုင်သုံး၊ အထွေထွေအသုံးများနှင့် အခြေခံစာရင်းရေးနှင့် စာရင်းကိုင် နှစ်လပြတ်ကို ဖေဖော်ဝါရီ ၇ ရက်(စနေ၊ တနင်္ဂနွေ)ညနေ ၄ နာရီမှ ၅ နာရီခွဲအထိ သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း တိုက် ၂၈၂၊ အခန်း ၁၊ ရန်ကင်းကြားမှတ်တိုင်အနီး ရန်ကင်းသဲကွင်းအနီး၊ အမှတ်(၂)ရပ်ကွက် ဖုန်း-၅၅၅၉၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မိဘမဲ့ကလေးများသို့ ငွေလှူ

ရန်ကုန် ဇန်နဝါရီ ၂၁

ပြင်ဦးလွင်မြို့ စိုးစံလေ့ကျင့်ရေးစခန်း ဗိုလ်မှူးမောင်လတ်(ငြိမ်း) ဒေါ်နန်းယဉ်ယဉ် မိသားစုတို့က ပြင်ဦးလွင်မြို့ ခရိုင်ခရစ်ယာန်ကောင်စီသို့ ရန်ပုံငွေ လှူဒါန်းခြင်းနှင့်ခရစ်ယာန်မိဘမဲ့ကလေးများအား ထောက်ပံ့ငွေလှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၃ရက်က ပြင်ဦးလွင်မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်) ခရစ်ယာန်ကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် အလှူရှင် ဗိုလ်မှူးမောင်လတ် (ငြိမ်း)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းရာ ခရိုင်ခရစ်ယာန်ကောင်စီဥက္ကဋ္ဌဦးတူးဂျာက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ **(အပေါ်ပုံ)** **(က-ပ)**

မြတ်ဗုဒ္ဓပွင့်တော်မူရာမဇ္ဈိမဒေသ

ရန်ကုန် ဇန်နဝါရီ ၂၁

အရှင်ကေလာသ(ဘီအေ)မြန်မာပြန်ဆို၍ စာရေးဆရာမောင်ဘုန်းဝေ(တောင်ကုတ်)တည်းဖြတ်ထုတ်ဝေသည့် မြတ်ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ စာအုပ်ကို ဦးသူရိန်ထွန်း (Three Stars) အမှတ် (၂၈/၃၂) ၄၂လမ်း ဗိုလ်တထောင်မြို့နယ်နှင့် ကိုနိုင်နိုင် (Stars Colour Repro)အမှတ် ၁၈၇၊ ၃၂လမ်း ကျောက်တံတားမြို့နယ်က ပုံနှိပ်ထုတ်ဝေပြီး ရန်ကုန်မြို့ စာအုပ်ဆိုင်နှင့် မန္တလေး စာအုပ်ဆိုင်များတွင် ဓမ္မဒါနပြုနိုင်ကြောင်း သိရသည်။**(ယာပုံ)(က-ပ)**



သည်းထိတ်ရင်ဖိုမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

အတွဲ(၁) အမှတ် ၈ ဖေဖော်ဝါရီလ ၂၀၀၄ ခုနှစ် သည်းထိတ်ရင်ဖို မဂ္ဂဇင်း စာအုပ်ကို ပုရပိုက်စာပေ အမှတ် ၂၈ (မြေညီထပ်)(တောင်) မြင်းပြိုင်ကွင်းလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၁၃၃၁ က ဖြန့်ချိထားကြောင်း သိရသည်။ **(ယာပုံ)(က-ပ)**

ဆုချီးမြှင့်

ပညာရေးဝန်ကြီးဌာနအမှတ်(၁) အခြေခံပညာ ဦးစီးဌာန မိဘဆရာ ကျောင်းသားစုံညီပွဲတော်နှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်က ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ ဆုရကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအား မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်က ဆုချီးမြှင့်စဉ်။

(၂၆၅)

ရှင်လန်း ဝမ်းမြောက်စွာ ချီးကျူးပါ၏၊ ဂုဏ်ပြုပါ၏

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)ဖြင့် သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်တော်များအပ်နှင်းခံရသည့် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ပြည်ပသာသနာပြု ရဟန်းတော်များသင်တန်းကျောင်းတော်ကြီးမှ အောက်ဖော်ပြပါဆရာတော်ကြီးနှင့် လူပုဂ္ဂိုလ်များအား ရှင်လန်းဝမ်းမြောက်စွာ ချီးကျူးပါ၏။ ဂုဏ်ပြုအပ်ပါသည်။

စဉ်	အမည်	တာဝန်	ရရှိသော ဘွဲ့/တံဆိပ်
၁။	ဘဒ္ဒန္တ ဇနိတ ဓမ္မာစရိယ မဟာဝိဇ္ဇာ (အိန္ဒိယနိုင်ငံ၊ မာဂဓတက္ကသိုလ်)	သင်တန်းမှူးဆရာတော်	အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ
၂။	ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)	ဥက္ကဋ္ဌ၊ ဂေါပကအလုပ်အမှုဆောင်အဖွဲ့	အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
၃။	ဦးစိုးမြင့် (ဒူးရင်းသီးဦးစိုးမြင့်)	ဂေါပကအလုပ်အမှုဆောင်	အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
၄။	ဦးဟန်မောင် (ဆုထူးပန်ဆရာဟန်)	အဘိဓမ္မာသင်တန်းမှူးကြီး	သဒ္ဓမ္မဇောတိကဓဇ
၅။	ဒေါက်တာခင်မောင်ညွန့်	ပညာရေးနှင့်သင်ကြားပို့ချရေးကော်မတီဝင်နှင့်သင်တန်းဆရာကြီး	ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒု)
၆။	ဒေါ်အေးအေးကြည်	ဒုတိယဥက္ကဋ္ဌ(၁)၊ ဝေယျာဝစ္စအမျိုးသမီးအဖွဲ့	အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂ
၇။	ဒေါ်ခင်သန်းမြင့် (ဂုဏ်ရှိန်မြင့်)	ဒုတိယဥက္ကဋ္ဌ(၂)၊ ဝေယျာဝစ္စအမျိုးသမီးအဖွဲ့	သီဟသုဓမ္မသီင်္ဂ

ဂေါပကအလုပ်အမှုဆောင်အဖွဲ့ ပညာရေးနှင့်သင်ကြားပို့ချရေးကော်မတီ ဝေယျာဝစ္စအမျိုးသမီးအဖွဲ့ ကျန်းမာရေးနှင့်လူမှုဝန်ထမ်းရေးရာအဖွဲ့



ယာဉ်မောင်းတကယ်တတ်လိုလျှင် ရွှေမြင်သာနှင့်သင်

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှကြီးမှူးသည့် ရွှေမြင်သာ အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၂/၂၀၀၄)ကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဖွင့်လှစ်ပါမည်။

* စနစ်တကျယာဉ်မောင်းကျွမ်းကျင်စေရမည်။
* ရွာသာကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ အမှတ်(၂) လမ်းမကြီးတွင် ဖွင့်လှစ်မည်။
* သွားလာမှုလွယ်ကူစေရန် ရွာသာကြီးသို့ သဃ်ာန်းကျွန်း မြင်သာရုံးမှ တစ်ဆင့် ကြို/ပို့ယာဉ်များ စီစဉ်ပေးမည်။
* နယ်မှတက်ရောက်လိုသူများအတွက် နေထိုင်ရေးအခမဲ့စီစဉ်ပေးမည်။
* သင်တန်းတက်ရောက်လိုသူများ ၃-၂-၂၀၀၄ ရက်နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။

ဆက်သွယ်စာရင်းပေးရန်လိပ်စာ

ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
သံသုမာလမ်း၊ မြင်သာ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၇၃၁၀၉၊ ၅၇၃၁၀၆၊ ၅၇၀၉၆၇

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာချက်အမှတ်(၂/၂၀၀၄)
လေယာဉ်မောင်း၊ လေယာဉ်မယ် လူတွေ့စစ်ဆေးရန်ကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်း၊ လေယာဉ်မယ် ရာထူးလျှောက်ထားသူများအနက် ပဏာမ၊ လူတွေ့စစ်ဆေးမှု အောင်မြင်သူများ၏ အမည်စာရင်းနှင့် အပြီးသတ် စစ်ဆေးမှု ဖြေဆိုကြရမည့် နေ့ရက်၊ အချိန်၊ နေရာ၊ အစီအစဉ်များအား ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂၀ရက် ၁၀:၀၀နာရီအချိန်တွင် မြန်မာ့လေကြောင်း(ရုံးချုပ်)၊ အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ကြေညာပါမည်။

အပြီးသတ် စစ်ဆေးမှု ဖြေဆိုကြမည့်သူများသည် မိမိတို့ ဖြေဆိုရမည့်နေ့ရက်တွင် မြန်မာ့လေကြောင်း(ရုံးချုပ်)၊ အမှတ် ၁၀၄၊ကမ်းနားလမ်း၊ ရန်ကုန်မြို့သို့ နံနက် ၈:၀၀နာရီ အရောက် အောက်ဖော်ပြပါ စာရွက်စာတမ်းများ မပျက်မကွက်(မပျက်မကွက်) ယူဆောင်လာ၍ သတင်းပို့ရပါမည်။

(က) မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း
(ခ) အခြေခံပညာအထက်တန်းစာမေးပွဲ(က)အဆင့်ဖြင့် အောင်လက်မှတ် မူရင်း
(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ
(ဃ) အလုပ်သမားမှတ်ပုံတင်ကတ်မူရင်း
(င) အိမ်ထောင်မရှိ(လူပျို၊အပျိုဖြစ်ကြောင်း)သက်ဆိုင်ရာ (ရယက)၏ ထောက်ခံချက်မူရင်း

မြန်မာ့လေကြောင်း။



အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝင်းရီ ၁၂/ကမန(နိုင်) ၀၅၇၉၅၀ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကွယ်လွန်သူ ဒေါ်ကျင်ရွှေပိုင်ပစ္စည်းအရပ်ရပ်နှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေဒေါ်ခင်ဝင်းရီပါ (၄) ဦးတို့က ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှု အမှတ် ၇၉၈/၉၈ ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေရန်နှင့် စာချုပ်စာတမ်း ပယ်ဖျက်ပေးရန် စွဲဆိုခဲ့ပါသည်။ တိုင်းတရားရုံးနှင့် တရားရုံးချုပ် တရားမ ပထမအယူခံမှုအမှတ် ၂၁၁/၂၀၀၃နှင့် ၂၃၁/၂၀၀၃ တရားရုံးချုပ်၏ တရားမ (အထူး) အယူခံမှုအမှတ် ၄၇/၂၀၀၃ စီရင်ချက်နှင့်ဒီကရီများအရ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်ဝင်းရီပါ (၅)ဦးတို့သည် ကွယ်လွန်သူ ဒေါ်ကျင်ရွှေပိုင် ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့ကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ ခွဲဝေခံစားရန် ဆုံးဖြတ်ပြီးဖြစ်ပါသည်။

ယင်းအမွေပုံပစ္စည်းများသည် အောက်ပါမရွှေ့ပြောင်းနိုင်သောပစ္စည်းများလည်းပါဝင်၍ ယင်းပစ္စည်းများအပေါ် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းလုံးဝမပြုလုပ်ရန် အသိပေး ကြေညာအပ်ပါသည်။

(၁) ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊အမှတ်၅၇၄ မြေညီထပ်တိုက်ခန်းနှင့်ဖုန်းအမှတ် ၂၂၃၈၇၁အပါအဝင် အခန်းရှိပစ္စည်းများအားလုံး
(၂) ကော့မှူးမြို့နယ် ကျိုက်ထော်ကျေးရွာ ဈေးပိုင်း၊ ကမ်းနားလမ်းရှိ မြေကွက်နှင့် မြေကွက်ပေါ်မှ သုံးခန်းတွဲ နှစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်များ။

တိုင်းတရားရုံးနှင့်တရားရုံးချုပ်ထိ၊အဆင့်ဆင့်သော တရားရုံးတော်များမှ အပြီးသတ်အမိန့်ဒီကရီ ချမှတ်ပြီးဖြစ်၍ တရားရုံး၏ အမိန့်ကိုဆန့်ကျင်ပြီး မမှန်မကန်ကြေညာခြင်း၊ ကန့်ကွက်တင်ပြခြင်း ဆောင်ရွက်လာပါက ဥပဒေနှင့်အညီ ဒေါ်ခင်ဝင်းရီက အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ထို့ပြင် ၂၉-၁၂-၂၀၀၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၉ ပါ ဦးမြကြည် တရားရုံးချုပ်ရှေ့နေ၏ ကန့်ကွက်ကြောင်းကြေညာခြင်း အပေါ် အမွေပုံပစ္စည်းစာရင်း၌ သတ်မှတ်ထားသည့် အမှတ် ၅၇၄ ကမ်းနားလမ်း ပထမထပ်အခန်းနှင့်ပတ်သက်၍ မမှန်မကန်ကြေညာချက်အားနှစ်ပတ်အတွင်း ရုပ်သိမ်းပေးရန် လိုက်နာခြင်းမရှိက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံသိစေအပ်ပါသည်။

ဦးစိန်လှိုင် စစ်မှုထမ်း(အငြိမ်းစား)
တရားရုံးချုပ်ရှေ့နေ (၂၀၁၆)
အမှတ်-၈၃/၁၁၊ ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၇၇၁၄

ဒေါ်ခင်စန်းမြင့် (B.A, B.Ed)
မော်ကွန်းနည်းပြ၊စစ်ကိုင်း
အသက်(၆၉)နှစ်

စစ်ကိုင်းမြို့ ပိုးတန်းရပ်(ဦးဟန်သိန်း-ဒေါ်ခင်အုန်း)တို့၏ သမီးကြီး၊ ဦးလေးမောင်-ဒေါ်ကြည်ကြည်ဝင်း(အထပြ-ငြိမ်း)၊ဒေါ်ခင်မေမြင့်(အထပြ၊အထက-၁) တို့၏အစ်မ၊ ဦးကျော်စိန်(မြို့နယ်ပညာရေးမှူး၊ (ငြိမ်း) ၏ ဇနီး၊ ကိုမျိုးဇော် (ဧည့်လမ်းညွှန်)၊ ကိုအောင်မွန် (ဆသရ၊ စစ်ကိုင်း)၊ ကိုငြိမ်းလတ် (မထသ၊ မန္တလေး)၊ မခင်ချောယဉ် (လ/ထ ကထိက Y.T.U)၊ မအိအိခင်(လ/ထ နည်းပြ အေးသာယာG.T.C) တို့၏ မွေးသမိခင် ဒေါ်ခင်စန်းမြင့်သည် ၁၆-၁-၂၀၀၄ ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၀၄ ရက်တွင် စစ်ကိုင်းမြို့ တင်းတိပ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးရွှေဘော် ၁၂/ရကန(နိုင်) ၀၁၃၇၀၃ နှင့် ဒေါ်လီလှမြင့် ၁၂/ရကန(နိုင်)၀၁၃၇၇၈ တို့၏ သမီးဖြစ်သူ မခိုင်ဇာလင်း ၁၂/ရကန(နိုင်) ၀၀၃၂၈၄ အား ၁၀-၁-၂၀၀၄ ရက်မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝများကို လုံးဝတာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ)

ဦးရွှေဘော်-ဒေါ်လီလှမြင့်။

ပြောင်းလဲခေါ်ပါရန်

အင်းစိန် အမက(၁) ဗဟို သူငယ်တန်း (က)မှ ဦးအောင်မျိုးဦး၏သမီး မနှင်းယမုံအောင်အား ယနေ့မှစ၍ မနှင်းယုယုခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၂၆၃၅ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ (ရန်ကုန်တိုင်း)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Telephone Operator (မ) ၂ ဦး
ရုပ်ရည်သန့်ပြန့်ရမည်။ အသက် (၂၅)နှစ်အောက်၊ ဘွဲ့တစ်ခုခုရရှိပြီး အင်္ဂလိပ်စကားနှင့် တရုတ်စကား အသင့်အတင့်ပြောဆိုနိုင်သူ ဦးစားပေးမည်။

၂။ Office Staff (မ) ၄ ဦး
အသက် (၃၅)နှစ်အောက် ဘွဲ့ရပြီး ရုံးလုပ်ငန်းကျွမ်းကျင်၍ ပြင်ပဌာနများနှင့်ပြေပြစ်စွာ သွားလာဆက်ဆံနိုင်သူ ဖြစ်ရမည်။

၃။ Marketing Manager (ကျား/မ) ၄ ဦး
အသက် (၄၀)နှစ်အောက်၊ ဘွဲ့တစ်ခုခုနှင့် Marketing ဆိုင်ရာ ဒီပလိုမာရရှိပြီး အတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိရမည်။

၄။ Driver (ကျား) ၂ ဦး
အသက် (၄၅)နှစ်အောက်၊ ယာဉ်မောင်းအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိရမည်။

၅။ Security ၅ ဦး (ကျား)
အသက် (၅၀)နှစ်အောက် ကျန်းမာသန်စွမ်းပြီး နေ့/ည အလှည့်ကျ တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားသူသည် ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်၊ သုံးလအတွင်းရိုက်ထားသော ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ မျှော်မှန်းလစာနှင့် ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံဖော်ပြပြီး စာတိုက်သေတ္တာအမှတ် ၂၄၅၊ ရန်ကုန်စာတိုက်ကြီးသို့ ပေးပို့လျှောက်ထားနိုင်သည်။

ရောင်းရန်ကြော်ငြာ
တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ဖလမ်းခရိုင်တရားရုံး
၂၀၀၂ ခုနှစ် တရားမဇာရီမှု အမှတ် ၈

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးကမ်ဇခိုင်
တီးတိန်မြို့ ၂။ ဒေါ်လျှန်လမ်းမန်
မြို့မရပ်ကွက်၊ တီးတိန်မြို့

(ဒီကရီရရှိသူ) **(တရားရှုံး)**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၂၃ရက် (မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၄ ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တီးတိန်မြို့၊ မြို့မရပ်ကွက်၊ မြေကွက်အမှတ် ၂၃၊ ဦးပိုင်အမှတ် ၃၀၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံး လုပ်ငန်းပိုင်ကုန်ပစ္စည်းအားလုံး (လေလံကြမ်းခင်းဈေး ကျပ် ၁၃၀၀၀၀၀။ (ကျပ်တစ်သန်းသုံးသိန်းတိတိ)

ရောင်းချရန်စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရှုံးသူ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်မဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံကို ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဌေးဝင်း
ဒုတိယခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး၊ ဖလမ်းမြို့။



ဗိုလ်ကြီးတင်အောင်(ငြိမ်း)
ဂျပန်ဘုရင့်စစ်တက္ကသိုလ်ဒုတိယပတ်
နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်
မော်ကွန်းဝင်ဒုတိယဆင့်
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ် ၂၁၈၊ အခန်း ၁၈နေ(ဦးသာမျှင်-ဒေါ်အေးမေ) တို့၏ သား၊ စက်ရှင်မင်းကြီး (ဦးချစ်ဆွေ-ဒေါ်စိန်ပြေ)တို့၏ သားသမက်၊ ဒေါ်သန်းတင်(စာစစ်မှူး၊ ဗဟိုတရားရုံးချုပ်၊ အငြိမ်းစား) ၏ ခင်ပွန်း၊ ဦးခင်မောင်ဝင်း(ဓာတု-ရူပ)-ဒေါ်ခင်လေးမွန်(အထက-၁၊ ရန်ကင်း)၊ ဒေါက်တာအောင်ဇေယျ-ဒေါက်တာအေးအေးသန်းတို့၏ ဖခင်၊ မောင်အောင်ဇော်အေး၊ မမေလွင်မြင့်၊ မောင်အောင်မျိုးအေး၊မခင်ဆွေအေး(စတုတ္ထတန်း-ခ၊ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်း)တို့၏အဘိုးသည် ၈-၁-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ တောင်ဥက္ကလာပခရိုင် ဇရပ်ကြီး၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မောင်ကျော်မျိုးအောင်(ခ) အောင်အောင်
B.A(Phylo;)
ရေနံချောင်းမြို့
အသက်(၃၁)နှစ်

ရေနံချောင်းမြို့ ရွှေကြာငုံရပ် လမ်းပြဆေးတိုက်(ဒေါက်တာဦးကျော်စိန်)-ဒေါ်မြင့်မြင့် တို့၏မြေး၊ ဒေါက်တာဦးကြည်စော-ဒေါ်ခင်မေညွန့်(ခ)ဒေါ်လီ တို့၏ သားထွေး၊ကိုအောင်စောဦး (B.E Mech;)၊ မခင်ဝေမြင့် (B.Sc Zoology)၊ ကိုကျော်မျိုးခိုင် (B.A.Geo;) ကိုကျော်မျိုးနိုင် (B.Sc Botany)၊ မနိုင်နိုင်ဝင်း၊ ကိုကျော်မျိုးလှိုင် (B.B.Sc.)-မနီလာဝင်းဆွေ(B.A.Geo;)၊ ကိုကျော်မျိုးဇော် (B.E.Mech;) ကိုကျော်မျိုးဝင်း (B.Sc Physis) မခင်နန္ဒာဝန်းတို့၏ညီငယ်၊ မောင်ဟိန်းစောထက်၊ မောင်ဖြိုးစောထက်၊ မောင်ကျော်ဝင့်ဇင်၊ မောင်ခိုင်ဘိုဝင်း၊ မောင်ဟိန်းထက်ဦး၊ မသင်းကြူလှိုင်ဆွေ၊ မောင်စည်သူထက်တို့၏ ဦးလေး မောင်ကျော်မျိုးအောင်သည် ၁၈-၁-၂၀၀၄ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၁-၂၀၀၄ရက်တွင် ရေနံချောင်းမြို့ ပန်းဘဲတန်းတိုက် သုသာန်သို့ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဒုရဲအုပ်မြတ်တိုး
(ဥပဒေဘွဲ့)
နမ့်ခမ်းရဲတပ်ဖွဲ့စခန်း
အသက်(၃၂)နှစ်

ရန်ကုန် အင်းစိန်လမ်း၊ အမှတ် (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ တိုက် B-2၊ အခန်း A - 4 နေ ဦးဝင်းဌေး (ဒုတိယညွှန်ကြားရေးမှူး၊ငြိမ်း၊ တရားရုံးချုပ်)-ဒေါ်တိုးတိုးတို့၏သား၊ မအိဥမ္မာဌေး(ခွဲစိတ်ခန်း ၊ဆာကူရာဆေးခန်း) ၏ မောင်၊ ကိုညီညီထွေး-မစန်းစန်းလွင် (စမ်းသီဂိရွှေဆိုင်၊ လားရှိုးဈေးကြီး) တို့၏ အစ်ကိုကြီး၊ ဒေါ်လဲ့လဲ့နိုင် (ဒဂုန်အချိုရည်နှင့် ရေခဲစက်)၊ ဗိုလ်ကြီးလေးနိုင်(ငြိမ်း၊ ဒုလက်ထောက်ညွှန်ကြားရေးမှူး၊ (T.S)-ဒေါ်ကြည်ကြည်အောင် (အလက-၅၊ ရန်ကင်း)၊ ဒုတပ်ကြပ်သန်းကျော်မိုး (တပ်မတော်-ရေ)၊ ဦးအောင်နိုင်ကြည် (တွဲဖက်လေယာဉ်မှူး၊ Air Mandalay)-ဒေါ်ချစ်ချစ်ထွေး၊ ဦးမြင့်အောင်- ဒေါ်အေးသက်မွန်တို့၏ မောင်၊ ဦးကျော်သူရ-ဒေါ်ဆွေဇင်သက်၊ ဗိုလ်ကြီးသော်တာထွေး (တပ်မတော်နည်းပညာတက္ကသိုလ်)၊ မယမင်းသက်ဝေတို့၏ အစ်ကိုသည် ၇-၁-၂၀၀၄ ရက် ည ၈:၃၅ နာရီတွင် နမ့်ခမ်းမြို့၌ ကွယ်လွန်သွားပါ၍ ၉-၁-၂၀၀၄ ရက်တွင် နမ့်ခမ်းမြို့ မန့်ခမ်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၆ နေ
ဦးအုန်းမြင့်-ဒေါ်လှမြင့်
တို့၏သား
မောင်ဝင်းမြင့်ထွန်း(ခ)မောင်ရဲသောင် B.Sc(Geology)
နှင့်
ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ကသဲတန်းလမ်း၊အမှတ် ၁၄၁ နေ
(ဦးခင်ဝမ်း)-ဒေါ်ခင်လေးမြင့်
တို့၏သမီး
မပွင့်ဖြူသီ B.Sc (Hons) (Physics)

တို့သည် ၂၇-၁၂-၂၀၀၃ ရက်တွင် ပြည်မြို့နေအိမ်၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းမြင့်ထွန်း(ခ)မောင်ရဲသောင်-မပွင့်ဖြူသီ။





ကျိုးစိန်စွပ်ကျယ်စက် အစုရှယ်ယာရှင်များ သိစေရန်

ကျိုးစိန်စွပ်ကျယ်စက် အစုရှယ်ယာဝင်များသည် ယနေ့မှစ၍ ၁၅ ရက်အတွင်း ဦးကျော်ထံ ဆက်သွယ်ကြပါရန် ကြေညာအပ်ပါသည်။

ဦးကျော်
ကျိုးစိန်စွပ်ကျယ်စက်အစုရှယ်ယာဝင်တစ်ဦး
အမှတ် ၅၊ ကွမ်းခြံမြောက်ပိုင်း၊ (၇)လမ်း
အမှတ် (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်
ရန်ကုန်မြို့



ဘုရား၊ကျောင်း၊တန်ဆောင်း၊ ဇရပ်၊လမ်းဒါယိကာမကြီး ဒေါ်မြရီ တောဇစက္ကူယောဂီ အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ၈ မိုင်၊ တောဇစက္ကူ ဝိပဿနာကျောင်းတိုက်၊ ဇရပ်အမှတ် ၁၀၂ နေ (ဦးဘိုးပု-ဒေါ်စောတင်)တို့၏ သမီးကြီး၊ [ဦးတိုး(ခ) ဦးအုန်း]၏ဇနီး၊ အမှတ် ၃၅/စီ၊ သာယာဝတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းနေ ဦးထွန်းရီ (အင်/ယာမှူးကြီး၊ ဆောက်လုပ်ရေး)-ဒေါ်စန်းစန်းကြည်တို့၏မိခင်၊ ကိုဝင်းထွန်း(တစ်နှစ်သုံး၊ ကားအပိုပစ္စည်းရောင်းဝယ်ရေး)-မချိုချိုလွင်၊ ကိုဝင်းနိုင် (Genius Video Editing)၊ မမြတ်သူဇာထွန်း (M.Sc, Engineering Physics Year I)၊ ကိုတင်ထွန်းဝင်း (Genius Video Editing) တို့၏ အဘွားသည် ၁၈-၁-၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက် ၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်ကြင်နု (လှိုင်းဘုန်း) အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ ၁၂လုံးတန်း၊ တိုက်အမှတ် ၂၁၄၊အခန်း ၂၂နေ မောင်ဝေလင်းဦး၊ မောင်စောရန်နောင်၊ မချိုမာလွင် (ကျိုက်လုံကုမ္ပဏီ)၊ ကိုတင်ဝင်းဆွေ(မော်စီ)-မဇင်မာလွင် (ငယ်ငယ်)၊ ကိုရန်နောင်လွင်(Myint & Associates)-မဆိုင်းမိုင်၊ Carlos Flores-မယဉ်သွယ်သွယ်မျိုး၊ မောင်မျိုးသော်ထက်၊ မလတ်အိအိသွယ်၊ မောင်စိုးမိုးနိုင်(Sedona Hotel)၊ မောင်ထက်နိုင်ထူး(VII A အလက-၅၊ ရန်ကင်း)၊ မအင်ကြင်းပွင့် (VII A အလက-၅၊ ရန်ကင်း)၊ မဆုမြတ်သူ (I A အထက-၂၊ ကြည့်မြင်တိုင်)၊ မြွှေးမိုတို့၏ အဘွား၊ ပန်းနုနောင်(ဖွေးဖွေး) (အလက-၅၊ ရန်ကင်း)၊အိမ့်ဆည်းလည်းဆွေ (ရဲရဲ) အလက(၄)ရန်ကင်း၊ Amalia မေမျိုး Flores တို့၏ဘွားဘွားကြီးသည် ၁၈-၁-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၃:၄၀ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်း ရပ်ကွက်အမှတ် ၃၅ စီဂျီ၊ မြေကွက်အမှတ် ၁၁၉၈ ကို ဦးဒွေး၊ ဒေါ်ခင်ဆွေ အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ မြေချပါမစ် ထုတ်ပေးမည် ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြေညာသည့်နေ့မှစ၍ တစ်ပတ်အတွင်း ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဗိုလ်ချုပ်လမ်း၊ရန်ကုန်မြို့**

အမည်ပြောင်း

ဦးတင်ဋ္ဌေး၏သား မောင်အောင်မင်းဖြိုး ၁/မကန(နိုင်) ၁၁၆၆၄၃ အား ယနေ့မှစ၍ မောင်အောင်ကျော်ဦးဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကျော်ဦး။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ သိုက်နန်းရှင် ကုမ္ပဏီ FJV ငွေသွင်းပြေစာအမှတ် ၂၂၈၃၀၅၊ ၂၂၈၃၀၁၊ ၁၅၅၄၀၊ ၂၂၈၃၀၆ လေးစောင်သည် ခရီးသွားရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဦးဝင်းအောင်
ဖုန်း-၀၉-၅၀-၂၁၁၉၇

မွေးသက္ကရာဇ်အမှန်

အထက တာချီလိတ် ဆဋ္ဌမတန်း (E)မှ ကျောင်းဝင်အမှတ် (၉၆၉၃) မထွေး၏မွေးသက္ကရာဇ် အမှန်မှာ ၂၈-၅-၁၉၉၁ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၂)၊ လူနေ ရပ်ကွက်အမှတ် ကံဘဲ့ မြေကွက်အမှတ် ၁၅၅/ဃ၊ ဧရိယာ(၀ဒသမ၀၈၅ဧက) နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူများဖြစ်သော ဦးမောင်မောင်မြဦး၊ ဒေါ်နှင်းနှင်းမြနှင့် ဒေါ်တိုးတိုးမြ(ခ) နီနီကျော်တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အထက်ပါအတိုင်း အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေါ်မေထားအောင်
၁၂/ကမတ(နိုင်)၀၃၇၁၈၀
၁၃၁၊ ဟံသာဝတီလမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။

ဖခင်အမည်မှန်

အထက တာချီလိတ် သတ္တမတန်း (F)မှ ကျောင်းဝင်အမှတ် (၁၄၂၆၅) စိုင်းဝန်းမား၏ ဖခင်အမည်မှန်မှာ ဦးတင်ဆန်းဖြစ်၍ ၎င်း၏အမည်မှန်မှာ စိုင်းဝန်းမား(ခ)စိုင်းငြိမ်း ဖြစ်ပါကြောင်း။

အလ္လာသျှင်မြတ် အမိန့်တော်ခံယူခြင်း ဦးလှရွှေ(ခ)Danny Hline St. Paul

ကျောင်းသားဟောင်း
Managing Director
Thidar Shwe Zin Co.Ltd
အသက်(၅၇) နှစ်

ရန်ကုန်မြို့၊ (၂၀)က၊ ဒေါ်လှပန်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဒေါက်တာဦးထွန်းလှိုင်-ဒေါက်တာဒေါ်ချစ်တင်)တို့၏ သား၊ ဒေါ်အမာကြူ၏ ခင်ပွန်း၊ ဒေါ်မင်နီလှိုင်-ဦးဆွေလင်းအေး၊ (ဦးမောင်မောင်)တို့၏ ညီမောင်၊ ဦးဝဏ္ဏ-ဒေါ်ကေသွယ်အောင်၊ ဦးတင်ထွန်းလှိုင်-ဒေါ်နော်ကျင်အေးမူ၊ ဒေါက်တာအေးသီတာလှိုင်၊ ကိုအောင်မင်းသိန်းတို့၏ဖခင် မောင်ဆန္ဒရဲလှိုင်၊ မောင်မင်းဗညားဟိန်းတို့၏ အဘိုးသည် ၁၉-၁-၂၀၀၄ ရက် နံနက် ၅ နာရီတွင် အထက်ပါနေအိမ်၌ အလ္လာအသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပု (အိုင်သပြုဟသာ်တ)
လွတ်လပ်ရေးမော်ကွန်းဝင်တတိယဆင့်
(မြို့မကျောင်း၊ရန်ကုန်ဟိုက်စကူးကျောင်း၊ အထက–၁၊ ပုဇွန်တောင် ဆရာမဟောင်း) ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အထက(၁၀)တာမွေ
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းသစ်ရိပ်သာ၊ တိုက်အမှတ် ၇၊ အခန်းအမှတ်၈နေ (ဦးမြဒင်–ဒေါ်ကျော့ခင်) တို့၏သမီး၊ (ဦးဘိုးဒွေး–ဒေါ်ဝါနု)တို့၏သမီး ချွေးမ၊ ဦးစော (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊စာပေဗိမာန်)၏ဇနီး၊ ဗိုလ်ကြီးကြည်စိန်–ဒေါ်တင်ညွန့်တို့၏ညီမ၊ ဗိုလ်ကြည်ရှိန်၊ ဗိုလ်မှူးကြီးကျော်ဇေယျ–ဒေါ်ခင်မျိုးသန်း၊ ဦးခင်ညို၊ ဦးစိန်ဝင်း–ဒေါ်မြမြ၊ ဦးသန်းထွန်း–ဒေါ်ခင်ဝင်း တို့၏အစ်မသည် ၂၀–၁–၂၀၀၄ရက်(အင်္ဂါနေ့) နံနက်၇း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၁–၂၀၀၄ရက်(စနေနေ့)နံနက်၁၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၂)တပ်မတော်ဆေးရုံမှကားများ နံနက်၁၀နာရီတွင် ထွက်ခွာပါမည်။ နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမကြီး
ဒေါ်တင်လှ (အဖျောက်)
အသက်(၈၃)နှစ်

တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့နေ(ဦးဘညိမ်း–ဒေါ်စိန်ဖော့)တို့၏ သမီးကြီး၊ (ဦးမောင်ထွေး)၏ဇနီး၊ ဟသာ်တမြို့နေ ဦးချစ်ဝေ–(ဒေါ်မြမြ)၊ ဒေါ်ခင်သန်းမြင့်၊ (ဦးကိုကို)တို့၏အစ်မကြီး၊ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ အမှတ်၂၉၊ ဦးဖိုးလမ်းနေ ဦးအောင်ကျင်ငွေ–ဒေါ်မိမိထွေးတို့၏မိခင်၊မောင်ပြည့်စုံ–မစန္ဒာဝင်း၊(မောင်သီဟ)–မမျိုးစန္ဒာ၊ မောင်ဇာလီအောင်တို့၏အဘွား၊ မငြိမ်းဆုဝေ(အထက–၂၊ဒဂုံ)၊ မောင်ဖွဲ့ဝေယံတို့၏ဘွားဘွားသည် ၂၁–၁–၂၀၀၄ရက် နံနက်၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃–၁–၂၀၀၄ရက် မွန်းတည့်၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်မြင့် B.A (မြန်မာစာ)
(စာရေးဆရာ မြင့်မောင်မောင်)
(အတွင်းရေးမှူး၊သာကေတမြို့နယ်၊စာပေနှင့်စာနယ်ဇင်းအဖွဲ့)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ် ၈၊ အနော်မာ ၁၈ လမ်းနေ (ဦးဘရင်–ဒေါ်အမာကြည်)တို့၏သား၊ (ဦးအုန်းဖေ–ဒေါ်တင်ညွန့်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းချို (ဆေးနှင့်ဆေးပစ္စည်း၊ ငြိမ်း)၏ ခင်ပွန်း၊ တောင်လုံးပြန်ကျောင်းလမ်းနေ (ဦးစံလွင်)– ဒေါ်ရင်ကြည်တို့၏တူ၊ (ဦးလှစိန်)–ဒေါ်မြင့် ရီ (ပုဇွန်တောင်ဈေး)၊ ဦးသန်းကျော် (ပတ္တ မြားဈေး)–ဒေါ်ကြည်မြင့်၊ ဦးမြသိန်း(လောကနတ်စာပေ)–ဒေါ်လှမြိုင်တို့၏အစ်ကို၊ရန်ကုန်မြို့၊ ၄၆ လမ်းနေ (ဦးသန်းအေး)၊ဒေါ်ယဉ်ကြည်တို့၏ညီမောင်၊ဦးလှမြင့်၊ ဦးတင်အေး (ကုန်သွယ်လယ်ယာ)–ဒေါ်မြသွေးတို့၏အစ်ကို၊ ကိုအောင်မြင့်ကြည် (Seven Mountain-hipping Co., Ltd.)–မနှင်းသီတာချို၊ ကိုကိုလွင်–မခင်ဝါလှိုင်၊ တပ်သားအေးနိုင် (အမှတ်–၁၊တပ်မတော်တပ်ထိန်းတပ်၊ရေ)–မနှင်းစန္ဒာချိုတို့၏ ဖခင်၊ မောင်ဟိန်းသူရလွင်၊ မောင်ရှင်းသန့်အောင်၊ မောင်သန့်မင်းမောင်တို့၏အဘိုး၊ တူ၊တူမရှစ်ယောက်တို့၏ဘကြီးသည် ၂၁–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃ –၁–၂၀၀၄ ရက် (သောကြာနေ့) မွန်းလွဲ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) (၃၃ လမ်းမှကားများ မွန်းတည့် ၁၂ နာရီ တွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးထူးမြင့်စိုး (O.T.S°–၈၅)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်မှတ်တမ်းရုံးဝင်း၊ တိုက်အမှတ် ၂၁၆၊ အခန်း၉နေ (ဦးခင်မောင်စိုး–ဒေါ်တင် မြင့်)တို့၏ သားထွေး၊ ဦးအောင်သိန်း–ဒေါ်မော်မော်တို့၏ သားသမက်၊ ဒေါ်အိအိအောင်(မြန်မာမေဖလားဝါးဘဏ်)၏ ခင်ပွန်း၊ မအင်ကြင်းမိုး၏ဖခင်၊ ဦးအောင်မြင့်စိုး–ဒေါ်ဝင်းဝင်းဆွေ(အလက–၂၊ တာမွေ)၊ ဦးသန်းလွင်ဦး(ဒုဋ္ဌာနမှူး၊ ပတ်/သန့်၊ မြို့တော်စည်ပင်)–ဒေါ်ချိုဇင်စိုး(အထက–၂၊လသာ)၊ ဦးမောင်မောင်အေး(လ/ထဋ္ဌာနမှူး၊ ယာ/အုံ၊ မြို့တော်စည်ပင်) – ဒေါ်အေးဇင်စိုး(ဥပဒေအကြံပေး၊ မြို့တော်စည်ပင်)၊ ဒေါ်ငြိမ်းဇင်စိုး (နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)၊ ဦးလိုင်မြင့်စိုးတို့၏ ညီ/မောင်သည် ၁၇–၁–၂၀၀၄ရက် ည ၇ နာရီတွင် တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၁–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် တပ်မတော်ဆေးရုံကြီးအအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မခင်ဖြိုးကြည် (ကွမ်းခြံကုန်း)
IDCS (အထက–၄၊ ဗိုလ်တထောင်ကျောင်းသူဟောင်း)
ဒုတိယနှစ်၊ (ဝါဏိဇ္ဇဗေဒ)စီးပွားရေးတက္ကသိုလ်
Diploma In Information System Nanyang Institute Of Management Singapore
အသက်(၁၉)နှစ်

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ အမှတ် B(1)၊ ဝန်ထမ်းအိမ်ရာ (ရန်ကုန်သန်လျင်တံတား)နေ ဦးကျော်စိုး(အကြီးတန်းလိုင်စင်အင်/ယာ ATG Construction Team)၊ ဒေါ်ကြည်ဝင်း(အငယ်တန်းအင်/ယာ–၂၊ တံတားအထူးအဖွဲ့–၁၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့၏ဒုတိယသမီး၊ မမြတ်သက်ဝေ (တတိယနှစ်၊စီးပွားရေးတက္ကသိုလ်၊ ရွှာသာကြီး)၏ ညီမ၊ မမြတ်ထက်မွန် (အဋ္ဌမတန်း–ဃ)၊ မချစ်ထွေးသော်(ပဉ္စမတန်း–ဂ၊ အထက–၂၊ လသာ)တို့၏ အစ်မ မခင်ဖြိုးကြည်သည် စင်ကာပူနိုင်ငံ၌ ၁၈–၁–၂၀၀၄ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၁–၂၀၀၄ ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ မွန်းလွဲ ၂း၃၀ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(ဆေးရုံကြီးအအေးခန်းမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဆွေ(ခ)ဦးမြင့်ရွှေ
UK သကြားစက်နှင့်ပွဲရုံလုပ်ငန်း

ပျော်ဘွယ်မြို့၊ မန္တလေးတန်းရပ်နေ (ဦးကြီးခိုင်)–ဒေါ်ကြည်တို့၏သားကြီး၊ ဦးခင်မောင်လွင်၊ ဒေါ်ချို၊ ကိုအောင်သန်းဝင်း၊ ကိုအောင်မြင့်ဝင်းတို့၏အစ်ကို၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊မမကြည်ခိုင်၏ဖခင်ဦးမြင့်ဆွေ(ခ)ဦးမြင့်ရွှေသည် ၁၆–၁–၂၀၀၄ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသောင်းတင်ပွဲရုံမိသားစု။

ဒေါ်ခင်ပု (အိုင်သပြု)
လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်
(မြို့မကျောင်း၊ ရန်ကုန်ဟိုက်စကူးကျောင်း၊အထက–၁၊ ပုဇွန်တောင် ဆရာမဟောင်း) ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အထက(၁၀) တာမွေ
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းသစ်ရိပ်သာ၊ တိုက်အမှတ် ၇၊ အခန်းအမှတ် ၈ နေ (ဦးမြဒင်–ဒေါ်ကျော့ခင်)တို့၏ သမီး၊ (ဦးဘိုးဒွေး–ဒေါ်ဝါနု) တို့၏ သမီးချွေးမ၊ ဦးစော (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)၊စာပေဗိမာန်၏ဇနီး၊မမြတ်သီတာဦး (ICT Department ILBC)၊ မကျော့ကေခိုင်ဦး(ရှုပဗေဒဌာန၊အနောက်ပိုင်း တက္ကသိုလ်)၊ မောင်ငြိမ်းချမ်းဦး–မစုစုချစ်၊ မောင်မင်းမင်းသီဟ(မြန်မာ့ ဓနမင်္ဂလာဇင်း)၊ မဆုမွန်သီဟ(3rd M.B IM -I)၊မေသန့်စင် (1st M.B.IM-II)၊ အိအိသန့်စင်၊ ဖူးသန့်စင် (အထက–၂၊ သဃ်န်းကျွန်း)၊ ထက်မြက်သိန်းတန်၊ ဟိန်းထက်သိန်းတန် တို့၏ အဘွားသည် ၂၀–၁–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက်၇း၃၀နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၁–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊[အမှတ်(၂) တပ်မတော်ဆေးရုံမှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မိုးစိန်(ခ)ဒေါ်ခင်ညွန့်
(စစ်တွေ)
အသက်(၈၃)နှစ်

စစ်တွေမြို့နေ (ဦးကြာထွန်းဦး–ဒေါ်သန္တာခိုင်)တို့၏ ချွေးမ၊ (ဦးစန်အောင်–ဒေါ်စိန်ကျော့ဦး)တို့၏တစ်ဦးတည်းသောသမီး၊ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မင်္ဂလာဖေျာ့လမ်း(တာမွေစာတိုက်ရှေ့)၊ အိမ် အမှတ် ၉ နေ (ဦးအောင်ကျော်)၏ ဇနီး၊ ဦးရွှေကျော်(စာရေးဆရာရွှေကျော်ဦး)–ဒေါ်မြညွန့်၊ဦးသန်းထွန်း–ဒေါ်လှလှတင်၊ ဦးစိုးပိုင် (ပန်းချီ ရဲမာန်)–ဒေါ်မြင့်မေ၊ ဒေါ်သင့်သင့်အောင် (သရုပ်ပြ၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်ဖြူဖြူအောင် (J.A.T.၊အလက–၁၊တာမွေ)–ဦးကျော်မြင့်တို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘောင်ရှင်၊ မြစ်တစ်ယောက်တို့၏ အဖီးရှင်သည် ၂၁–၁–၂၀၀၄ရက် နံနက် ၁၂း၄၀နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃–၁–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

Mr.J.D.Voss
အထွေထွေမန်နေဂျာ (ပုဂံဟိုတယ်)
အသက်(၆၄)နှစ်

Mr.Sandra Renna နှင့် Stefano Menegalli တို့၏ဦးလေး၊ ဆွစ်ဇာလန်နိုင်ငံ နေ Ms. Marlies Menegalli ၏ အမြွာအစ်ကိုသည် ၁၈–၁–၂၀၀၄ရက် ည၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၃–၁–၂၀၀၄ရက် နံနက်၈း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ အင်းလျားခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ သယ်ဆောင်၍ ဈာပနဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြူကြူမြင့်
(ငါးလုပ်ငန်းဦးစီးဌာန)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ရွှေပေါက်ကံမြို့နယ်၊(၁၆) ရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ် ၂၅၈ နေ (ဦးထွန်းရှိန်)–ဒေါ်စန်းကြည် တို့၏ သမီး၊ ဦးကိုမြင့်(မထသ)–ဒေါ်တင်တင်ဝင်း၊ ဦးအောင်ဇော်ဝင်း (တပ်မတော်–ရေ၊ငြိမ်း)–ဒေါ်မာမာမြင့်၊ ဦးအောင်ကြိုင် (Myanmar King Fish Ltd.)–ဒေါ်မှုမှုမြင့်(ငါး/ဦးစီး)တို့၏ညီမ၊ ဦးဘဏ်သိန်းမောင်(ပြည် တွင်းရေကြောင်း)–ဒေါ်မော်မော်မြင့် (မ/ဥ ဘဏ်)၊ တပ်ကြပ်ကြီးထွေးမြင့်၊ ဦးယဉ်ထွေး(အိုးအိမ်)–ဒေါ်ညိုညိုမြင့်(အိုးအိမ်)တို့၏အစ်မ၊ တူ တူမ ၁၁ ယောက်တို့၏ အဒေါ်သည် ၂၁–၁–၂၀၀၄ ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃–၁–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ
(ရေစကြို/ မြိုင်)
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ နိပဆေးတော၊ ပြည်တော်အေး၊ အောင်ချမ်းသာရွာ၊ ဆုတောင်းပြည့်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ စန္ဒောဘာသ သက်တော်ရှည် ဆရာတော်ဘုရားကြီးသည် ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၇ ရက် (၂၉–၁၂–၂၀၀၃)ရက် ည ၁၂း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂ ရက်၊ (၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၆၊ ၁၇)နေ့များတွင် အန္တိမဈာပနသာခုကိစ္စနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့်တပည့်ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ ရေစကြိုမြို့နယ်
နိပဆေးတောရွာနှင့်၊ မြိုင်မြို့နယ်၊ ပြည်တော်အေးရွာ၊ အောင်ချမ်းသာရွာ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ဥတ္တရ မဟာထေရ်
မြို့နယ်သံဃနာယကအဖွဲ့ဝင်
နာရေးကူညီမှုအသင်း(ရန်ကုန်)ဩဝါဒါစရိယ
သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၄၁)ဝါ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက်၊ ဇောတိကာရာမ ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဥတ္တရ မဟာထေရ်သည် ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် (၂၀–၁–၂၀၀၄ ရက်)အင်္ဂါနေ့ ည ၁၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၃ ရက်၊ (၂၄–၁–၂၀၀၄)ရက် စနေနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များ၊ ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(ညနေ ၃ နာရီတွင် ဗြဟ္မဝိဟာရကျောင်းတိုက်မှကားများ စတင်ထွက်ခွာပါမည်။)

တပည့်သံဃာတော်များ၊ ဒါယကာ ဒါယိကာမများနှင့်
ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တဥတ္တရ မဟာထေရ်
မြို့နယ်သံဃနာယကအဖွဲ့ဝင်
နာရေးကူညီမှုအသင်း(ရန်ကုန်)ဩဝါဒါစရိယ
သက်တော်(၆၆)နှစ်၊ သိက္ခာတော် (၄၁)ဝါ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက်၊ ဇောတိကာရာမ ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ဖြစ်တော်မူသောကရင်ပြည်နယ်၊ဖာပွန်မြို့နယ်၊ကော့ကရက်ကျေးရွာနေ၊ ခမည်းတော် ဦးစံငြိမ်း–မယ်တော် ဒေါ်ငွေခြိတို့၏သား၊ ဦးကြာရွှေ–ဒေါ်အေးသန့်၊ ဦးရွှေအုန်း–ဒေါ်ရွှေမြင့်၊ ဦးထွန်းလှ–(ဒေါ်တင်ထွေး)၊ ဦးအုန်းကျော်–ဒေါ်အေးပု တို့၏နောင်တော်ကြီး ဘဒ္ဒန္တဥတ္တရမဟာထေရ်သည် ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် (၂၀–၁–၂၀၀၄ရက်) အင်္ဂါနေ့ ည ၁၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ ခုနှစ် တပို့တွဲကဆန်း ၃ ရက်၊ (၂၄–၁–၂၀၀၄ရက်) စနေနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ (ညနေ ၃ နာရီတွင် ဗြဟ္မဝိဟာရကျောင်းတိုက်မှကားများ စတင်ထွက်ခွာပါမည်။) တပည့်ဒါယကာ၊ ဒါယိကာမများ။

Smt.A.Parvathi Devi
(Retd.Teacher, Ex: Mrs. Henery School)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ် ၈၆၊ လေးလွှာနေ (Mr.A.Araj) အကြီးတန်း ဘာသာပြန်(ငြိမ်း) ဗဟိုတရားရုံး၏ဇနီး၊ ဦးဘာဘူ (ခ)Nigle Raj၊ ဒေါ်အေးအေးခိုင် (ခ) Joan Raj (M.P.P.E–ငြိမ်း)၊ ဦးစံတိုး (ခ) Stanley Raj A.Sujatha–ဦးအောင်လှိုင်မော်တို့၏ မွေးသမိခင်၊ မအိမ့်လှိုင်ဖူး(ခ)Vidya ၏အဘွားသည် ၂၁–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂–၁–၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ရေဆေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောဂျောလေ
လူဝင်မှုကြီးကြပ်ရေးမှူး(ဟောင်း)
အုပ်ချုပ်ရေးအရာထမ်း–၃ (ငြိမ်း)
အမှတ်(၂)သတ္တုတွင်းတူးဖော်ရေး ကော်ပိုရေးရှင်း၊ ရန်ကုန်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၄၀၄ က၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကရင်ခြံရပ်ကွက်နေ (စောမောင်ကျင်–ဆရာမဒေါ်ရွှေလှိုင်)တို့၏သား၊ (ဆရာမ နော်လူးဝစ်ကျင်)၊ ဆရာမ နော်ရီးနာ တို့၏ မောင်၊ (နော်ထူးလူ)၏ ခင်ပွန်း၊ စောထီနေထူး(ကညနတိုင်းရုံးမန္တလေး)–ဒေါ်ဆွေဆွေလွင်၊ နော်ထီနေဖော–စောရစ်ချတ်၊ စောထီနေမူး၊ စောထီနေစေး–နော်သောသီ၊ စောထီနေစိုး (The First Automotive Co., Ltd.)၊ နော်ထီနေထား–စောတာမလာထူ(Grand Plaza)၊နော်ထီနေသော–စောလေးဒို(Savoy Hotel)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည်၂၁–၁–၂၀၀၄ ရက် နံနက် ၉း၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၄–၁–၂၀၀၄ရက် (စနေနေ့) နံနက် ၉း၃၀ နာရီ၌ ဗင်တန်အောက်မေ့ဖွယ်ရာဘုရားကျောင်း (အလုံ အထက–၁ ကျောင်းအနီး)တွင် ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်သုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

တကကသက်ထွန်း (ငြိမ်း)
(ကျောက်ဖြူမြို့)
အသက်(၆၆)နှစ်

ကျောက်ဖြူမြို့နေ (ဦးရွှေသာထွန်း–ဒေါ်အောင်ပု)တို့၏သား၊ ဦးကျော်ဇံ–ဒေါ်ကြည်ပုတို့၏ မောင်၊ မော်လမြိုင်မြို့နေ (ဦးအောင်စိန်–ဒေါ်စောမြိုင်)တို့၏ သားသမက်၊ မင်္ဂလာဒုံ မြို့ အိမ်အမှတ် ၉၈၊ အနော်ရထာလမ်း၊ အနန်းပင်မြောက်ပိုင်းနေ ဒေါ်မြတ်လှ၏ ခင်ပွန်း၊ ဦးအေးမင်းသူ (UMW Co., Ltd.)–ဒေါ်စန်းရင်ကြည်၊ ဦးထွန်းထွန်းကြည် (Liz Star Shipping Co., Ltd.)–ဒေါ်ဝင်းပပ (ဝင်းမေတ္တာကုန်စုံဆိုင်)၊ ဦးရဲမင်းသူ–ဒေါ်ဝင်းသီဂီ (မင်္ဂလာဒုံမြို့နယ်ကျန်းမာရေးဦးစီးဌာန)၊ မောင်နိုင်လင်းသူတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးဖြစ်သူသည် ၂၁–၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃–၁–၂၀၀၄ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးကြည်(B.Ed)
(Iris Lim)
အထက်တန်းပြ(ငြိမ်း)၊ အထက(၁)လမ်းမတော်
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၉၀၊ ရွှေတောင်တန်းလမ်းနေ (ဦးဂျင်ဟိုက်–ဒေါ်အိအိ)တို့၏သမီး၊ မောင်အောင်သူ၊ မစုစုဝင်း–မောင်ညီငြိမ်းအေး၊ မခိုင်ဇင်ဦး၊ မလဲ့လဲ့ဝင်း–မောင်ကျော်နိုင်၊ မသင်းသင်းဝင်း၊ မသီသီမြင့်၊ Hester, Harryနှင့် မောင်စိုးထွန်းအောင်တို့၏အဒေါ်၊ မယုမဒီအေး၏ဘွားလေးသည် ၂၀–၁–၂၀၀၄ရက် နံနက် ၄း၅၅နာရီတွင်ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃ နာရီတွင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူတူ တူမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်
ဘဒ္ဒန္တ သာသနမဟာထေရ်
သက်တော် (၉၀)၊ သိက္ခာတော် (၇၀)

ရန်ကုန်တိုင်း၊ တောင်ပိုင်းခရိုင်၊ သုံးခွ မြို့၊ သုံးသန်ကျောင်း(သဲအင်းဂူ) သာသနာ့ အောင်ဗိမာန်ကျောင်းတိုက်၊ ဝိဇ္ဇောဒယဘုန်း တော်ကြီးသင်ပညာရေး ကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယကနိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသာသနမဟာထေရ်သည် ၁၃၆၅ခုနှစ် ပြာသိုလကွယ်နေ့ (၂၁–၁–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော် မူပါကြောင်းတပည့် ဒကာ၊ ဒကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

(ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ဆရာတော်ဘဒ္ဒန္တ ကုမာရနှင့်
တပည့်ဒကာ၊ ဒကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဇာဂရသိဒ္ဓိ
ဘိုကလေးဂိုဏ်းချုပ်ဆရာတော် ဥက္ကဋ္ဌ
ရပ်/ကျေး သံဃနာယကအဖွဲ့
လက်ပန်ချောင်ကျေးရွာ၊ သုံးခွမြို့နယ်
သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ လက်ပန်ချောင်ကျေးရွာ၊ ကျောင်းသစ်ကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇာဂရသိဒ္ဓိသည် ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက် (၁၈–၁–၂၀၀၄ရက်) တနင်္ဂနွေနေ့ ညနေ ၆း၂၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ်တပေါင်းလဆန်း ၁၀ရက် (၂၉–၂–၂၀၀၄ရက်) တနင်္ဂနွေနေ့တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်
ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကေလာသ
သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ နတ်ချောင်းကျေးရွာဟောင်းနေ ဆရာတော်ဘဒ္ဒန္တ ကေလာသ၏ ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၁၃ရက်(အင်္ဂါနေ့)မှစ၍ တပို့တွဲလပြည့်နေ့(ကြာသပတေးနေ့)အထိ ၃–၂–၂၀၀၄ရက်မှ ၅–၂–၂၀၀၄ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ပြီး အန္တိမအဂ္ဂိဈာပန မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေး ရပ်နီးနေ တပည့် ဒါယကာဒါယိကာမများတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီနှင့် တပည့်ဒါယကာဒါယိကာမများ
နတ်ချောင်းရွာဟောင်း၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်။

ဦးစံထွန်း
အသက်(၈၃)နှစ်

ဧရာဝတီတိုင်း ဟသာ်တခရိုင် နိဗ္ဗာန်တိုက်နယ် သရက်အုပ်ကျေးရွာနေ (ဦးဖိုးကွန်း – ဒေါ်မယ်ရင်)တို့၏သား၊ ဦးဝင်းမောင်–ဒေါ်မြဝင်း၊ ဦးခင်လှိုင်–ဒေါ်ခင်စော၊ ဦးခင်မောင်ဝင်း– ဒေါ်သန်းလှ၊ ဦးလှထွန်း–ဒေါ်အုန်းမြ၊ (ဦးစံသိန်း)–ဒေါ်အေးသိန်းတို့၏ဖခင်၊ မြေး ၁၅ယောက်တို့၏ အဘိုး၊ ဒေါ်မြရီ၏ ခင်ပွန်းသည် အမှတ် ၃၀၆ နတ်သျှင်နောင်လမ်း (၃၅)ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)နေအိမ်၌ ၂၀–၁–၂၀၀၄ ရက်(အင်္ဂါနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၁–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြည်လှ
ကုန်းလမ်းပို့ဆောင်ရေး
ခပ(၁၂)လိုင်း
အသက်(၅၇)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာနေ ဦးဝိမလ(ခ) ဦးအေးမောင်–ဒေါ်ခင်ရွှေ]တို့၏သား၊ ဦးသောင်းလှ–ဒေါ်စန်းစန်းမြင့်၊ ဦးတင်သောင်း–ဒေါ်အေးအေးဆွေတို့၏အစ်ကို၊ ပဲခူးမြို့၊ ရွှေဂူလေးဘုရား လမ်း၊ အမှတ် ၉၉၅ နေ (ဦးထွန်း)–ဒေါ်အမာ တို့၏ သားသမက်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးတင်ရွှေ တို့၏ မောင်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ မြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာ ၃လမ်း၊ အမှတ် ၁၀၇၄နေ ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်ခင်၏ခင်ပွန်း၊ ကိုညဏ်ဝင်း၊ကိုမင်းဇော်(လွှယ်ဟိန်းကုမ္ပဏီ)–မခင်နှင်းမေ၊ ကိုသန်းစိုးတို့၏ဖခင်သည် ၂၁–၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃–၁–၂၀၀၄ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်မမကြီး
အသက်(၉၁)နှစ်

သာကေတမြို့၊ ၂/တောင်ရပ်ကွက်၊ ဇော်တရုံလမ်း၊ အမှတ်၆၇၆နေ (ဦးဘိုးမြစ်–ဒေါ်မြသူ)တို့၏သမီး၊ (ဗိုလ်ကြီးသန်းစိုး)၊ (ဦးမြင့်ဝေ)–ဒေါ်ခင်သိန်း၊ ဦးခင်ဝင်း–ဒေါ်သန်းစိန်၊ ဒေါ်သီတာ တို့၏မိခင်၊ (ဦးစိန်ရွှေ ရပကရ၊ငြိမ်း)၏ ဇနီး၊ မြေး၂၇ယောက်တို့၏အဘွားသည် ၂၀–၁–၂၀၀၄ရက်(အင်္ဂါနေ့)နံနက်၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၁–၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ရဲဝင်းပို(ခ)ဖိုးမဲ
B.A(Myanmar)
Ginnacle Import & Export Pte.,Ltd.
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နေ ဦးမြင့်အောင်(ထွေ/ဂျာငြိမ်း၊မြန်မာ့သစ်လုပ်ငန်း)–ဒေါ်တင်ညွန့်တို့၏မြေး၊ ၃၄/၁၁၄၇၊သင်းဝင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးချိန်ပို(လ/ထ မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်ခင်ညိုလှိုင် (လ/ထ မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း) တို့၏သား၊ မကျော့ကျော့ပို၏မောင်၊ ရွှေပြည်သာမြို့နေ ဦးလှဝင်း(နေလအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)–ဒေါ်ဒေါင်းဆင့်တို့၏သားသမက်၊ ကိုကံမြင့်ဦး–မဇင်မာမြင့်တို့၏ညီ၊ မအိအိသင်း၏ခင်ပွန်း၊ ဦးတင်ထွန်း–ဒေါ်သစ်သစ်၊ ဦးမေတ္တာအောင် - Mrs.Nan၊Mr. Bob Steber – ဒေါ်စန္ဒာအောင် (Ginnacle Import& Export Pte.,Ltd.)၊ဦးလွင်အောင်(Ginnacle Import&Export Pte., Ltd.)–Mrs. Yamamoto Kinuyo၊ ဒေါ်မာလာအောင်တို့၏တူ၊ မောင်မင်းသူရအောင်၊ မောင်ဇေသူရအောင် တို့၏ အစ်ကိုသည် ၁၉–၁–၂၀၀၄ ရက် နံနက် ၅း၂၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃–၁–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

မြန်မာ့ကျန်းမာရေးကဏ္ဍတိုးတက်အောင်မြင်မှုများ အရှိန်အဟုန်မြင့်မား ကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများစနစ်တကျဆောင်ရွက်နေ

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က ဖွင့်လှစ်ခဲ့သော ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် တိုက်ရိုက်သင်ကြားပေးနေသည့် မကွေး ဆေးတက္ကသိုလ်၏ သင်ကြားရေး သုံးထပ်ဆောင် သစ်ကြီး။

အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ နိုင်ငံဆရာဝန်အသင်း အကြိမ် (၅၀)မြောက် ဆရာဝန်ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်အမှာစကားပြောကြား စဉ်။

သတင်းဆောင်းပါး — မြင့်လွင်၊ ဓာတ်ပုံ — ကျော်ဇေယျနှင့် မောင်မောင်သန်း — သတင်းစဉ် (ပြည်တွင်း)

ရန်ကုန် ဇန်နဝါရီ ၂၁

သက်တမ်းကာလ (၅၅)နှစ် ရှည်ကြာစွာ ရပ်တည်ခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံဆရာဝန်အသင်းကြီး၏ အကြိမ်(၅၀)မြောက်ရွှေရတုဆရာဝန်ညီလာခံကြီးကို ဇန်နဝါရီ ၁၄ ရက်က ခမ်းနားသိုက်မြိုက်စွာ အစဉ်အလာမပျက် ကျင်းပနိုင်ခဲ့သည်။ ထိုသို့ ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံဆရာဝန်အသင်းကြီး၏ အလံတော်အောက်တွင် ဆရာဝန်ကြီးများ တစ်သွေးတည်း၊ တစ်သံတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ခိုင်ခိုင်မြဲမြဲ ရပ်တည်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားအတွက် အမျိုးသားရေးစိတ်ဓာတ် တစ်နည်းအားဖြင့် မိသားစုစိတ်ဓာတ် ကိန်းအောင်းနေမှုကြောင့်ဖြစ်သည်။ အရေးကြီးလျှင် သွေးနီးသည်ဆိုသည့် မြန်မာ့ဆိုရိုးစကားနှင့်အညီ စည်းလုံးညီညွတ်ခြင်းကို ပြဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ *စာမျက်နှာ ၁၁ ကော်လံ ၄* ❐

ယနေ့ထုတ်ဓာတ်ရေ ၂၀၁၁၈၈

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



အော့ဇ်ဆက်ကပ်အဖွဲ့လေ့ကျင့်

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင်အော့ဇ်ဆက်ကပ်အဖွဲ့ဖျော်ဖြေတင်ဆက်ခြင်းမပြုမီ ကျွမ်းဘားသမားတစ်ဦးသည်သတ္တုစက်ဝိုင်းအတွင်း ဤသို့အစမ်း လေ့ကျင့်သည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ချူကလီးယားဆန့်ကျင်ဆန္ဒပြ

ပြင်သစ်အစိုးရပိုင် အေရီဗာအုပ်စုနှင့် ဂျာမန်ဆီးမင်းကုမ္ပဏီတို့ အကျိုးတူပူးပေါင်းလျက် ဖင်လန်နိုင်ငံတွင် တည်ဆောက်မည့် ယူရိုသုံးဘီလီယံ (ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ)တန် ဥရောပ ဖိအားသုံး ရေဓာတ်ပေါင်းဖိုကို ချူကလီးယား ဆန့်ကျင်သူ ၁၀၀၀၀ က ပါရီမြို့၌ ဆန့်ကျင်ကန့်ကွက်ဆန္ဒပြစဉ်။ (လူတစ်ဦးက ယာပုံတွင်ပါသည့် အတိုင်းကန့်ကွက်ဆန္ဒပြခဲ့သည်။)

(အေအက်ဖ်ပီ)

သံလိုက်ဓာတ်အားသုံးမောင်းသည့်ရထား

ပြေးလမ်းနှင့်မထိဘဲ ပျံကြွကာသံလိုက်ဓာတ်အားသုံးပြီးမောင်းနှင်သည့် ကမ္ဘာ့ပထမဆုံးမက်ဂ်လက်ဗ်အမည်ရှိရထားကိုတရုတ်နိုင်ငံ ရှန်ဟဲဘူတာရုံ၌ ဤသို့တွေ့ရသည်။ **(ဝဲပုံ)** မက်ဂ်လက်ဗ်သည် လောင်ယန်ဘူတာရုံနှင့် ပူဒွန်နိုင်ငံတကာဆိုင်ရာ လေဆိပ်အကြား ပုံမှန်ဝန်ဆောင်မှုကို ယခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ခဲ့သည်။ ယာဉ်၏အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၄၃၀ နှုန်းဖြစ်သည်။

(အေပီ)

အိုင်တီနည်းပညာဖွံ့ဖြိုးမှုနောက်ကျမကျန်ရစ်စေရေး နိုင်ငံတော်အစိုးရကအထူးဦးစားပေးဆောင်ရွက်နေ

တွေ့ဆုံမေးမြန်းသူ — မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း — သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၁

ယနေ့ခေတ်သည် အိုင်တီနည်းပညာခေတ်ဖြစ်ရာ နိုင်ငံတကာတွင် အိုင်တီနည်းပညာဖွံ့ဖြိုးတိုးတက်မှုကို မြန်မာနိုင်ငံက နောက်ကျကျန်ရစ်မနေစေရန် နိုင်ငံတော်အစိုးရက အထူးဦးစားပေးဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံသည် အိုင်တီနည်းပညာဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ အောင်မြင်စွာရောက်ရှိစပြုပြီဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ▼

ခေတ်မီနည်းပညာများသုံးစွဲပြီး ပြည်သူများကို ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှပြသထားသော အိုင်တီနည်းပညာသုံးပစ္စည်းများကို ပြပွဲလာပြည်သူများကြည့်ရှုနေစဉ်။
ဓာတ်ပုံ — သိန်းဝင်းလေး (မြန်မာ့အလင်း)